www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

သူ သ ဂ လျှင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၃၊ မတ်။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

မမသဒ္ဒါမောင် ၈၉၅.၈၃

သူသာလျှင် / မမသဒ္ဒါမောင်။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၃ ။
၂၆၃ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) သူသာလျှင်

BURMESE CLASSIC .com

# မမသဒ္ဒါမောင်

# သူသာလျှင်

www.burmeseclassic.com

www.burmeseclassic.com





ဘဝဆိုတာ ရှည်လျားတဲ့ခရီးတစ်ခုပါပဲ…ဒီတော့ ပန်းတိုင်ဆိုတာ ရှိရမှာဖြစ်သလို အဲဒီပန်းတိုင်ကိုရောက်ဖို့အတွက် မှန်ကန်တဲ့ လမ်းတစ်ခုကိုလည်း ရွေးချယ်တတ်ရမှာမဟုတ်လား။ ဘာမဆို စိတ်ရှည်ရှည်နဲ့ အလေးအနက်ဆုံးဖြတ်ပြီးမှ လုပ်တတ်တဲ့ အမျိုးသားတစ်ယောက်ဆိုတာ သူပါပဲ။ ဒါမှသာ အမှားအယွင်းမရှိတဲ့ မှန်ကန်တဲ့ရည်ရွယ်ချက်က ပြည့်စုံအောင်မြင်နိုင်မှာလေ…

ဘုန်းမြတ်သိင်္ဂီ





အပင်ဆိုတာ အမြစ်ခိုင်မှဖြစ်သလို အဆောက်အဦဆိုရင်လည်း အုတ်မြစ်ခိုင်မှသာ မြဲမြံနိုင်မှာပါ။ ဒီလိုပဲ စနစ်တကျတည်ဆောက်ဖို့ ရည်ရွယ်ချက်နဲ့ အချစ်တစ်ခုကို သူမကိုယ်တိုင် ရွေးချယ်နိုင်ခဲ့တာပင်။ သို့သော် ကံကြမ္မာဆိုတဲ့အရာကို လျစ်လျူရှုမေ့လျော့နေခဲ့မိသည့်သူမရှေ့မှာ ကြီးမားသည့်အပြောင်းအလဲကြီးတစ်ခု ဖြစ်သွားခဲ့လိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးမိခဲ့ပါချေ။ ဟောဒီရင်ဘတ်ကြီးကို ဘာမှမကျန်နိုင်အောင် ဟင်းလင်းပြင်ဖြစ်စေခဲ့သည့်အရာကတော့ဖြင့်….

မေဝေယံဖြူ





www.burmeseclassic.com

www.burmeseclassic.com



"ပိုးရှေးရှေးတုန်းက" ဆိုပြီး ရာဇဝင်ပြန်ရှာနေတဲ့ အတိတ်ကိုပြန်လှည့်မကြည့်တတ်တဲ့ ကောင်မလေးကတော့ သူကိုယ်တိုင်ပါပဲ။ စိတ်ဆိုတာ ရေတိုင်းရှိုးနောက်ထဲမှာ ရှိသလို အမြန်ပြောင်းလေ့တတ်တဲ့အရာတစ်ခုပါလေ။ ဒီတော့ ခုတစ်မျိုး တော်ကြာတစ်မျိုး လုပ်တတ်သည့်အကျင့်မျိုး ရှိသလို ပန်းပွင့်လေးတွေကို ပိုကြူးသည်ကြူး ရွေးတတ်သည့် လိပ်ပြာလေးလိုပဲ ဖြစ်နေတာ မဆန်းကြပါ။ ဘာဖြစ်သေးလဲ လောကမှာ Choice ဆိုတဲ့ Chance ကို သူတိုင်း ယောက်ျားလေးတွေပဲ အခွင့်ရနိုင်တာမဟုတ်ပါလား…

ရဲထက်မာန်





နီကတော့ ဘဝကိုလက်တွေ့ခန်းလို့ပဲ ယူဆထားပါတယ်။ မနက်ဖြန် ဘာဖြစ်မယ်ဆိုတာထက် ဒီနေ့ဘာဖြစ်အောင်လုပ်မယ်ဆိုတာက ပိုအရေးကြီးတယ်လေ။ မျက်စိတစ်ဆုံး မျှော်ငေးပြီး လေးလေးနက်နက်တွေးတောကြည့်နေတာထက် မျက်တောင်တစ်ခတ်အတွင်းမှာ ဖြစ်ပျက်တတ်တာကိုသာ အလေးအနက်ထားတတ်တဲ့သူတစ်ယောက်ပါ။ 'နီ'အတွက်ကတော့ အနာဂတ်ထက် လက်ရှိပစ္စုပ္ပန်ကသာ ပိုပြီးအရေးပါပါတယ်။ ရှင်းရှင်းပြောရရင် 'နီ'က စိတ်မြန်လက်မြန်လုပ်တတ်တဲ့သူတစ်ယောက်ပါပဲ....

နီနီညို



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)



လူဆိုတာ ကိုယ့်ဖို့ပဲ သိတတ်ကြတာ သဘာဝပေမယ့် သူ့ဘက်ကိုယ့်ဘက်ငဲ့တတ်တဲ့ ကိုယ်ချင်းစာစိတ်တော့ ရှိထားသင့်ပါတယ်။

နီနီညို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

### မြေထဲပင်လယ်ဟိုတယ်

Hotel ဆိုင်းဘုတ်ကို တစ်ချက်မော့ကြည့်လိုက်ပြီး ပြုံးလိုက်မိပါ၏။ ဘာလိုလိုနဲ့ ဒီဟိုတယ်မှာ ဝန်ထမ်းလုပ်နေတာက ခြောက်လကျော်ရှိနေပြီလေ။ 'နီ'တို့ဟိုတယ်က နာမည်ကြားရုံမျှဖြင့် ရင်ထဲထိ အေးစိမ့်သွားသလိုနှယ် ခံစားမှုဖြစ်စေတာပင်။

ပင်လယ်ကမ်းခြေမှာရှိသည့်ဟိုတယ်မဟုတ်ပေမယ့် မြစ်ကမ်းကို ကျောပေးတည်ဆောက်ထားတာမို့ ဒီမြစ်ကိုဖြတ်ပြီး တိုက်ခတ်လာသည့်လေက အမှန်တကယ် သန့်စင်အေးမြနေတာပင် မဟုတ်ပါလား။

လက်မှာပတ်ထားသည့် ကြိုးအမည်းရောင်တပ် ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ရောင်နာရီလေးကိုကြည့်လိုက်တော့ ညနေခြောက်နာရီကျော်နေပေပြီ။ ဒါကြောင့်မို့ ဟိုတယ်မျက်နှာစာမှာ မီးတွေထိန်ထိန်လင်းနေတာကိုး။ ဟိုတယ်ရှေ့မှလမ်းကိုဖြတ်ကာ ကုန်းလမ်းလေးကိုဖြတ်တက်ခဲ့ပါ၏။ 'နီ'နေသည့်အိမ်က တစ်ဖက်ကားဂိတ်မှကားကိုစီးမှ ရောက်တာကိုး။ ကားလမ်းကိုမဖြတ်ခင် အင်္ကျီအိတ်ကပ်ကို စမ်းလိုက်မိ၏။

"ကျစ်! မေ့ပြန်ပြီ"

Uniform လဲစဉ်က Locker ထဲမှာ နီ့ပိုက်ဆံအိတ်သေးသေးလေး ကျန်ခဲ့ပြီထင်ပါရဲ့။ နောက်ကိုပြန်လှည့်ရတော့မှာပါပဲ။ စိတ်ရှုပ်လိုက်တာနော်။ ဒီလိုနောက်ကြောင်းပြန်လုပ်ရတဲ့အလုပ်လောက် စိတ်ညစ်စရာကောင်းတာ မရှိတော့တာကိုး။

"တီ!. . ."

လမ်းအလယ်ရောက်စဉ် ဟွန်းတီးလိုက်သည့် ခေါင်မိုးပျောက် ကားဝါလေးကြောင့် ခြေလှမ်းကိုရပ်ပေးလိုက်ရ၏။ နီ့ရှေ့ခပ်လှမ်းလှမ်းမှာ ရပ်သွားသည့်ကားဝါလေးပေါ်မှ နေကာမျက်မှန်တပ်ထားသည့်လူငယ်တစ်ယောက် တံခါးဖွင့်ဆင်းလိုက်လေသည်။ ရှုံးများလိုက်တာနော်။ နေရောင်မရှိတော့တာတောင်မှ ဒီနေကာမျက်မှန်အမည်းရောင်ကိုပဲ ထုတ်ပြီးတပ်ထားရတယ်လို့။





ဧည့်သည်တွေဝင်သည့် Hotel ရှေ့ပေါက်မှမဝင်ဘဲ ဝန်ထမ်းတွေ Card ဖြတ်ရသည့်ဘေးပေါက်မှ တံခါးကိုတွန်းဝင်လိုက်ပါ၏။ ဒီအပေါက်က Reception Counter ဘေးမှ ဝင်ရသည့်တံခါးလည်းဖြစ်တာမို့ Night duty ဝင်နေပြီဖြစ်သည့်အပြုံးတို့ရှိနေလေသည်။

"ဟော! အတော်ပဲ"

ဧည့်ခန်းဆောင်မှာ File ဖွင့်၍အလုပ်ရှုပ်နေသည့် မန်နေဂျာ ဦးအောင်မြင့်က နီ့ကိုလှမ်းမြင်လိုက်တာမို့ လက်ညှိုးညွှန်ကာခေါ်ချေပြီ။ ဘာလဲ. . . နီ့ duty ကပြီးပြီမို့ ပြန်တော့မလို့ဟာကို၊ ပိုက်ဆံအိတ်မေ့ကျန်ခဲ့လို့ လှည့်ပြန်မိတာလေ။

"လာဦး. . . နီနီ"

"ဘာလဲ လေးလေးရဲ့"

"ညည်းပြန်လို့မရတော့ဘူး၊ Hotel ကို ဧည့်သည်တွေရောက်နေလို့"

"အာ. . . နီ့ duty ကပြီးနေပြီဟာ။ ဒီညနေဝင်တဲ့ Staff တွေရှိတာပဲကို။ သိဘူး. . . နီပြန်တော့မယ်"

"မရလို့ပေါ့ မိနီရဲ့၊ ညဘက်ဆင်းတဲ့ Staff တွေက ကျွမ်းကျင်ကြတာမဟုတ်ဘူး။ ညည်းက သွက်သွက်လက်လက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ။ ညှို့သည်တွေ ပြုံကျလာပြီဆိုနေမှ ဒင်းက စျေးကိုင်နေသေးတယ်''

''ဘယ်မှာပြုံကျလို့လဲ၊ နို့မြင်တာဖြင့် Model boy လိုကောင်လေးတစ်ယောက်တည်းကိုများ''

''အေး. . . အဲဒီကောင်လေးနောက်မှာ တစ်ပြုံတစ်မကြီး ပါလာတာမမရေ့။ လျှာရှည်မနေနဲ့၊ Uniform မြန်မြန်လဲ။ ပြီးရင်ထွက်ကြို''

သေစမ်း! အိမ်ပြန်ရင် ရေတစ်ဝကြီးချိုးပြီး မေမေအဆင်သင့်ပြင်ထားပေးသည့် ရေတ်သီးငါးပိချက်ကို ဘူးညွန့်ပြုတ်၊ ကန်စွန်းညွန့်ပြုတ်တို့ဖြင့် သရက်သီးစိမ်းကလေးကိုက်ပြီး အားရပါးရစားချင်ပြီဆိုကာမှ ဆာနေသည့်ဗိုက်ပင် ဘယ်ပျောက်သွားရသည်မသိ။ Night duty ဆက်ဆင်းရတော့မှာလေ။

''သွားလေ၊ မြန်မြန်လုပ်။ မျက်နှာကို အဲဒီလိုရှုပ်မထားနဲ့ဦး''

''နီ ရေတောင်မချိုးရသေးဘူး လေးလေးရဲ့။ တစ်ကိုယ်လုံး ချွေးစော်နံနေပြီဟာကို''

''မနက်က အိမ်မှာချိုးလာခဲ့တယ်မဟုတ်လား။ ညည်းနား ဘယ်သူမှ အနံ့ခံကပ်မနေဘူး။ ညှို့သည်တွေ နေသားတကျ





ဖြစ်သွားရင် ဒီမှာပဲချိုးလိုက်။ ကြိုးကျယ်ပ့ါ ဒေါ်နီနီညိုရယ်''

''ဘကြီးအောင်နော်၊ နို့ကို အဲဒီလိုမခေါ်ပါနဲ့။ မကြိုက်ပါဘူးဆိုနေမှ''

''မကြိုက်ရင် ခိုင်းတာကိုမြန်မြန်လုပ်မှပေါ့။ ပေကပ်ပြီးရပ်မနေနဲ့. . . သွား''

နှုတ်မှပွစိပွစိရွတ်ကာ မျက်နှာစူပုပ်ပြီး Hotel နောက်ဘက် ဝန်ထမ်းများအခန်းသို့ ဝင်လာခဲ့ပါ၏။ Locker သော့ကို Reception ရှိအပြုံးထံမှ တောင်းလာခဲ့တာမို့ အပေါ်ဘက်အစွန်ဆုံးတန်းမှ Box ကိုသော့ဖွင့်လိုက်ပါသည်။

နို့ကိုယ်နီ ဘာရာထူးမှန်းပင် သေချာမသိပါလေ။ ညှို့ကြိုနေရာမှာ လူတွေပြုံနေရင်လည်း 'နီနီ'ဆိုပြီး ခေါ်သံထွက်လာပြီ။ House Keeping နေရာမှာရှိတာမို့ အိပ်ခန်းတွေရဲ့တာဝန်ကိုသာ ယူရမှာပါ။ Cleaning လုပ်တဲ့လူတွေ ဖုန်မစင် ရေမစင်တာမြင်ရင်လည်း မန်နေဂျာကမှာထားတာမို့ နီပါရပြန်ရော။ ဒါတင်မကသေး၊ Hotel Kitchen မှာ အသားလိုရင် အသား၊ အရွက်လိုရင် အရွက်၊ စတာတို့ကို စာရင်းစစ်ကာ မှာပေးရသည့် တောက်တိုမယ်ရ နီနီညိုဖြစ်နေတာပါလေ။

တစ်ခါတစ်ခါ တာဝန်တွေပိနေတာမို့ စိတ်ရှုပ်ရပြီး 'နီ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထွက်တော့မယ်'လို့ ပေါက်ကွဲစွာ ကြုံးအော်တတ်တာမျိုး လည်း ကြုံပါရဲ့။ အဲဒီအခါ မန်နေဂျာကအစ Supervisor တွေ ကပါ ဝိုင်းချော့မော့ကြလို့ အလုပ်လည်းမထွက်ဖြစ်၊ စိတ်ကလည်း ပျော့နဲ့ ဤမျှအထိ ကာလကြာမြင့်ခဲ့တာပါပဲ။

''အပေါက်ဝမှာ ထွက်ကြို့ချေ''

''ဘာလို့လဲ၊ နောင်နောင်တို့ ရှိတာပဲကို''

''ဟဲ့! သူများတကာတွေ ရုပ်ရှင်မင်းသား မင်းသမီးတွေ လာတာကို မြင်ချင်တာမှ ဖျပ်ဖျပ်လူး။ ညည်းက ငြိုင်းချင်နေသေး တယ်''

''အမ်! ရုပ်ရှင်အဖွဲ့တွေ လာမှာလား''

''အေး. . .''

ဟုတ်မဟုတ်တော့မသိ။ နီ့ကို ရုပ်ရှင်မင်းသမီးဆိုပြီး မျှားတာမို့ Hotel အပြင်ကိုထွက်လိုက်ရတာလေ။ ခုနု Model boy လိုကောင်လေးက အခုထိ Hotel ထဲမဝင်သေးဘဲ Camera တစ်လုံးဖြင့် Hotel ကို ဓာတ်ပုံတဖျပ်ဖျပ်ရိုက်နေလေ၏။

''ဟောဗျာ!. . . မပြုံးဖြစ်ဘူးလား''

''ပြုံးဖို့ပြင်နေတာကို ချောဆွဲခံရတာလေ။ ဘယ်မှာလဲ ရုပ်ရှင်မင်းသားမင်းသမီး''





''ကြုံကြုံဖန်ဖန်၊ ဘယ်က မင်းသားမင်းသမီးတွေရမှာ လဲ။ Model boy နဲ့ Model girl တွေ ကြော်ငြာလာရိုက်မှာကို''

''ဟင်! လေးလေးပြောတော့ဖြင့် တစ်မျိုး''

''အဲဒီဘကြီးအောင်အကြောင်း နင် သိတယ်မဟုတ် လား''

''ဟုတ်ပါရဲ့''

ကြော်ငြာလာရိုက်မှာဆိုတော့ နီတို့ Hotel ပုံကြီး ပါလာ မှာပေါ့။ အခန့်မသင့်ရင် ဝန်ထမ်းတွေနဲ့ပါ တွဲရိုက်တာမျိုးရှိတတ် တာလေ။ ဒုက္ခပါပဲ. . . နီက အဲဒီလိုတွေ Camera ရှေ့မှာရပ် ရင် မျက်နှာပူပြီး ရုက်လိုက်တာမပြောပါနှင့်။ နီ့ဘဝမှာ မှတ်မှတ် ရရ အလှဓာတ်ပုံရယ်ဆို၍ လေးနှစ်သမီးတုန်းကပုံသာ ရှိပါ၏။ အဲဒီတုန်းက (ဘာအတွက်မှန်းပင်မသိ) မေမေက ရိုက်ခိုင်းတာမို့ ပုသိမ်ထီးလေးဖွင့်လျက် ရိုက်ဖြစ်ခဲ့တာပါ။

ဓာတ်ပုံရိုက်တာ မကြိုက်တဲ့သူမို့ ရှုပ်ပုပ်ပုပ်မျက်နှာလေး ဖြင့် မှန်ကုပ်ကုပ်ပုံစံလေးက မြင်တဲ့သူတိုင်းကို အသည်းတယား ယားဖြစ်စေခဲ့သတဲ့။ နီက အဲဒီလိုမျိုးအလှမပြတတ်သူပါလေ။ အရွယ်ရောက်စဉ်တစ်လျှောက်လည်း Past post ပုံသေးသေး လေးတွေသာ မရိုက်မဖြစ် ရိုက်ခဲ့ပါ၏။ ကျောင်းတက်စဉ်ကတွေ



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ဝင်းထဲမှာ အုပ်စုလိုက် ရိုက်တာမျိုးရှိပေမယ့် နီ့ပုံစံက မျက်မှောင်ကြုတ်လျက် တောင့်တောင့်ကြီးရပ်ပုံများသာ ဖြစ်နေခဲ့ပါသည်။

"တစ်ယောက်လောက် ပစ္စည်းတွေ ကူသယ်ပေးနိုင်မလား"

"ဪ. . . ရပါတယ်ခင်ဗျ"

"ရပါတယ်၊ ကျွန်တော့်ကားကိုသာ သိမ်းပေးပါ။ ကျေးဇူးပြု၍"

ပစ္စည်းသယ်ပေးဆိုပြီးပြောတာမို့ ဧည့်ကြိုကောင်လေးက သူ့နားကိုရောက်စဉ် ကားသော့ပေးလိုက်တာမို့ နီက လှည့်ကြည့်လိုက်မိပါ၏။ ကားပေါ်မှ ဘီးလုံးပါသည့်အိတ်ကိုချကာ နီ့ကိုလက်ပြခေါ်လိုက်သဖြင့် စိတ်တိုသွားရပါသည်။

"နောင်"

"အင်း"

"ဟိုမှာခေါ်နေတာ သွားလိုက်"

နောင်နောင့်ကို လက်တို့လိုက်စဉ် သူက လက်ညှိုးကို လှုပ်ရမ်းခါပြကာ ငြင်းလိုက်လေ၏။ ပြဿနာပဲ. . . ဘယ်လိုလဲ။ နီ့ကိုမှလက်ညှိုးထိုးပြီး ခေါ်ရတယ်လို့၊ စိတ်တိုနေတာပါဟယ်ဆို





နေမှပဲ။

"မင်္ဂလာပါ"

နှုတ်ဆက်သံကပင် မချိုသာဘဲ မာဆတ်ဆတ်ဖြစ်နေလေ၏။ သူက မျက်မှန်ကိုချွတ်လိုက်တာမို့ နီနှင့်မျက်ဝန်းချင်းဆုံသွားရလေသည်။ အလိုလေး! နီသိပ်ကြိုက်ခဲ့သည့် သရုပ်ဆောင်ကိုသားကြီး(ဒွေး)ရဲ့မျက်ဝန်းလို ညို့ရည်လဲ့သည့်မျက်ဝန်းတွေပါလားနော်။

"ကိုယ့်ကို လိုက်ပို့ပေးနိုင်မလား။ နီနီညိုနော်၊ ခေါ်ရလွယ်တဲ့ Name batch ပဲ"

"ဟိုလေ၊ အဲဒီလိုဧည့်သည်ကို ကြိုရတာ ယောက်ျားလေးဝန်ထမ်းပါ လူကြီးမင်းရှင့်"

"No! no! ကောင်လေးတွေကို ပို့ခိုင်းရင် စိတ်မချလို့ပါ နီနီ။ ကိုယ့်အိတ်ထဲမှာ အဖိုးတန်ပြီး အရေးကြီးတဲ့ပစ္စည်းတွေပါနေလို့ပါ"

"ဟင်!."

မျက်လုံးပြူးသွားရပါသည်။ အိတ်ထဲမှာ အဖိုးတန်ပြီး အရေးကြီးတဲ့ပစ္စည်းတွေတဲ့။ ဘာတွေမို့လို့ စိတ်မချဖြစ်ရတာပါလိမ့်။ ကဲ! မထူးပါဘူး၊ ကိုယ့် Hotel ထဲရောက်လာတဲ့ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုးဆိုရတာမို့ ဘယ်ဝန်ထမ်းပဲဖြစ်ဖြစ် တာဝန်ယူရမှာလေ။

''မှတ်ပုံတင်လေး ပေးပါနော်၊ ဘယ်နှရက်လောက်များ တည်းမှာပါလဲရှင်''

''လောလောဆယ် တစ်လ''

''တစ်လကြီးများတောင်''

''အင်းလေ၊ ဘာလဲ. . . တစ်သက်လုံးများ တည်းစေချင်လို့လား''

''မဟုတ်ပါဘူး''

ပါးစပ်ကို အမြန်ပိတ်ထားလိုက်ရပါ၏။ စကားပြောတာကိုက အနှောင့်အသွားမလွတ်သလိုပါလား။ သူကမ်းပေးသည့် မှတ်ပုံတင်ကို တရိုတသေလှမ်းယူလိုက်ပြီး သူ့လက်ထဲမှအိတ်ကို လက်လွှဲယူလိုက်ရပါ၏။ သူက (တမင်ပဲလားမသိ) နို့လက်ဖျားခပ်အေးအေးကို ထိပြီးမှ လက်လွှတ်ပေးလိုက်လေသည်။

အပြုံးတို့ကောင်တာမှာ အခန်းမှာတော့ ခပ်ချောချောဖြစ်သူ သူ့ကိုဝိုင်းကြည့်တာမို့ စိတ်ပိုတိုမိပါ၏။ မြန်မြန်ပါဆိုမှပဲ ဒင်းတို့ဘဲငန်းအုပ်စုက တစ်မျောင့်။ စိတ်တိုလာပြန်ပြီနော်။ အခန်းသော့ကိုယူ၍ Lift ဖြင့် အပေါ်ထပ်အလွှာတို့ကို သူနှင့်အတူတက်ခဲ့ရပါ၏။





အခန်းရှေ့ရောက်တော့ သော့ဖွင့်ကာ အိတ်ကို အခန်းတွင်းသို့ရောက်အောင် ထည့်ပေးပြီးမှ သော့နှင့်မှတ်ပုံတင်ကို သူ့လက်ထဲသို့ ရှိသေစွာအပ်လိုက်ပါသည်။ Thanks! ဟုဆိုကာ Tip money ခေါက်လေးပေးတာမို့ ယူလိုက်ရလေ၏။ အခန်းအပြင်အရောက်မှာ ထောင်တန်အခေါက်လေးကို အသာလေးဟကြည့်လိုက်မိသည်။ အလို! (၁၅၀၀)တဲ့၊ ငါးရာတန်နှင့်ထောင်တန် အသစ်ခေါက်ကလေးက နို့ကို ပြောင်ပြနေသလိုနယ်ပါလေ။

❀❀ ❀❀ ❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

အလုပ်မှာပဲအိပ်ရတာမို့ တစ်အောင့်လေးသာရှိပါသည်။ Night ဆင်းသည့်ဝန်ထမ်းတွေက နို့ကိုကိုယ်ချင်းစာပြီး လာမနှိုးၡသာ တော်တော့သည်။ ဒီနေ့ပါ အလုပ်ဆက်ဆင်းရမှာလေ။ ဇက်ကိုဟိုဒီလှည့် ခါးပါချိုးလိုက်ပြီး ရေချိုးကာ Uniform အသစ်လဲဝတ်လိုက်ရသလို မျက်နှာကိုတော့ Puff ဖြင့် ခပ်ပါးပါးပုတ်ကာ နှုတ်ခမ်းဆိုးဆေးပန်းရောင်ဖျော့ဖျော့လေး ဆိုးလိုက်ပါသည်။

ဝန်ထမ်းမိန်းကလေးတွေအားလုံး ဆံထုံးထုံးပြီးထား၊ ဒါမှမဟုတ်ရင် ကလစ်ညှပ်ရတဲ့စည်းကမ်းရှိတာမို့ ဇာအုပ်ပါသည့်ကလစ်ဖြင့် ကုတ်ဝဲဆံပင်ကို လှမ်းဖြီးကာ တပ်လိုက်ပါသည်။ နို့က တခြားမိန်းကလေးတွေလို နဖူးပေါ်ဆံနုလေးတွေ ချတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြေ့ကြသဖြင့် ဒီအတိုင်း နှုတ်ပြောင်ပြောင်လေးသာ ထားပါ၏။

ဘယ်ဘက်ရင်အုံ အပေါ်ဘက်နေရာမှာ အနက်ခံရွှေ စာလုံးထိုးထားသည့် နာမည်ကတ်ပြားရင်ထိုးကိုတပ်ကာ မှန်ထဲကြည့်လိုက်ပါ၏။ ဒီနာမည်ကိုဖတ်ပြီး သူ နာမည်ခေါ်တာလေ။ 'နီနီ'တဲ့။ ဟွန်း!. . . ရင်းလည်းမရင်းနှီးဘဲနဲ့များ တင်တင်စီးစီးခေါ်ရတယ်လို့။ အမြင်ကပ်စရာကြီး။ နီတို့ Uniform အပေါ်က အဝါဖျော့ဖျော့ကို အညိုရောင်ဖြင့် အနားပတ်လည်ပင်းနှင့် ရှေ့ဘက်ခါး တစ်လျှောက် ခါးစည်းပါပြီး လက်ရှည်အနားပတ်ပါ တပ်ထားသလို အောက်က ဒူးဖုံးစကတ် (Mini skirt)က ချောကလက်ရောင်ရင့်ရင့်မို့ ဘိုဆန်ဆန်လှပလွန်းလေသည်။

''မေမေ့ဆီ Phone ခေါ်ဦးမှပဲ''

ညကမအားတာမို့ ညဉ့်လည်းနက်သွားသဖြင့် မေမေ့ထံ Phone မခေါ်ဖြစ်လိုက်ပါချေ။ ဒီမနက်တော့ တာဝန်ချိန်မဝင်ခင် Phone ဆက်လို့ရမှာလေ။ အလုပ်မှ Phone ကိုမသုံးချင်တာမို့ Hotel ဘေးပေါက်မှထွက်ကာ လမ်းပေါ်ရှိအများသုံး Phone ရှိရာဆီ ထွက်လာခဲ့ပါ၏။ Phone ဆိုင်မှမိန်းကလေးကို ပြုံးပြနှုတ်ဆက်လိုက်ပြီး အိမ်ဘေးမှ Phone ကို နံပါတ်နှိပ်ခေါ်လိုက်ပါသည်။





''ဟဲလို! အန်တီအေးလား၊ နီပါ။ ဟုတ်တယ်၊ ညက ညှို့သည်တွေကျလာလို့ နီ အိမ်မပြန်ဖြစ်တာပါ။ မေမေစိတ်ပူနေတယ်မဟုတ်လား။ ဪ. . . ဈေးသွားပြီလား။ အဲဒါဆိုရင် အန်တီပဲကျေးဇူးပြုပြီး ပြောပေးပါနော်။ နီ ဒီညနေမှ ပြန်လာမယ်လို့။ ဟုတ်ကဲ့၊ ဆက်ဆက်ပြောပေးပါနော် အန်တီ။ ဒါဆိုရင် ဒါပဲနော်၊ နီ duty ပြန်ဝင်ရမှာမို့လို့ပါ။ ကျေးဇူးပဲနော်၊ ဟုတ်ကဲ့''

Phone ခေါ်ခ နှစ်ရာတန်ကိုပေးလိုက်ပြီး အလုပ်ထဲပြန်ဝင်ခဲ့ပါ၏။ ဝန်ထမ်းတွေကို Breakfast ကျွေးတာမို့ စားသောက်ဆောင်ဘက်သို့ လှမ်းခဲ့ပါသည်။ ဘာစားရင် ကောင်းမလဲ။ ပေါင်မုန့်နဲ့ကော်ဖီခါးခါးလေးပဲ သောက်လိုက်ရင် ကောင်းမယ်ထင်ပါရဲ့။ တခြားသူတွေက မုန့်ဟင်းခါးစားနေကြပြီလေ။

''နီနီ. . . နီနီညို''

''ကျစ်! ''

လုပ်လာပြန်ပြီ။ မနက်ခုနစ်နာရီပဲ ရှိသေးတာကို ဒီမန်နေဂျာကြီးက ရှာနေပြီလေ။ ခိုင်းစရာရှိတာ နီတစ်ယောက်တည်းရှိတာကျနေတာပဲ။ မုန်းချင်လိုက်တာနော်။

''ဟဲ့! ခေါ်နေတာ မကြားဘူးလား''

''ကြားတယ်. . . ကြားတယ်၊ ဒီမှာ ညကတည်းက ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မှာတော်တီပတ်တီ မစားရသေးတာ ဆာလို့သေတော့မယ်။ ကော်ဖီလေးတော့ သောက်ပါရစေဦး လေးလေးရဲ့"

"ညည်းဖိုက်ဖြည့်တာကို နောက်မှလုပ်၊ ဟိုမှာ ညွှန့်သည်တွေက ညည်းကိုခေါ်နေတယ်"

"ဟမ်! ညွှန့်သည်၊ ဘယ်ကညွှန့်သည်လဲ"

"ခြော်. . . အရေးထဲမှ ဘယ်ညွှန့်သည်ဖြစ်ရမတုန်း။ ညကရောက်လာတဲ့ ဒါရိုက်တာလေးက ညည်းနာမည်ကိုရွတ်ပြီး ခေါ်နေလို့ပေါ့။ မြန်မြန်သွား. . . ထမင်းစားခန်းထဲမှာ ရောက်နေပြီ"

ကျွတ်! တောက်!. . . ဒီဒါရိုက်တာ ရဲထက်မာန်နဲ့တော့ နှိုနဲ့ ပြဿနာဖြစ်တော့မှာပဲလားနော်။ ကိုယ့်ကိစ္စကိုယ်မလုပ်ဘဲ တဆိတ်ရှိ နှိုနာမည်ကို ခေါ်ကောင်းကောင်းနဲ့ ရေရွတ်ရတယ်လို့။

"ဟော!"

ညွှန့်သည်ထမင်းစား Hall ထဲရှိ ထောင့်ဆုံးခုံမှာ ရှိနေသည့်သူက နှိုကို လက်ထောင်ပြကာ ခေါ်လိုက်လေ၏။ ငါနော်၊ လူကို သူ့အိမ်ကအလုပ်သမားလို့ ထင်နေသလိုပါပဲလား။ သူထိုင်နေသည့်စားပွဲရှိရာသို့သွားစဉ် နှိုဘေးမှလူနှင့် လက်မောင်းချင်းတိုက်သွားလေ၏။





"အို! အရမ်းပဲ"

အလိုလေး! ကြဲကြဲဖန့်ဖန် အလှဖန်တီးရှင်မာမီနဲ့မှ တိုက်မိရတယ်လို့။ မိန်းမလျာသာပြောတယ်၊ ဖြောင့်ထားသည့်ရွှေအိုရောင်ဆံပင်ရှည်နှင့် လိုက်ဖက်ရလောက်အောင်ကို အသားလည်း ဖြူနေပါ၏။ (တစ်ကိုယ်လုံးပေါင်းတင်းထားလားမသိပါ။) လည်စိမပေါ်သလို လည်တိုင်ရှည်ရှည်နဲ့မို့ နိတ္တိထက် လှနေတာအမှန်ပါလေ။

"တောင်းပန်ပါတယ်ရှင်"

"ရပါတယ်။ သမီးက ချစ်စရာလေးပဲ"

လူက တွန့်ခနဲဖြစ်သွားရပါ၏။ ယေင်ယေင်တုန်းက ရှောက်သီးခေါ်ပြားအခြောက်တွေကို သီချင်းဆိုခိုင်းသည့်အကြောင်းကို သတိရသွားတာမို့ ကျိတ်ပြုံးလိုက်မိပါသည်။ အဲဒီမိန်းမလျာတွေကတော့ မိတ်ကပ်တွေဖုံနေအောင် လူးထားတဲ့ပြာနှမ်းနှမ်းရုပ်တွေနဲ့ကိုး။ ဒီမာမီကတော့ ခပ်ချောချောလေးပါပဲ။

"မာန်ရေ၊ Jasmine ကလေ"

"နှို ရောက်ပါပြီ"

"နံပြားရမလား နှိုနှို"

"ရှင်!"



www.burmeseclassic.com

www.burmeseclassic.com



"နံပြားလေ၊ ကိုယ် ပဲပြုတ်ဆီဆမ်းနဲ့စားချင်လို့"

"အဲဒါမျိုးက ညကတည်းက ကြိုမှာထားမှ လာပို့ပေးတာရှင့်။ အခုမှမှာလို့ ဘယ်ရမှာလဲ။ ပြီးတော့ အဲဒါကို ဒီကစားသောက်ဆောင်ဝန်ထမ်းတွေကိုပဲ မှာလို့ရပါတယ်။ နီက House Keeping Staff ပါ လူကြီးမင်းရှင့်"

"ဘယ်ဝန်ထမ်းပဲဖြစ်ဖြစ် Guest စိတ်တိုင်းကျတာဝန်ကို ယူရမှာမဟုတ်လားနီနီ။ မင်းက ဒီ Hotel က Staff လေ"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့"

"ကိုယ် ပဲပြုတ်ပဲစားချင်တယ် နီနီ။ နံပြားမရရင်လည်း တစ်ခုခုတော့ ရှာပေးပါ"

ကဲ! အခုမှ ဂျပန်မူလီနဲ့လာတွေ့တာပါလားနော်။ သူနဲ့ကိုမှာတာကြားတော့ သူ့ဘေးခုံမှာ ဝင်ထိုင်လိုက်သည့်မာမိကပါ နို့လက်ကောက်ဝတ်ကို ဖျတ်ခနဲဆွဲကိုင်လိုက်ပါသည်။

"ဒါဆို အတော်ပဲ၊ မာမ့် Model လေးအတွက် မလိုင်များများနဲ့ Milk တစ်ခွက် မှာပေးနော် သမီး။ မာမီ့အတွက်က လက်ဖက်ရည်ကျစိမ့်လေးဆို ရပါပြီ"

ဟင်း! တိုင်နဲ့ခေါင်းနဲ့သာ ပြေးဆောင့်လိုက်ချင်တာပါပဲ။ သူခိုင်းလို့ရတာနဲ့ ဒီမာမီကပါ လိုက်ခိုင်းနေပြီလား။ စိတ်ထိန်း





ထားဦး နီနီညို့ရေ့။ သူတို့အုပ်စုရောက်လာတာက အယောက်သုံးဆယ်ကျော်မို့ Hotel မှာ လူပိုစည်သွားရတာလေ။ လစဉ် ရ ရနေတဲ့ဝန်ထမ်းကောင်းလက်မှတ်လေးကိုငဲ့ပြီး စိတ်ရှည်ပြရတော့မှာပဲ။

"ဘာမုန့်မှမရှိတော့ဘူး မနီရဲ့၊ Cake တွေပဲရှိတာ"

"ဒုက္ခပါပဲ"

"ဪ. . . ပဲပြုတ်တော့ နည်းနည်းလေး ကျန်သေးတယ်"

"ဟုတ်လား။ ထမင်းအဖြူရှိတယ်မဟုတ်လား ကိုမောင်ချို"

"ရှိတယ်လေ"

"ဒါဆို ဆီလေးဆားလေးနဲ့ရောနယ်ပြီး ဇွန်းခက်ရင်းတပ်ပေးပါ။ ပြီးရင် ငရုတ်သီးစိမ်းနဲ့ ကြက်သွန်နီကို ပါးပါးလှီးပြီး ဆားဖြူး သံပုရာသီးညှစ်ပေး"

"အေးအေး. . ."

"နွားနို့ရောက်ပြီလား"

"ရောက်ပြီ"

"မလိုင်များများနဲ့ ပူပူလေးတခွက် ထည့်ပေးပါ။ ပူတင်း



www.burmeseclassic.com

www.burmeseclassic.com

ဘင်ပွဲပေး။ လက်ဖက်ရည်ကို ကျစိမ့်လေးဖျော်ပေး။ Cake က တစ်ပွဲ၊ ပြီးတော့ ရိုးရိုးရေနွေးကို လက်ဖက်ခြောက်နဲ့ တစ်ခွက်လောက် နှပ်ပေးပါ''

''OK! ရမယ်၊ ခဏလေး''

ကိုမောင်ချိုက စားဖိုဆောင်က မန်နေဂျာမို့ နီပြောသည့်အတိုင်း လှည့်စီစဉ်ပေးလေ၏။ ပစ္စည်းတွေများတာမို့ နီက ထမင်းပန်းကန်နှင့် အချဉ်ပန်းကန်ပြားရေနွေးခွက် (အဖုံးပါသည့်ခွက်)ကို လင်ပန်းထဲထည့်ကာ,ကိုင်ပြီး၊ နွားနို့ လက်ဖက်ရည်နှင့် Cake ပန်းကန်နှင့် ပူတင်းဖန်ပန်းကန်တို့ကို လင်ပန်းဖြင့် တခြားဝန်ထမ်းကောင်လေးကကိုင်ကာ သူတို့ဝိုင်းဆီ သွားရပါ၏။

အလို! သူရှိနေသည့်စားပွဲဝိုင်းမှာ ရွှေရောင်တွေ လွှမ်းနေသလိုပါပဲလား။ Hall ထဲမှာ ဒီတစ်နေရာတည်းကပင် လင်းလက်နေသလိုနှယ်၊ ထွန်းတောက်လှပလွန်းနေသည့်အမျိုးသမီးလေးက ခပ်မတ်မတ်လေး ထိုင်နေတာပါလေ။ ဒါ အခုနာမည်ကြီးနေပြီဖြစ်တဲ့ Model 'မေစပယ်ဖြူ'ပါပဲလား။

''ရပါပြီ''

နီက သူ့ရှေ့မှာ ထမင်းပန်းကန်၊ ရေနွေးခွက်၊ အချဉ်ပန်းကန်တို့ကို ပြင်ပေးလိုက်ပါ၏။ ဝန်ထမ်းကောင်လေးက လက်ဖက်





ရည်ခွက်နှင့်နို့ခွက်ကို နေရာမှားချလိုက်တာမို့ နီက ပြန်ရွှေ့ပြီး စားပွဲဝိုင်းကိုပြင်ဆင်ပေးလိုက်ရလေသည်။

''ချောပြောတဲ့ နီနီလေ, Jusmine''

''ဩော်''

မာမီမိတ်ဆက်ပေးလိုက်တာကို တာဝန်ကျေရုံ ခွတ်လိုက်သည့် Model မမလှလှလေးကြောင့် ကိုယ့်ကိုယ်ကို သိမ်ငယ်သွားသလိုနှယ်။ ဟုတ်တယ်၊ ဖြူပါတယ်ဆိုတဲ့ နီ့အသားရောင်က ဒီ Model မမရှေ့မှာ ပျောက်သွားတော့တာကိုး။ လှလိုက်တာ။ ရွှေမှုန့်စားပြီး မွေးခဲ့သလားထင်ရလောက်အောင်ကို အသားလေးက ဝင်းဝါအိမွတ်နေတာလေ။

''တော်လိုက်တာ၊ ကိုယ်စားချင်တာကို ရအောင်ရှာပေးနိုင်လို့''

''ရပါတယ်၊ လိုအပ်တာရှိရင် ဒီကအစ်ကို့ကို မှာလိုက်ပါရှင်''

''ပြန်တော့မလို့လား''

''ဟင့်အင်း. . . မဟုတ်ပါဘူး၊ နီက ညနေမှပြန်ရမှာပါ''

''ဩော်''

''ဟိုလေ၊ မာမို့ Model က ဟင်းရွက်လတ်လတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ကိုပဲ စားတတ်တယ်နီနီ။ ရေခဲသေတ္တာထဲထားတဲ့ဟင်းရွက်ကို မကြိုက်ဘူးလေ။ အဲဒါပြောပေးပါဦး''

''ဟုတ်ကဲ့ပါခင်ဗျာ''

''အို! တို့က နီနီ့ကိုမှာနေတာလေ သားရယ်''

''နီက စားပိုဆောင်ဝန်ထမ်းမဟုတ်လို့ပါရှင်။ သူ့ကိုပဲ မှာလိုက်ပါ။ ခွင့်ပြုပါဦးရှင့်''

''နေဦးလေ၊ ဘောက်ဆူးပေးချင်လို့''

လှာပြန်ပြီ ဒီဘောက်ဆူး။ ထင်ထားသည့်အတိုင်း နီ့လက်ထဲ လှမ်းထည့်ပေးလိုက်သည်က ငွေစက္ကူအသစ်လေးနှစ်ရွက် (၁၅၀၀)ပါလေ။ နီက ဘေးမှဝန်ထမ်းရဲ့အင်္ကျီအိတ်ကပ်ထဲ ထည့်မိလိုက်စဉ် သူက ဖျတ်ခနဲထရပ်လိုက်လေ၏။

''No! no! ကိုယ် မင်းကိုပေးတာလေ နီနီ။ သူ့ကိုပေးတာမှမဟုတ်တာ''

ကိုရဲမွန်၏အိတ်ကပ်ထဲမှ ပိုက်ဆံကို ပြန်နှိုက်ယူကာ နီ့လက်ကိုဆွဲကိုင်လိုက်ပြီး လက်ဝါးထဲပြန်ထည့်လိုက်တာမို့ ရယ်ရခက်ငိုရခက်ဖြစ်သွားရပြန်ပါ၏။ နီနဲ့တော့ ဒီဒါရိုက်တာက အခက်ပါလား။



## အခန်း (၃)

''သူရိုက်တဲ့ကြော်ငြာတွေက အလန်းစားတွေချည်းပဲတဲ့၊ Model ဆိုလည်း နာမည်ကြီးတွေကိုပဲသုံးတာ''

''အေးနော်၊ သူကိုယ်တိုင် မင်းသားလုပ်ဖို့ကောင်းတာ။ အရမ်းချောတာပဲ''

''အေးဟယ်''

ဝန်ထမ်းထမင်းစားခန်းမှာ ပြောနေကြသည့်အယူသတင်းကတော့ သူ့အကြောင်းတွေချည်းပါပဲ။ စတီးပုံစံခွက်ဖြင့် ထမင်းနဲ့ဟင်းတွေကို ကြိုက်တဲ့အစားအစာကို နည်းနည်းစီထည့်ပြီး နံ့လွှတ်မှာဝင်ထိုင်လိုက်ပါ၏။ တစ်မနက်လုံး လှုပ်ရှားနေရတာနဲ့ ထိုင်ကိုမထိုင်ရတာ အမှန်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ညနေစောင်းမှာ Hotel အပြင် View ရိုက်မှာတဲ့"

"ဟုတ်လား"

"နှီနှီ"

"ဟင်. . . ဘာလဲ"

ပလုပ်ပလောင်းစားရင်း ထူးလိုက်တာမို့ ဗလုံးဗထွေး ဖြစ်သွားပါ၏။ ဘေးစားပွဲမှာ ထမင်းမစားဘဲ လေကန်ရင်း ဗိုက်ဝ နေကြတာကို။

"နင်နဲ့ အဲဒီစူပါစတား ဒါရိုက်တာ ရင်းနှီးတယ်ဆို"

"ပေါက်တတ်ကရတွေ၊ ဘယ်သူပြောတာလဲ"

"မညာနဲ့နော်၊ ငါတို့က မိတ်ဆက်ခိုင်းမလို့ဟာကို"

"အဲဒါ ကိုယ့်ဘာသာကိုယ် သွားမိတ်ဆက်ကြပေါ့ သင်း သင်းရဲ့"

"ဟဲ့! သူက ငါတို့လိုအောက်ခြေဝန်ထမ်းမျိုးကို အလေး ထားတာမှမဟုတ်တဲ့ဟာ"

"နီလည်း အတူတူပဲလေ၊ ဘာထူးလို့လဲ"

ကောင်မလေးတွေ ငြိမ်ကျသွားကြလေ၏။ နီဖြင့် အဲဒီ လူ မကြာခဏခေါ်ခေါ်ခိုင်းနေလို့ စိတ်ပျက်နေရတာလေ၊ Shooting manager က ဘာရှာပေးပါဦးဆိုပြီး ခိုင်း၊ သူ့ Model





ဆောင်းဖို့ ဦးထုပ်ကို ဘယ်ဆိုင်မှာ ဝယ်လို့ရလဲဆိုပြီး သူကမေး၊ ဒီကြားထဲ သူ့မဟာမိက တစ်မျိုး။

ဒီလိုဒုက္ခတွေကို ဘယ်သူက သိကြလို့လဲ။ မန်နေဂျာ ဦးအောင်မြင့်က နီ့ကို (ခပ်ပေါ့ပေါ့)ခိုင်းလို့ရတာမို့ ချစ်စရာကောင်း တဲ့ဝန်ထမ်းလို့ထင်နေကြမှန်း နီအသိဆုံးမဟုတ်လား။ ဒီ Model က သိပ်ချမ်းသာတဲ့သမီးမို့ သုံးတဲ့ပစ္စည်းတွေအကုန်လုံးက နိုင်ငံ ခြားပစ္စည်းတွေပါပဲ။ ယုတ်စွအဆုံး သန့်စင်ခန်းသုံးပစ္စည်းကအစ ပါလေ။

"နီနီညို့တဲ့၊ မန်နေဂျာကြီးရှာနေတယ်"

"ကျစ်! နေ့လယ်စာတောင် ဖြောင့်ဖြောင့်မစားရပါလား နော်"

"နီနီရေ၊ Model မေစပယ်ဖြူက နင့်ကိုခေါ်ခိုင်းလိုက် တယ်တဲ့"

တစ်ဆင့်စကားက နီထမင်းစားနေတဲ့နေရာကို ရောက် နေချေပြီ။ Cleaning လုပ်ပေး ရှင်းပေးရသည့်ဝန်ဆောင်မှုလုပ် ပေးရသည့်အခန်း(၁၀)ခန်းထဲမှာ ဒီ Model ပါအပါအဝင်မို့ သူ တို့မပြန်မချင်း ဒီဝဋ်ကနေ နီကျွတ်တော့မှာမဟုတ်ပါလေ။

"နီနီညို"



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ. . . လာပြီ"

ထမင်းစားစတီးလင်ဗန်းကို ဆေးသည့်နေရာမှာ အမြန်သွားပုံကာ ပါးစပ်ပါးလုပ်ကျင်း၍ အမြန်ထွက်လာရပါ၏။ ငါတော့ စိတ်နဲ့လူ မကပ်ရတော့ပါလားနော်။ ညှော်သည်တွေ ပုံနေတာမို့ OFF ရက်လည်း ရနိုင်တော့မည်မထင်ပါလေ။

Room No (207) ရှိရာဆီသို့ Lift ဖြင့်တက်ခဲ့ပါ၏။ Cooridor မှာ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်ရတာမို့ ဖိနပ်အမြင့်က နို့ခြေထောက်ကို နာစေလေသည်။ Uniform နှင့်လိုက်ဖက်အောင် နီတို့မိန်းကလေးတွေအားလုံး ဒေါက်မြင့်တွေပဲ စီးကြရတာလေ။

"ဒေါက်! ဒေါက်! "

"Come in "

တံခါး Lock ကိုလှည့်ဖွင့်လိုက်စဉ် ရေချိုးပြီးခါစပုံဖြင့် မွေးပွဝတ်စုံဝတ်ထားသည့်သူမကို ကုတင်ထက်မှာ တွေ့လိုက်ရပါ၏။ ဒါက ဘာလဲ၊ လဲဝတ်စရာဝတ်စုံပါမလာဘူးလို့ ပြောမှာတော့မဟုတ်လောက်ပါဘူးနော်။

"နီ့ကိုခေါ်တယ်ဆိုလို့ပါ"

"ဪ. . . ဟုတ်တယ်၊ ဒီမှာထုတ်ပေးတဲ့ Towel တွေ





က ကြမ်းလို့ပါနီနီ။ ဖြစ်နိုင်ရင် တို့ကို Thai ကလာတဲ့ Soft Towel မျိုး ရှာပေးနိုင်မလား"

သက်မကိုနိုးရှိုက်လိုက်မိ၏။ ကြီးကျယ်မှုန်းသိပေမယ့် ဤမျှချေး(ဂျီး)များတာကတော့ လွန်လွန်းပါတယ်လေ။ 'စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်'တဲ့ နီနီရေ။

"နီတို့ Hotel သုံးထဲက အနူးညံ့ဆုံး Towel ကို မမအတွက် ထုတ်ပေးထားတာပါ"

"ဒါပေမဲ့ တို့နဲ့မတည့်ဘူးလေ၊ Guest စိတ်တိုင်းကျဆောင်ရွက်ပေးဖို့တာဝန်က မင်းတို့ပဲမဟုတ်လားနီနီ။ ဒီ Hotel မှာမရှိရင် တခြားက ဝယ်ပေးပေါ့။ ဒါကြောင့် မာန့်ကိုပြောတာ၊ ဒီ့ထက်ပိုအဆင့်မြင့်တဲ့ Hotel ရွေးပါဆိုတာကို"

ဒေါ်သက ထောင်းခနဲထွက်လာလေ၏။ ကြည့်စမ်း! နို့ဘိုကြယ်ငါးပွင့်ရ အဆင့်မီ Hotel ကိုများ ချိုးချိုးနှိမ်နှိမ်ပြောရတယ်လို့၊ ပက်ခနဲပြောချင်စိတ်ကို ဂလုခနဲမျိုချလိုက်ရပါ၏။ ညှော်သည်ကိုပြောမိရင် နီတော့ အလုပ်ပြုတ်တော့မှာလေ။

"ပြီးတော့ ရေကိုလည်း ဒီတံဆိပ်မကြိုက်လို့ပြောင်းပေးပါ၊ အနံ့သီးနံ့ရလို့ တို့ခေါင်းမူးတယ်"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသွားရင် မာန့်ကိုပြောပေးပါဦး၊ တို့စောင့်နေတယ်လို့။ သူ့ Phone ပိတ်ထားတော့ Contact မရလို့"

"ဟုတ်"

တောက်! ငါနော်၊ နဖူးနဲ့တိုင်နဲ့သာ ပြေးဆောင့်လိုက်ချင်တော့တာပဲ။ လူကိုအားနေတယ်လို့များ ထင်နေသလားမသိ။ ကိုယ့်အဖွဲ့ထဲကလူတွေကို တစ်ဆင့်မခိုင်းဘဲ ဒီကဝန်ထမ်းကိုမှ ရွေးခိုင်းရတယ်လို့၊ သူမပြောပုံနဲ့ သူ့ကို နောက်ကလိုက်ရှာရတော့မလိုပါလားနော်။

"လင်းလင်းရေ"

"ဆို"

"အပြင်ထွက် သော့အပ်သွားတဲ့စာရင်းထဲမှာ ဒါရိုက်တာနာမည်ရှိလား ကြည့်ပေးပါဦး"

"ခဏလေး. . . ရှိတယ်"

"ဘယ်တုန်းက ထွက်သွားတာလဲ"

"မနက် Breakfast စားပြီးကတည်းကပဲ"

သေစမ်း! ဘယ်ဆီဘယ်ဝယ်သွားမှန်းမသိတဲ့ လူတစ်ယောက်ကို နီက ဘယ်လိုလိုက်ရှာရမှာပါလိမ့်။ စိတ်ကြီးရယ်၊ ညစ်ရပ်။ မန်နေဂျာရုံးခန်းထဲဝင်တော့ ဦးအောင်မြိုင်ကို မမြင်





သဖြင့် လိုက်ရှာရပြန်၏။

"ဘကြီးအောင်ရော"

"ပုံးခေါက်နေလေရဲ့"

သူ့ကျ အေးအေးဆေးဆေးစားခွင့်ရပြီး နီ့မှာဖြင့် ထမင်းကို ဗိုက်ထဲဘယ်ချောင်ဝင်သွားမှန်းပင်မသိ။ ခပ်မြန်မြန်မျိုချခဲ့ရတာလေ။ ထမင်းစားဆောင်မှာ ထမင်းစားနေသည့်မန်နေဂျာရှိရာဆီ ခပ်မြန်မြန်လျှောက်ခဲ့ရပါ၏။

"လေးလေး"

"အေး"

"လေးလေး Model က ပြဿနာရှာနေပြန်ပြီ"

"ဟာ! ဘာ ငါ့ Model လဲ။ ညည်းကတော့ လုပ်ချလိုက်ပြန်ပြီ"

"ရေကို အုန်းသီးနံ့ရလို့ တံဆိပ်လဲပြီးပို့ပေးပါတဲ့။ Hotel သုံး Towel အသစ်ပေးတာကိုလည်း ကြမ်းလို့ နူးညံ့တာရှာပေးပါတဲ့"

"အဲဒါ Supervisor ကိုသွားပြောလေ။ Towel ဝယ်ဖို့က မင်းသန့်ကိုခိုင်း။ နေဦး၊ တလွဲဝယ်လာရင် မောနေရဦးမယ်။ ညည်းပဲ ထွက်ဝယ်လိုက်။ ဒီနားက ကုန်တိုက်မှာရှိလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးနဲ့ပဲ မြန်မြန်သွားလိုက်''

''ပြီးရော၊ နီ မရှိတုန်း နီနာမည်ကို လိုက်မခေါ်မိနေနဲ့ဦးနော်''

''အေးပါ''

Supervisor ကို မှာသင့်တာ မှာထားခဲ့ပြီး ကားရပ်ရာနေရာမှာ ရပ်ထားသည့်စက်ဘီးပြာလေးကို သော့ဖွင့်တွန်းထွက်လာခဲ့ပါ၏။ ပြဿနာပဲ၊ စကတ်က တိုတိုနဲ့ စက်ဘီးနင်းရဦးမှာလေ။ ဒီစက်ဘီးက ဒီလိုအသေးသုံးပစ္စည်းထွက်ဝယ်ရင် သုံးဖို့အတွက် မန်နေဂျာဝယ်ပေးထားတာပါ။

ကတ္တရာလမ်းမကြီးထက် လေဟုန်ဆန်တက်ကာ စက်ဘီးနင်းလာခဲ့ပါ၏။ Hotel ရှေ့ပန်းခြံကို ကွေ့ဝိုက်၍ထွက်ခဲ့တာမို့ တစ်ပတ်ကြီးပတ်နေရတာပါလေ။ နီ့အိမ်နှင့် ဒီ Hotel က သိပ်မဝေးတာမို့ နီက စက်ဘီးနှင့်သွားချင်ပေမယ့် မေမေက စိတ်မချတာမို့ စက်ဘီးမဝယ်ဖြစ်ခဲ့ပါချေ။

Camera ကိုချိန်၍ကြည့်နေစဉ် မြင်ကွင်းထဲသို့ စက်ဘီးလေးတစ်စီး ဝင်လာလေသည်။ မျက်မှောင်ကြုတ်ထားသည့် မျက်နှာဝင်းဝင်းလေးကို မြင်လိုက်ရစဉ် သူပြုံးလိုက်မိ၏။ ဒီကောင်မလေးကို စမြင်ကတည်းက သူအရမ်းစချင်နေတာလေ။ 'နီနီညို'





ဘဲ။ သူ့ဘဝမှာ ဒီလောက်ရိုးရှင်းတဲ့အမည်နဲ့ ချစ်စရာကောင်းတဲ့ မိန်းကလေးမျိုး ဒီတစ်ခါပဲ တွေ့ရတာပါ။

သူတို့လောကမှာ ရောင်စုံအလှတွေနဲ့ မိန်းကလေးတွေ ရှိနေပေမယ့်၊ သူ့အနီးနားမှာလည်း ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေကြပေမယ့် ဤမျက်နှာပြောင်ဝင်းဝင်းလေးမျိုးက သူတစ်ခါမှမတွေ့ဖူးပါလေ။ မျက်လုံးဝိုင်းဝိုင်းလေးတွေက အင်မတန်မှ အပြစ်ကင်းစင်သည့်ကလေးတစ်ယောက်နှယ်ပါ။ မျက်ဆံနက်နက်လေးကိုက သူမ၏နှာတံစင်းစင်းလေးနှင့် အင်မတန်မှ လိုက်ဖက်လွန်းလေ၏။

အထူးသဖြင့် နှုတ်ခမ်းစုစုထွေးထွေးလေးက သူ့ရင်ကို တစ်မျိုးကြီးဖြစ်သွားစေတာပင်၊ စမြင်လိုက်စဉ်ကတည်းက ခပ်ရှုံ့ရှုံ့ဖြင့် မနှစ်မြို့ဟန်ပြခဲ့တာ အသိသာပဲကိုး။ လှတယ် ကြွတယ်ဆိုတာ ဒီလိုနှုတ်ခမ်းမျိုးလေးပေါ့။ ကြားနေကျ ခပ်ချွဲချွဲအသံတွေနဲ့ ဆန့်ကျင်ဘက် မာဆတ်ဆတ်ပြောတတ်ပုံကဖြင့် သူ့သဘောအကျဆုံးအချက်တစ်ချက်ပါလေ။

''ဟိုးထား!. . .''

''အမယ်လေး!''

Hotel ရှေ့လမ်းပေါ်ရောက်စဉ် ရုတ်တရက် ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးရှေ့မှာ လူတစ်ယောက် ဘွားခနဲပေါ်လာတာမို့ လန့်သွားသလို ဘရိတ်ကိုအမြန်ညှပ်လိုက်သဖြင့် နှီးစက်ဘီးက ဖောက်ထိုးမိုးမျှော်လို ခုန်သွားပြီး လဲလေ၏။ စက်ဘီးရှေ့ဘားကို လက်ဖြင့် ဝမ်းထိန်းလိုက်တာမို့ စက်ဘီးက ဘာမှဖြစ်မသွားဘဲ လူကပင် လမ်းပေါ် လဲကျသွားတော့တာလေ။

"အား. . . ကျွတ်! ကျွတ်!"

"Sorry! Sorry! ကိုယ်က စချင်ဖောနဲ့ တားလိုက်မိလို့ပါ နှီနှီ။ အရမ်းနာသွားသလား၊ ထလို့ဖြစ်ရဲ့လား"

"ဘယ်လိုပြောလိုက်တာလဲရှင့်၊ နာတာထက် လန့်တာက ပိုတယ်။ နှီတော့ သေပြီလို့ထင်လိုက်တာပဲ. . . အား"

"ဟင်းဟင်း. . . မင်းက တကယ်ရယ်ရတဲ့ချာတိတ်ပဲ။ ဘယ်သွားမလို့လဲ"

"Plaza"

"OK! ကိုယ်လိုက်ပို့ပေးမယ်။ ထ!"

"ဟင်. . . လိုက်ပို့မလို့"

"ဟုတ်တယ်လေ ဒူးပွန်းသွားတဲ့လူကို စက်ဘီးနင်းခိုင်းလို့ ဘယ်ရမလဲ။ လာပါ"

"မဖြစ်ဘူး။ ရှင့်ကို မေစပယ်ဖြူ စောင့်နေတာရှင့်"





"ကျစ်! ခေါက်ထားလိုက်စမ်းပါ။ ရှုတင်က ညနေမှစမှာ။ လာ. . . Let's go!"

လက်ကမ်းလျက် ဖွေ့ခနဲထူမတ်ပေးလိုက်ပြီး သူနင်းလိုက်သည့်စက်ဘီးပေါ် ထိုင်လိုက်ရတော့တာလေ။ ဒီနေ့တော့ ရင်တုန်စရာကြီးပါလားနော်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဘာစားပြီးပြီလဲ"

"ထမင်းပေါ့၊ ဘယ်အချိန်ရှိနေပြီလဲ"

"ဟုတ်သားပဲ၊ ရိုက်ကွင်းတွေ လိုက်ချိန်ကြည့်နေတာနဲ့ နေ့လယ်စာတောင် မစားရတော့ပါလား။ တစ်ခုခုစားရအောင် နီနီ"

"ရှင့်ဘာသာရှင် ဝယ်စားပါရှင့်။ နီက ဝယ်စရာရှိတာ ဝယ်ပြီး အမြန်ပြန်ရမှာ"

"ခဏလေး အဖော်ရအောင် စောင့်ပေးရတာပဲနီနီရာ။ မန်နေဂျာကြီးကို ကိုယ်ကြည့်ပြောပေးမှာပေါ့"

ကြည့်! ကိုယ့်ဖို့ပဲ ကိုယ်သိတတ်တဲ့လူမျိုးနဲ့ ကြုံရပြန်ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နီတို့နှစ်ယောက်ကို လူတွေဝိုင်းကြည့်နေကြတာမို့ နီ့မျက်နှာက ရဲနေပြီလေ။ Uniform ဝတ်ထားတာမို့ Hotel ဝန်ထမ်းမှန်း သိကြသလို သူ့ကိုဘယ်သူလဲဆိုပြီး စပ်စုတဲ့မျက်လုံးတွေပဲမဟုတ်ပါလား။

"ဟင်လို့၊ ဘယ်လိုလဲ"

"ဘယ်လိုမှမလဲဘူး။ အချိန်မရှိပါဘူးဆိုနေမှပဲ"

"မင်းက Shuttle လေးပါပဲလားနီနီ။ Shuttle ဆိုတာ သိရဲ့လား"

"သိဘူး"

"ယက္ကန်းမှာ ဟိုဘက်ဒီဘက်စုန်ဆန်ပြေးနေတဲ့ လွန်းဆံကို ပြောတာလေ။ မင်းကိုကြည့်လိုက်ရင်လည်း အမြဲပြေးလွှားနေရတာပဲ။ နားတယ်လို့မရှိဘူး"

"နားမှာ. . . နားမှာ၊ ဒီညနေသုံးနာရီခွဲတာနဲ့ အိမ်ပြန်ခွင့်ရပြီ"

"ဘာလို့အစောကြီးပြန်တာလဲ၊ ကိုယ့်ရိုက်ကွင်းကိုမကြည့်တော့ဘူးလား"

"ဝါသနာမပါပါဘူး။ ရှင်တို့ရောက်လာလို့ ညကတည်းက အိမ်မပြန်ရတာလေ။ OFF ရက်မပေးချင်တာမို့လို့ ညနေ





စောစောပြန်ခွင့်ရတာ"

သူက Plaza အောက်ထပ်မှာ စက်ဘီးကိုအပ်လိုက်ပြီး နီနှင့်အတူ စကားတပြောပြောဖြင့် စက်လှေကားစီးကာ တက်လာခဲ့လေသည်။ ဒူးနေရာမှာ စပ်နေတာမို့ စိတ်တိုနေတာလေ။ သွားပါပြီ၊ နီ့ဒူးတော့ အမာရွတ်ထင်ကျန်ရစ်တော့မှာပါပဲ။

"ဘယ်ကိုသွားမှာလဲ"

"ဒီဘက်"

အိပ်ခန်းပစ္စည်းတွေရောင်းသည့်နေရာဘက်ကို ဆက်လျှောက်လိုက်ပါ၏။ နီက Towel မျိုးစုံကိုပြကာ ရွေးနေစဉ် သူက နီ့ကို Camera ဖြင့် ဖျတ်ခနဲရိုက်လိုက်လေသည်။ ကြည့်! ဒီမှာ အလုပ်ရှုပ်နေပါတယ်ဆိုနေမှ Camera စမ်းတဲ့အလုပ်ကို သူမို့လို့ လုပ်ရတယ်လို့။

"ဘာလို့လိုက်ရိုက်နေတာလဲ"

"လျှပ်တစ်ပြက်ပုံက မင်းအတွက် ပိုပြီးဆွဲဆောင်မှုရှိတယ် နီနီရ"

"ပေါက်ကရလျှောက်လုပ်မနေနဲ့၊ လူတွေကြည့်နေတယ်လေ"

"လူတွေကြည့်တာ ကိုယ့်အတွက် အဆန်းမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ။ နီက ဒီလိုလူအများကြီးရှိရင် နီ့ကိုဝိုင်းကြည့်တတ်တာမို့ ရှက်တတ်တဲ့မိန်းကလေးတစ်ယောက်ပါလေ။ ဝယ်စရာရှိတာကို မြန်မြန်သွက်သွက်ဝယ်ကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့ကြပါသည်။

''နီနီနဲ့ကိုယ် အေးအေးဆေးဆေးစကားပြောချင်တယ်''

''အချိန်မရပါ''

''အလုပ်မှာ ပြောလို့မရရင် အိမ်လိုက်လည်ပြီး ပြောမှာပေါ့။ ဖြစ်တယ်မဟုတ်လား''

''ဖြစ်ပါလိမ့်မယ်အားကြီးကြီး၊ မေမေက ဟုတ်နဲ့ရိုက်လွှတ်မှာပေါ့''

''ဘာဖြစ်လဲ၊ မေမေရိုက်ရင် နီ့နောက်မှာ ကိုယ်ပုန်းမှာပေါ့''

ပေါ့ပေါ့ပါးပါးရယ်ဖြစ်လေ၏။ လူငယ်ချင်းပဲမို့ ပွင့်လင်းမှုရှိသလိုပါပဲလား။ စခြင်ခါစက နည်းနည်းမှထောင့်မကျိုးဘူး ထင်ခဲ့မိပေမယ့် စကားပြောကြည့်မှ သူ့ထံမှာ ဖော်ရွေမှုရှိတာ နီသိတာပါလေ။

''တစ်ခုခုသောက်ရအောင်ကွာ၊ အရည်ဖြစ်ဖြစ်''

''ဟင်! ဆောင်းတွင်းကြီးအအေးသောက်ချင်ရတယ်''





''ဆောင်းတွင်းအအေးမသောက်ရဘူးလို့ ဘယ်ပြဟ္မာကြီးက ဟောခဲ့လို့တုန်း''

''ဆလံသပါရဲ့ရှင်''

''OK! ဖာလူဒါသောက်ရအောင်. . . လာ''

သူက နီ့လက်ကောက်ဝတ်ကိုဆွဲကိုင်လျက် မုန့်ဆိုင်ရှိရာသို့ခေါ်ခဲ့လေ၏။ အမှတ်တမဲ့မို့ပဲထင့်၊ သူလက်ဆွဲတာကို နီ သတိမထားမိပါချေ။ ဒီလိုပဲ သူငယ်ချင်းတွေလို သဘောထားမိလို့ထင်ပါရဲ့။

''နှစ်ခွက်''

လက်ညှိုးနှင့်လက်ခလယ်ထောင်လျက် သူအအေးမှာကာ နီနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်လေ၏။ လက်မှနာရီကို တစ်ချက်ကြည့်လိုက်မိသည်။ ဆယ့်ငါးမိနစ်လောက်တော့ ဖြုန်းတီးဖြစ်တော့မှာလေ။

''အသက်တိုတော့မှာပဲ''

''ဘာကိုလဲ''

''နာရီအမြဲကြည့်တတ်လို့လေ''

''အချိန်နဲ့အလုပ်လုပ်နေရတဲ့လူတန်းစားရှင့်။ ရှင်တို့လို လက်ဖျစ်တစ်ချက်တီးလိုက်ရုံနဲ့ မျက်စိရှေ့မှာ ငွေတွေအပုံလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမှာမဟုတ်ဘူး။ သိရဲ့လား''

နှီစကားကိုသဘောကျပြီး သူ တဟားဟားရယ်လေ၏။ မှန်တာပြောတာပဲလေ။ နှီတို့လခစားဝန်ထမ်းတွေက တစ်လ တစ်လ ရတဲ့လခကို တစ်လလုံးလုံး လောက်ငအောင် စိစစ်သုံးနေရတာကို။

ဒီကြားထဲ ဖျားတာနာတာတွေဖြစ်ရင် အကြွေးတင်တတ်တာမို့ မျက်လုံးပြူးနေရတာလေ။ အာရောဂျံ ပရမံ လာဘံဆိုတဲ့အတိုင်း ဒီကျန်းမာရေးကိုဖြင့် နှီတို့က အထူးသတိထားနေရတာပါပဲ။

''ရင်ခုန်ဖက် ရှိနေပြီလား''

''အာ. . . ဘာကြီးလဲ''

ဖြန်းခနဲမျက်နှာပူသွားရသည်။ ရင်ခုန်ဖက်တဲ့။ အနုပညာသမားပီပီ စကားလုံးလှလှရွေးသုံးတတ်ပါရဲ့။ ဒီအတိုင်း ရည်းစားရှိလားလို့မေးလိုက်ရင် နှီက ဟက်ဟက်ပက်ပက် ထရယ်မှာအမှန်ပါပဲ။ ဒါကိုများ သူကြိုပြီးမြင်နေလို့များလား။

''မရှိဘူးပေါ့၊ အသက်ဘယ်နှနှစ်ရှိပြီလဲ''

''(၂၂). . .''

''ကိုယ့်ထက် သုံးနှစ်တောင် ငယ်တာပဲ။ မေမေလို့ပဲ





ပြောတာဆိုလို့ ဖေဖေကရော''

''နှီ ရှစ်တန်းတုန်းက သွေးတိုးရောဂါနဲ့ဆုံးသွားတာ''

''သြော်! Sorry! ပါ နှီရယ်၊ ကိုယ့်ကြောင့် စိတ်မကောင်းဖြစ်ရပြီ''

''ရပါတယ်၊ ကိစ္စမရှိပါဘူး''

''မောင်နှမတွေရော''

''ဟင့်အင်း. . . နှီက တစ်ဦးတည်းသောသမီး''

''ခပ်ဆိုးဆိုးလေးပေါ့လေ''

''ဆိုးတာမဟုတ်ပါဘူးနော်၊ စွာတာပါ။ နှီကို ကြက်ခေါင်းဆိတ်မခံတဲ့လူလို့ ပြောတတ်ကြတာ''

''ဟုတ်လား''

မျက်စောင်းကို ဒိုင်းခနဲခဲလိုက်မိပါ၏။ နေပါဦး၊ ညာတာပါတေးနဲ့ နှီကို အတွင်းရေးတွေ သူ View နေတာမဟုတ်လား။ ဒီမြို့ကို ခဏတဖြုတ်လေး ရောက်လာပြီး ကုန်ကြမ်းရှာတာမျိုးတော့ မဟုတ်လောက်ပါဘူးနော်။

နှီ သံသယတွေ ဝင်မိလာချေပြီ။ သူ့ပုံစံကဖြင့် ဖာလူဒါသောက်ရင်း အေးအေးဆေးဆေးပါပဲ။

''ကျောင်း ဘာနဲ့ပြီးလဲ''



www.burmeseclassic.com

www.burmeseclassic.com



"Eco..."

"Distance လား"

"အင်း"

"ရုံးအလုပ်မျိုး ကုမ္ပဏီအလုပ်မျိုး မလုပ်ချင်ဘူးလား။ Hotel မှာလုပ်တာဆိုတော့ သူများတွေ တစ်မျိုးထင်ကြမှာပေါ့"

"ထင်ထင်ပေါ့၊ ဂရုမစိုက်ပေါင်။ ဒီအလုပ်တောင်မှ နှီးယံသူငယ်ချင်းသွင်းပေးလို့ အလွယ်လေးနဲ့ရခဲ့တာ။ နို့မို့ ဒီလို Hotel မျိုးကြီးမှာ သန့်ရှင်းရေးနေရာတောင် ရဖို့ဝေးစွ"

"ငယ်သူငယ်ချင်းက ယောကျာ်းလေးလား"

"ဘယ်လိုသိလဲ"

"ခန့်မှန်းကြည့်တာလေ၊ မိန်းကလေးချင်းတော့ ဒီလို နေရာကောင်းမျိုးကို ရှာပေးမှာမှ မဟုတ်တာ။ သိတယ်မဟုတ်လား၊ မိန်းမဆိုတဲ့အမျိုးက အူလက်တစ်ဆစ်ရယ်"

"သိရင်ပြီးတာပဲ"

"နီကရော"

ပြန်မဖြေဖြစ်ပါ။ နီကိုယ်နီတော့ အူပုပ်သည်းပုပ်ဟု တစ်ခါမှမြင်မကြည့်ဖူးတာလေ။ သဘောခပ်ဆိုးဆိုးမျိုးမဟုတ်ပေမယ့် သည်းခံစိတ်နည်းတာကိုတော့ နီအသိပါပဲ။ နောင်နောင်က နဂို





ကတည်းက အနေအေးတဲ့သူမို့ နီနဲ့ပေါင်းလို့တည့်တာလားပင် မသိပါလေ။

"ဘယ်တော့ပြန်ကြမှာလဲ"

"ဟာ! နှင်ချင်နေပြီလား"

"မဟုတ်ပါဘူး၊ ဒီလိုပဲ မေးကြည့်တာ"

"အဖွဲ့သားတွေကတော့ နှစ်ပတ်လောက်နဲ့ ပြန်ကြလိမ့်မယ်။ ကိုယ်ကတော့ နောက်ထပ်ဆက်နေဦးမှာ။ လေ့လာစရာတွေကျန်သေးလို့"

ဟုတ်ပါတယ်။ ခဏတာလာလည်တဲ့ဧည့်သည်ကို ခင်တွယ်လို့ ဘယ်ဖြစ်ပါ့မလဲ။ နီတို့မြို့လေးက အေးအေးချမ်းချမ်းလေးမို့ ခဏတစ်ဖြုတ် အလည်လာတတ်ကြတာမျိုးပဲရှိတာလေ။

"ဘာလဲ၊ ကိုယ်ပြန်ရင် လွမ်းရမှာစိုးလို့လား"

"အဝေးကြီးပါနော်။ နီ့အသည်း ဒီလောက်မပျော့ဘူး"

"မညာကြေးနော်၊ အခုတောင် မျက်လုံးထဲမှာ လွမ်းရိပ်တွေ သန်းနေသလိုပဲ"

"ပေါက်ကရတွေ၊ ကဲကဲ. . . ပြန်ကြမယ်လေ၊ ရှင်နေချင်ရင်နေခဲ့ပေါ့။ နီကတော့ တာဝန်တွေရှိလို့ ပြန်တော့မယ်"

"ဘယ်ရမလဲ၊ ကိုယ်က ကျန်ရစ်သူမှမဖြစ်ချင်တာ နီနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့။ အတူတူလာတာ အတူပြန်ရမှာပေါ့''

ဘာသဘောလဲ။ ကျန်ရစ်သူမဖြစ်ချင်ဘူးတဲ့။ တကယ်ဆို သူတို့က ညှော်သည်တွေမို့ အချိန်တန်ပြန်ကြပြီး နိုတို့မြို့ခံတွေသာ ကျန်ရစ်ခဲ့ရမှာလေ။ တစ်မျိုးကြီးပါပဲလားနော်။ နှိုစိတ်ထဲမှာ တစ်မျိုးဖြစ်လာအောင် ဘာကြောင့် သူဒီလိုပြောရတာပါလိမ့်။

''မေးမယ်နော်''

''အင်း''

''အဲဒီသူငယ်ချင်းနဲ့ ဒီလိုမျိုး စက်ဘီးအတူစီးလား''

''စီးတာပေါ့၊ စက်ဘီးရော ဆိုင်ကယ်ရော ခဏခဏပဲဟာ''

''မနာလိုဘူးကွာ''

နှိ ခစ်ခနဲ ရယ်လိုက်မိပါ၏။ ပြောတော့ဖြင့် နိုတို့ မိန်းကလေးတွေက အူတိုတယ်ဆိုပြီး သူက အခုတော့ နှိုသူငယ်ချင်းကို မနာလိုဘူးတဲ့လေ။ ဒါ ရယ်စရာကြီးပဲမဟုတ်လား။

''အိမ်လာလည်ရင် စိတ်ဆိုးမှာလား''

''အသေအချာပေါ့''

Hotel ရောက်တော့ သူ့လက်ထဲမှစက်ဘီးကို လက်ပြောင်းယူလိုက်စဉ် သူ့ထံမှ Request က ထွက်လာပြန်လေ၏။





'တရှင်ရှင်နဲ့ မခေါ်ပါနဲ့'တဲ့။

ကဲ! လူကိုစတွေ့ကတည်းက ပြုံးစိစိနဲ့ကြည့်ပြီး စခေါ်တဲ့ ခဏတာဧည့်သည်ကို နိုက ဘယ်လိုမျိုးနာမည်ခေါ်ရမှာလဲ။

ရှင်ဘယ်လိုလူလဲ ကိုရဲထက်မာန်။ စိတ်ကူးမယဉ်တတ်တဲ့နှိုကို အိပ်မက်တွေ မဖန်တီးပေးချင်ပါနဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

''နီ့ပြန်ပြီ လင်းလင်းရေ၊ အပြူးတို့နဲ့ duty လဲရင် နီ နှုတ်ဆက်တာ ပြောပေးဦးနော်''

''အင်းပါ၊ မနက်ဖြန်ကျ သစ်ခွတွေ ဝင်ယူလာဖို့မမေ့နဲ့ဦးနော် နီနီ''

''အေးပါ. . . မမေ့ပါဘူး''

Hotel ထဲမှထွက်တော့ သူတို့အုပ်စုတွေ Hotel အပြင်မှာ အလုပ်တွေရှုပ်နေကြလေ၏။ ညနေဆည်းဆာကို စောင့်ပြီးမှ ရိုက်ကြမှာထင်ပါရဲ့။ ပြောတော့ဖြင့် သုံးနာရီခွဲဆိုပြီး နီပြန်တော့ ငါးနာရီပင် ထိုးခါနီးနေပြီလေ။

ဆံထုံး (ဆံပင်စည်းထားတာ)ကို ဖြည်လိုက်တာမို့ နီ့ဆံပင်ကုတ်ဝဲလေးက ဆံပင်စင်းစင်းလေးဖြစ်ပြီး လေတိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လှုပ်လေးဖြစ်ပြီး တုံတုံလေးဖြစ်နေချေပြီ။ နီက သူများမိန်းကလေးတွေလို အလှစားရင်းဝင်မျိုးမဟုတ်ပေမယ့် ဆံပင်သားပျော့အိပြီး လှပတဲ့သူပါ။ ကျောင်းတက်စဉ်က ကျောလယ်ခန့်ထားပေမယ့် ဒီအလုပ်ဝင်တော့ ဆံထုံးထုံးရင် အလုပ်ရှုပ် (အချိန်မရ)တာမို့ ဒီလိုအနေလေးပဲ ထားခဲ့ရတာပါ။ ဆံပင်ဖြတ်တဲ့နီက မနှမျောပေမယ့် သူငယ်ချင်းဖြစ်တဲ့နောင်နောင်က နှမျောခဲ့တာလေ။

ကားလမ်းကိုကြည့်ကူးပြီး ကားဂိတ်မှာ ခဏရပ်စောင့်လိုက်ပါ၏။ တစ်အောင့်အကြာမှာ ရောက်လာသည့် Bus ပေါ်သို့ တက်ခဲ့ပါ၏။ နှစ်မှတ်တိုင်သာ စီးရသည့်ခရီးက ခပ်တိုတိုလေးပါပဲ။ ကားဂိတ်မှာ ဆင်းလိုက်ပြီး လမ်းထဲသို့ဝင်ခဲ့ပါသည်။

"ဟော! သမီးပြန်လာပြီ"

"မောလိုက်တာ မမေရာ၊ ခြေထောက်တွေကို ညောင်းချိနေတာပဲ"

"မမေ ဆေးလူးပေးမှာပေါ့သမီးရယ်"

"မလုပ်ပါနဲ့မမေရယ်၊ နီ ရေချိုးနေပါ့မယ်။ နီ့အဝတ်တွေမလျှော်ပါနဲ့ဆိုတာ မမေက ပြောလို့မရဘူးကွာ"

"ဩော်. . . တစ်ထည်တလေပါ သမီးရယ်။ သမီး





မအားတဲ့ဟာကို။ ရေချိုးမှာမဟုတ်လား၊ မမေ ရေနွေးတည်ပေးထားတယ်"

ခြံတံခါးလေးဖွင့်စဉ် အဝတ်ရုပ်နေတဲ့မမေက နီ့ကိုနှုတ်ဆက်တာမို့ နီပြုံးလိုက်တာလေ။ မနက်စောစောထွက် ညမှောင်မှပြန်ရတဲ့နီ့ကို မမေကပင် ပြန်ပြုစုနေရတာက ပြောင်းပြန်ဖြစ်နေတာကိုး။

"ထမင်းစားမှာလား သမီး"

"မစားနိုင်သေးဘူးမမေ၊ ရေချိုးပြီး ခဏလောက်မှေးလိုက်ဦးမယ်။ ခုထိ နီကောင်းကောင်းမအိပ်ရသေးဘူး"

"အေးအေး"

ဆောင်းတွင်းမို့ ညနေစောင်းတာနဲ့ အေးစိမ့်နေတာလေ။ မမေတည်ပေးထားသည့်လေးလုံးအိုးနှင့်ရေနွေးကို ရေအေးနှင့်ရောစပ်ကာ နီ ရေစိမ်ချိုးဖြစ်၏။ ရေတစ်ဝကြီးချိုးပြီး ရုပ်အကျီလက်ရှည် လုံလုံခြုံခြုံဝတ်ကာ နွေးနွေးထွေးထွေးစောင်ခြုံလျက် နာရီဝက်ခန့်အိပ်ရန် အိပ်ခန်းထဲဝင်ခဲ့ပါသည်။

နီတို့ရဲ့ဘဝသမားက ခေါင်းအုံးနှင့်ခေါင်းက ထိတာနဲ့ အိပ်ပျော်ဖို့က 50% သာရှိတာပါ။ ချမ်းသာသည့်ပုဂ္ဂိုလ်တွေကတော့ အိပ်ပျော်ဖို့ 100% ရှိမှန်း နီသိပါသည်။ ချမ်းသာသည့်

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ဆိုတော့ သူ့ကို နီ ဖျတ်ခနဲသတိရသွားပါ၏။ ပုံစံကိုကြည့်ရုံမျှဖြင့် ဘဝကိုအဘယ်မျှပေါ့ပါးလွတ်လပ်စွာ ဖြတ်သန်းခဲ့ရမှန်း သိသာစေတာလေ။

ဝတ်တဲ့Brand တွေကရော နံမည်ကြီးတံဆိပ်တွေချည်းပဲမဟုတ်လား။ Jeans ပဲကြည့်ကြည့်၊ Style Pants ပဲကြည့်ကြည့်၊ Foreign made တွေချည်းပါပဲ။ ဟာဝေယံ Shirt ပဲကြည့်ကြည့်၊ Style Sport shirt ပဲကြည့်ကြည့် အရောင်နုနုလေးတွေနဲ့ သစ်လွင်တောက်ပ ငယ်နုလွန်းနေတာပါလေ။

သူလိုနာမည်ကြီး ကြော်ငြာ Director တစ်ယောက်က နီ့လိုသာမန်ဟိုတယ်ဝန်ထမ်းလေးကို ခင်မင်ချင်တာက ထူးဆန်းနေတာပါပဲ၊ အင်းပေါ့လေ၊ ရန်ကုန်သူတွေက ရောင်စုံပန်းပွင့်လေးတွေ ဖြစ်သလို နိုင်ငံခြားဖြစ်ရေမွှေးရနံ့ပိုင်ရှင်တွေပဲမဟုတ်ပါလား။ နီတို့က နယ်သူဖြစ်သလို ရှင်မတောင်သနပ်ခါးရနံ့ပိုင်ရှင်တွေပါပဲလေ။

❀❀

ကားကို လမ်းထဲသို့မောင်းဝင်ခဲ့ပါ၏။ Hotel Reception မှဝန်ထမ်းကောင်မလေး ညွှန်ပြလိုက်သည့်လိပ်စာမှ အိ-





(ခြံ)နံပါတ်တွေကို လိုက်ကြည့်ရင်း တစ်ထပ်အိမ်မည်းမည်းလေးရှေ့ ရောက်ခဲ့လေသည်။ မှောင်ခါစမို့ ခြံဝမှာ မီးလုံးနီနီလေး ထွန်းထားသလို အိမ်ရှေ့ဝရံတာလေးမှာတော့ မီးလုံးလိမ်လိမ်ဖြူဖြူလေး ထွန်းထားလေ၏။

အိမ်ပြတင်းပေါက်တွေ မပိတ်ထားသေးတာမို့ သားအမိနှစ်ဦးစလုံး မအိပ်သေးမှန်း သူခန့်မှန်းလိုက်မိပါသည်။ ကားဟွန်းတီးလိုက်ချင်ပေမယ့် အိမ်ထဲမှလူတွေ လန့်သွားမှာစိုးတာမို့ ကားစက်ကို အသာသတ်လိုက်ပါသည်။ ဝယ်လာသည့်မုန့်ပုံးနှစ်ပုံးနှင့် သစ်သီးခြင်းကို လက်ထဲစုကိုင်လိုက်ပြီး ကားပေါ်မှဆင်းလိုက်ပါသည်။

ခြံတံခါး(သံဇကာတံခါး)က အတွင်းမှ ကလန့်ထိုးထားတာမို့ အပေါ်မှလက်ကိုကျော်နှိုက်ပြီး အသာဖွင့်လိုက်စဉ် ဂျလောက်ခနဲအသံမြည်သွားလေ၏။ ခြံတံခါးဖွင့်တာတောင် အိမ်ထဲကနေ ဘယ်သူမှထွက်မလာသေးပါလား။ လှေကားသုံးထစ်ကို ခြေသံမှနင်းခဲ့စဉ် သံဇကာတပ်ထားသည့်ပြတင်းပေါက်မှတစ်ဆင့် ဧည့်ခန်းကို မြင်နေရလေ၏။

ဆီမီးပုဇော်၊ အမွှေးတိုင်ထွန်းထားသည့်ဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်လျက် ဘုရားစာကိုခပ်ဖွဖွရွတ်ရင်း ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ရှိခိုးနေပါသည့်အမျိုးသမီးတစ်ဦး။ ဒါ နီနီ့မေမေဖြစ်မည်ထင်ပါရဲ့။ တံခါးခေါက်လိုက်ရင် အနှောင့်အယှက်ဖြစ်မှာစိုးတာမို့ သူ အံ့သြ ရပ်နေမိသည်။

တွေ့ခွင့်လေးရဖို့က ဤမျှအထိခက်ခဲနေရသလား နီနီ့ မင်းမျက်နှာလေးကို မြင်ခွင့်ရဖို့ ကိုယ့်ရှေ့ကတံခါးနှစ်ချက်က ပိတ် ကာ တားဆီးနေသလိုပါလေ။ ဘယ်လိုလဲ နီ။ ဝယ်လာတဲ့ပစ္စည်း တွေကို ဒီမှာပဲအသာချခဲ့ပြီး တိတ်တိတ်လေးပြန်သွားရမှာလား။ မျက်လွှာချလျက် အတွေးလွန်နေမိစဉ် ကြေးစည်သံတဒူဒူ ကြား လိုက်ရလေ၏။

အန်တီ ဘုရားရှိခိုးပြီးပြီမို့ သူတံခါးခေါက်ဖို့အခွင့်အရေး ရပြီလေ။ ဟိုချာတိတ်မလေးကဖြင့် ဧည့်ခန်းကိုတစ်ချက်လေးမှ ထွက်မလာပါလား။ အိမ်မှာမရှိတာတော့ မဟုတ်လောက်ပါဘူး နော်။ အလုပ်ကိစ္စမဟုတ်ဘဲ ညမှောင်နေတဲ့အချိန်မို့ သမီးကညာ ကို အမေဖြစ်သူက အပြင်ကိုမခိုင်းနိုင်တာလေ။

"ဟောတော်!"

တံခါးမကြီးအသာပွင့်သွားစဉ် အန်တီက သူ့ကိုမြင်သွား သဖြင့် အာမေဋိတ်သံပြုလေ၏။ အတွေးနယ်ချဲ့နေရာမှ သူသတိ ပြုမိပြီး အန်တီ့ကိုပြုံးပြမိလေသည်။





"မင်္ဂလာပါအန်တီ၊ နီနီရှိသလားမသိဘူး"

"သြော်. . . သမီးရဲ့မိတ်ဆွေလား"

"ဟုတ်ပါတယ်အန်တီ၊ ကျွန်တော် ရဲထက်မာန်ပါ"

"အေးကွယ်၊ ရောက်တာကြာနေပြီထင်ပါရဲ့။ သားက တံခါးကိုခေါက်တာမဟုတ်ဘူး"

"အန်တီ ဘုရားရှိခိုးနေတာ အနှောင့်အယှက်ဖြစ်သွား မှာစိုးလို့ပါခင်ဗျာ"

"ဝင်ပါကွယ်"

"ဟုတ်ကဲ့"

တံခါးရွက်ကိုဖွင့်ပေးလိုက်တာမို့ အိမ်ထဲသို့ သူဝင်လိုက် ပါသည်။ ဘုရားစင်မှ ရေမွှေးနှင်းဆီနှင့် အောင်သပြေပန်းတို့က လှပကာ မွှေးနေသလို ကျက်သရေရှိလိုက်တာလေ။ ဧည့်ခန်း လေးက အခန်းကျဉ်းပေမယ့် သန့်ရှင်းလိုက်တာနော်။ သားအမိ နှစ်ယောက်တည်းရှိလို့ပဲလား။ ဒါမှမဟုတ် နီနီကပဲ ဒီလိုသန့်သန့် ရှင်းရှင်းပဲနေတတ်လို့ပဲထင်ပါရဲ့။ စည်းကမ်းရှိလို့ပဲပေါ့လေ။

"ထိုင်ပါ သား၊ သမီးက ရေချိုးပြီး ခဏလေးအိပ်မယ် ဆိုပြီး ခုချိန်ထိ မထသေးဘူးကွယ့်။ ညနေစာတောင်မှ မစားရ သေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



''နေစောင်းမှအိပ်တာ ဖျားနာမှုဖြင့် အန်တီရယ်။ ဪ ဒီမှာ အန်တီ့အတွက် လက်ဆောင် ကျွန်တော်ဝယ်လာတာလေး လက်ခံပေးပါ''

''မဟုတ်တာ သားရယ်၊ အားနာစရာကြီး။ ဒါနဲ့ သားက ဒီနယ်ကတော့ မဟုတ်ဘူးထင်ပါရဲ့''

''ဟုတ်ကဲ့၊ ကျွန်တော် ရန်ကုန်ကပါအန်တီ။ ဒီကို ခဏ အလည်လာတာပါ''

''အလုပ်ကရော''

'ကြော်ငြာဒါရိုက်တာပါခင်ဗျာ''

''ဟုတ်လား၊ ဒါဖြင့် သမီးအလုပ်ဆင်းနေတဲ့ဟိုတယ် မှာပဲ တည်းတာပေါ့''

''ဟုတ်ပါတယ် အန်တီ''

''ဪ. . . ခဏနော်၊ သမီးကိုသွားနှိုးလိုက်ဦးမယ်''

''အိပ်နေတာ အိပ်ပါစေအန်တီရယ်၊ တော်ကြာ အိပ် ရေးမဝတာဝဖြစ်ပြီး ခေါင်းကိုက်နေပါဦးမယ်''

ဖျတ်ခနဲလန့်နိုးသွားချိန်မှာ ကြားလိုက်ရသည်က ဧည့် ခန်းဆီမှ စကားသံလေ။ ဘယ်ကဧည့်သည်များ ရောက်နေတာ ပါလိမ့်။ အပြင်မှာ မောင်စပျိုးချိန်ကြီး အိမ်ကို ဧည့်သည်ရောက်





လာရတယ်လို့၊ အိပ်ရာထဲမှ လူးလဲထကာ တစ်ချက်သန်းဝေလိုက် ပြီး မျက်လုံးပွတ်ရင်း ဧည့်ခန်းသို့ထွက်လာခဲ့ပါ၏။

''ဟော! ပြောရင်းဆိုရင်း သမီးတောင် နိုးလာပြီ''

''ဟင်! ဘယ်လိုဖြစ်ပြီး ရောက်လာတာလဲ''

''ကိုယ်လာမယ်လို့ နိုကိုပြောထားတယ်လေ''

''အာ. . . ဒီလောက်အလုပ်ရှုပ်နေတာ လည်အားသေး လား''

''ဘယ်နေ့ OFF လဲ''

''Hotel မှာ ဒီလောက်လူကျနေတာ ဒီလ ဘာ OFF မှ ရမှာမဟုတ်ဘူး''

''မနက်နေဂျာကို ကိုယ်ပြောပေးမှာပေါ့။ ဒါမှ ကမ်းခြေကို နိုလိုက်ပို့ပေးလို့ရမှာလေ''

''ကမ်းခြေကို''

''အင်းလေ''

''နိုက ဘာလို့လိုက်ရမှာလဲ''

''နိုလိုက်မှ ဘယ်နေရာ View ကောင်းသလဲကြည့်ပြီး Seen ရိုက်လို့ရမှာပေါ့ကွ။ ဘာလဲ၊ ဒါလေးတောင် မကူညီချင် တော့ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါဘူး''

မေမေ့ရှေ့မှာ တရင်းတနှီး ဖော်ရွေစွာ နှီကိုပြောနေတာမို့ သူ့ကို နှီအံ့သြနေတာပါလေ။ ဘယ်လိုလဲ၊ ရန်ကုန်သားတွေ စကားကြွယ်တယ်ဆိုတာကို နှီယုံရတော့မယ်ထင်ပါရဲ့။

''မဆာသေးဘူးလားသမီး၊ သားပါ တစ်ခါတည်း ညနေစာ ဝင်စားသွားပါလားကွယ့်''

''နေပါစေ အန်တီရယ်''

''သူ့လိုလူတွေက နှီတို့လို အိမ်ဟင်းအိမ်ထမင်းကို ဘယ်စားနိုင်မလဲမေမေရဲ့''

''ဒါက ရွဲ့တာပေါ့လေ၊ ကိုယ်မစားနိုင်ဘူးထင်နေရင်တော့ မှားမှာပေါ့နှီရဲ့။ ကျွန်တော်က ထမင်းကိုသိပ်မစားလို့ပါ အန်တီ။ အလုပ်ချိန်ကများလို့ ဗိုက်ဆာရင် ကော်ဖီနဲ့မုန့်ပဲ အများဆုံး စားဖြစ်လို့ပါ''

''အဲဒီလိုမလုပ်ရဘူးလေ သားရဲ့၊ အစာမစားဘဲ အဆာခံတာများရင် အစာအိမ်ရောင်လာတတ်တယ်။ ရောဂါဖြစ်တော့ မကောင်းဘူးပေါ့''

''ဟုတ်လိမ့်မယ်၊ ဒါကြောင့် တစ်ခါတစ်ခါ ဗိုက်အောင့်အောင့်နေတတ်တာ''





အင်း. . . မေမေနဲ့တော့ ပုလဲနံ့ပသင့်နေတာပါပဲလား။ မေမေကိုယ်တိုင် ထမင်းစားဖို့ဖိတ်ခေါ်နေတာမို့ နှီက ကန့်ကွက်လို့မရတော့ပါလေ။ ဟင်းအိုးနွေးဖို့ ထရပ်တာကို မေမေလုပ်မယ်ဆိုပြီး တားတာမို့ သူနဲ့အတူ ဆက်ထိုင်ဖြစ်လေ၏။

''စဉ်းစားပြီးပြီလား''

''ဘာကိုလဲ''

''ကိုယ့်ကို တစ်ခုခုခေါ်ဖို့လေ''

နှာခေါင်းရှုံ့ပြလိုက်မိ၏။ သူကများ ခပ်ဆန်းဆန်းခေါ်စေချင်ရတယ်လို့။ နားထဲမှာကြားရတဲ့ 'မာန်'ဆိုသည့် Model မေစပယ်ဖြူရဲ့အသံကြောင့် ခေါင်းကိုခါလိုက်မိသည်။ ကိုရဲပဲခေါ်ခေါ်၊ ကိုထက်ပဲခေါ်ခေါ်၊ ဘယ်လိုအဖျားဆွတ်ခေါ်ခေါ် ကောင်းသည့်နာမည်ပါပဲ။

ဘယ်ဖြစ်မလဲနော်။ နှီက သူများတွေလုပ်သည့်အတိုင်း လုပ်တတ်တဲ့သူမှမဟုတ်တာလေ။

''Ready ဖြစ်ပြီတဲ့၊ ထမင်းစားကြစို့ အစ်ကို''

သူလှစ်ခနဲပြုံးလိုက်တာကို မြင်ပေမယ့် မသိယောင်သာဆောင်လိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"နီနီညို"

"ရှင်"

Uniform လဲပြီးရုံရှိသေး။ နာမည်ခေါ်သံက ကြားရချေပြီ၊ အင်း. . . ဒီကြော်ငြာရိုက်တဲ့ညသည်တွေပြန်မှပဲ နီတို့အလုပ်သမားတွေ နားရက်ရှိတော့မှာလေ။ အခ်ကို့ကိုခင်မင်ပေမယ့် ဒီ Model ကတော့ နီ့ကိုမကြည်မှန်း စိတ်ထဲမှာ ထင်နေလို့ပါပဲ။

အင်းပေါ့လေ၊ နာမည်ကြီး Model ဆိုတော့လည်း မာနက ထိပ်ခေါင်မှာ ရှိတာကိုး။ နီတို့လို လူတန်းစားအလတ်မှာမို့ အထင်သေးတာပဲပေါ့နော်။

သို့သော်ငြား တစ်ခါတစ်ခါ ဘာမဟုတ်တာလေးတွေ

ရွှေဂေဒေ သာဓာပေ

www.burmeseclassic.com

www.burmeseclassic.com



ကို အကြောင်းပြ ဂိုတိုက် ဇိဇာကြောင်တတ်တာကတော့ အတော့်ကို လွန်သည်ဟုထင်ပါ၏။ တကယ်တော့ လူဆိုတာ ကိုယ့်ဖို့ပဲ သိတတ်ကြတာ သဘာဝပေမယ့် သူ့ဘက်ကိုယ့်ဘက်ငဲ့တတ်တဲ့ ကိုယ်ချင်းစာနာစိတ်တော့ ရှိထားသင့်ပါတယ်လေ။ လူ့ဘဝဆိုတာ တစ်သတ်မှတ်တည်းရှိတာမှမဟုတ်တာ။ အနိမ့်အမြင့်ရှိတဲ့ တောင်ကုန်းတွေ မြေပြန့်ချိုင့်ဝှမ်းတွေရှိသလိုမျိုး အောင်မြင်ခြင်း ရှုံးနိမ့်ခြင်းဆိုတာလည်း ရှိနိုင်သည်ပဲ။

ဒါကို တရားသဘောနဲ့မရှုတတ်တဲ့ ဖိလို့ရသမျှဖိရအောင် နီတို့က ရာဘာတုံးလည်းမဟုတ်သလို ထုလို့ရတိုင်း ထုရအောင် ပေတုံးလည်းဟုတ်မှမဟုတ်တာလေ။ ရေထဲမှာမိချောင်း၊ ကုန်းပေါ်မှာ ခြင်္သေ့၊ လေထဲမှာ စွန်လိုမျိုး မင်းမူတတ်တာကိုသိပေမယ့် 'ငါ'ဆိုတဲ့အတ္တက သူမတို့လိုလူချမ်းသာတွေရဲ့ဦးနှောက်ထဲမှာပဲ ရှိနေတာကို နီတို့အသိဆုံးပါပဲ။

"ခဏလာဦး"

လာဆိုမှတော့ သွားရပြီပေါ့။ မန်နေဂျာလှမ်းခေါ်လိုက်သည့်ရုံးခန်းအတွင်းသို့ နီလိုက်ဝင်သွားပါ၏။ ဒီမန်နေဂျာလောက် ဂဂျီဂဂျောင်များတာရှိပေမယ့် အစ်ကိုက ဘာလို့များ အပိုင်ကာ လို့ရတာပါလိမ့်နော်။ ဘယ်လိုနည်းလမ်းများရှိနေလို့ပါလဲ။





"ထိုင်"

"ဟုတ်"

"မနက်ဖြန်ကျရင် ဟိုဒါရိုက်တာလေးတို့က ကမ်းစပ်မှာ ကြော်ငြာရိုက်မှာ"

ထင်သားပဲ။ ကိုယ့်ဘာသာကိုယ် သွားရိုက်ပါလားလို့။ လူကိုလိုက်ဖို့ ဦးအောင်မြိုင်ကိုပြောပြီးပြီထင်ပါ၏။ ကိုယ့်အလုပ်မှမဟုတ်တဲ့ဟာ မလိုက်ချင်ပါဘူး။ နီက ဒီနယ်မှာမွေးခဲ့တဲ့လူမို့ စက်စဲကမ်းခြေဆိုတာ အထူးအဆန်းမှမဟုတ်တဲ့ဟာလေ။ အစ်ကိုကတော့ လုပ်ချလိုက်ပြန်ပါပြီနော်။

"အဲဒါ ညည်းလိုက်သွားပေးရမယ်"

"အို! နီနဲ့ဘာဆိုင်လို့တုန်း လေးလေးရဲ့။ နီ့တာဝန်က Room ရှင်းပေးရတဲ့ House Keeping ပါ။ ဒီကြားထဲမှာ တခြားတာဝန်တွေကိုပါ လိုက်လုပ်ပေးနေရတာပဲ။ နီ့အခန်းဆယ်ခန်းရှင်းရတာ လေးလေးသိရဲ့သားနဲ့"

"ညည်းကို ဟိုက Guide အနေနဲ့ခေါ်သွားမှာ။ ဘောက်ဆူးတွေဘာတွေရမှာမို့ ငါက စေတနာဗလပွနဲ့လည်း ချိတ်ပေးရသေးတယ်။ ချေးက ထူပြန်ပြီ"

"အာ! ဘာဘောက်ဆူးမှမလိုချင်ပါဘူး။ အဲဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှုပ်နားရှုပ်နေရာမျိုးကို ဘာလို့ခေါ်ရတာလဲ။ မလိုက်ချင်ပါဘူး။ တခြားလူထည့်ပေးလိုက်ပါလားလို့"

"ဟ! သူက နီနီညိုမှနီနီညိုပါဆိုပြီး By name တပ်ခေါ်တဲ့ဟာ၊ တခြားလူထည့်ပေးလို့ဘယ်ရပါ့မလဲ၊ ညည်းတာဝန်ကို တခြားလူနဲ့ခွဲဝေပေးလို့ရတာပဲဟာ"

"အဲဒီတခြားလူကိုပဲ အစားထိုးခေါ်သွားပါလားလို့ လေးလေးကလည်း"

"မရလို့ပေါ့ဟ၊ ညည်းကတော့ ကြဲဖန်ငြင်းနေရပြန်ပါပြီ မိနီနီ။ ဟိုကောင်လေးနဲ့လည်း ဒီလောက်ရင်းနှီးနေပါလျက်နဲ့ ပဲကိုများတယ်"

"ဟင်! နီဘယ်မှာရင်းနှီးလို့လဲ"

"ပြောင်မလိမ်ချင်စမ်းပါနဲ့ နီနီညို၊ ညည်းနဲ့မရင်းနှီးဘဲ ဟိုက ညဘက်မှာ ညည်းအိမ်ကိုလာလည်လို့ရမလား။ ယုတ္တိရှိရှိပြောစမ်းပါ"

သေစမ်း! သူလာလည်တာကို ဟိုတယ်ကလူတွေ ဘယ်နှယောက်များ သိကုန်နေကြပါလိမ့်။ သူလုပ်ပုံနဲ့တော့ နီ အချောင်နာမည်ထွက်တော့မှာပါပဲလားနော်။ မျက်လုံးကြီးပြူးပြီး အော်လိုက်သည့်လေးလေးကို နီတော့ လက်မြှောက်အရှုံးပေးရတော့မှာလေ





"သူနဲ့က ရင်းနှီးသင့်သလောက် ရင်းနှီးတာမှန်ပေမယ့် သူ့ Model မှ နီ့ကိုကြည့်မရတာ လေးလေးရဲ"

"ဟိုကကြည့်မရတာလား၊ ညည်းကိုက သူ့ကိုကြည့်လို့မရတာလား"

"သိဘူး"

"ဟိုက နာမည်ကြီး Model... လေ၊ ဒီလောက်တော့ Power ပြမှာပေါ့။ ညည်းက သာမန်ဝန်ထမ်းပေါက်စလေးပဲဟာ၊ ကိုယ်က နိမ့်တော့ အောက်ကျို့သင့်ကျို့ရမှာပေါ့။ ခေါင်းမော့ပြီး ဘဲတွေးတွေးချင်လို့ရမလား။ စဉ်းစားကြည့်"

ရင်ထဲမှာ အောင့်သွားရပါသည်။ နိမ့်တဲ့လူတဲ့၊ နီတို့က ဉာဏ်အားနဲ့ခွန်အားကိုယူဉ်ပြီး အားစိုက်နေကြသူတွေပါ။ နိမ့်ပါးတဲ့အစေခံအလုပ်သမားမှမဟုတ်ဘဲ။ ကိုယ်ယူထားတဲ့တာဝန်ကို စေတနာအပြည့်နဲ့ တာဝန်ကျေပွန်အောင်လုပ်တတ်လေ့ရှိသော်ငြား အောက်ကျို့ရလောက်တဲ့အထိတော့ ကိုယ့်ကိုယ်ကို မနှိမ့်ချနိုင်ပါလေ။

"နီက ဟိုတယ်ဝန်ထမ်းပါ လေးလေးရဲ့"

"အေးလေ၊ ဟိုတယ်ဝန်ထမ်းမို့လို့ ဒီတာဝန်ကိုပေးရတာပေါ့။ အားလုံးထဲမှာ ညည်းက အသွက်ဆုံးမို့ သူကရွေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ။ ဘာပင်ပန်းစရာရှိလဲ။ ကိုယ်ပိုင်ကားပေါ် ငြိမ့်ငြိမ့်လေးပါသွားပြီး ဟိုရောက်ရင် View လှလှကလေးတွေ ရှာပြပေးရုံပဲ။ အောက်ခြေသိမ်းအလုပ်တွေ လိုက်လုပ်ပေးစရာမှမလိုတဲ့ဟာ။ ပြီးရင် ကားလေးနဲ့ကော့ကော့လေး ပြန်လာရုံပဲ''

ဟင်း! ပြောတော့ဖြင့် လျှာဖျားလေးနဲ့ လွယ်ပါ့လေးလေးရယ်။ ဟိုရောက်ရင် အဲဒီမမက နို့ကိုဟိုဟာရှာပေး ဒီဟာဝယ်ပေးဆိုပြီး ခိုင်းတော့မှာလေ။ နီပြန်ပြောမိရင် Service လုပ်ဆောင်ပေးရမယ်မဟုတ်လားဆိုပြီး နို့ကိုဟောက်မှာအမှန်ပါလေ။ ညစ်တယ်နော်. . . ညစ်တယ်။ နီတို့နယ်ကိုမှ ဘယ်လိုမျက်စိကျပြီးရောက်လာကြတာပါလဲ။

''တစ်ရက်ပဲမဟုတ်လား''

''မပြောတတ်သေးဘူး။ မောင်းမကန်ကိုသွားချင်လည်း သွားမှာပေါ့''

ကောင်းရော။ လူကိုများ Tourist Guide လို့များ ထင်နေသလားမသိ။ ဟိုခေါ်ဒီခေါ်နဲ့ ဟုတ်နေတာပါပဲလား။ သူများလိုက်ချင်သလားမလိုက်ချင်သလားမသိ။ ကိုယ့်ဖို့ပဲကိုယ်သိတတ်ကြတာ အမှန်ပါပဲလားနော်။ စိတ်တိုလာပြီ။ 'စိုင်းထီးဆိုင်'လိုနံ့ရုံကို လက်သီးနဲ့ထိုးမိတော့မယ်။





''ဟိုင်း!. . . နီနီ''

မန်နေဂျာရုံးခန်းထဲမှထွက်လာရုံရှိသေး၊ Duty မဝင်ရသေးခင် နို့ကိုသူလှမ်းမြင်ရတယ်လို့။ မကြားယောင်ဆောင်ကာ စတိုခန်းဆီ ဆက်လျှောက်တော့ အနောက်မှ တဖတ်ဖတ်ပြေးလာသံနှင့်အတူ နို့လက်မောင်းကို ဖျတ်ခနဲဆွဲကိုင်ခြင်း ခံလိုက်ရလေ၏။ လုပ်လာပြန်ပြီ။ Hotel ထဲမှာ ဝန်ထမ်းတွေအများကြီးရှေ့ လုပ်သင့်မလုပ်သင့်မချင့်ချိန်တတ်တဲ့ ကိုကို Popular ရေ့။

''ဘာလဲ''

''အားပါး. . . မာနက မိုးထိမြင်နေတဲ့လေသံကြီးပါလား။ ဒီနေ့ရာသီဥတု မသာယာဘူးထင်ပါရဲ့''

''စကားပြောဖို့မအားဘူးရှင့်၊ အခုမှ အလုပ်စလုပ်ရမှာ''

''အဲဒီ Squirrel ကို တောထဲသွားလွှတ်ပေးလေကွာ''

''ဘာလဲ''

''နီပဲ ရှဥ့်ဆို''

မျက်ခုံးပင့်ပြီး ခပ်တည်တည်စနောက်နေသည့်သူ့ကို မျက်စောင်းခဲလိုက်မိပါ၏။ လူကိုများ စရာလေးလို့ထင်နေလို့လား။ မရင်းနှီးခင်ကတည်းက ပြုံးစစမျက်နှာနှင့် လူကိုလှမ်းခေါ်ခဲ့တာကို နီမှတ်မိနေပါသည်။ ရင်းနှီးလာပြန်တော့ရော နောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့စိတ်က မလျော့သေးပါလားနော်။

"ဘယ်အထိ လိုက်နေမလို့လဲ၊ နီက အခန်းရှင်းတော့ မလို့ပါဆိုနေမှ"

"Yes or No ဖြေပြီးရင် သွားမှာပေါ့"

"ဘာကိုလဲ"

"မနက်ဖြန် စက်စဲသွားမယ့်ကိစ္စလေ"

"ဟွန်း. . . မလိုက်ချင်ပေါင်၊ ပေလီတို့ငွေဆောင်တို့ဆို မရောက်ဖူးသေးလို့ ဟုတ်တုတ်တုတ်။ ဒီနေရာတွေများ သွားလွန်းလို့ သောင်စပ်မှာ ခြေရာတွေ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ခဲ့တာကြာပေါ့"

သူက နီပြောတာကို သဘောကျစွာဖြင့် တဟားဟားရယ်ချေ၏။ ဟုတ်တယ်လေ၊ မရောက်ဖူးသေးတဲ့နေရာမျိုးကိုပဲ လူတိုင်းသွားချင်မှာပေါ့။ ပုပ္ပားလို ပုဂံညောင်ဦးလို ပြင်ဦးလွင် စစ်ကိုင်းလို၊ ရှိုးမတောင်တန်းကြီးလို နေရာဆန်းဆန်းတွေကိုပဲ ရောက်ချင်တာပါလေ။

"ငွေဆောင်တို့ ပေလီတို့က Honey moon ထွက်မှ သွားရတာကွ"

"ဘာရယ်"





ကြည့်စမ်း!. . . လူကိုများ အသက်ငယ်ငယ်ကလေးနဲ့ ယောကျ်ားယူခိုင်းချင်ရတယ်လို့။ စိတ်တိုသွားတာမို့ လက်ထဲမှာ ကိုင်ထားသည့်ထရော်လီလှည်းကိုင်းဖြင့် သူ့ကိုတွန်းတိုက်မိလေသည်။ သူက နီ့ကိုရှောင်လိုက်ကာ နီ့ဘေးမှလိုက်လျှောက်လိုက်လေသည်။

"Honey moon ပဲပြောရသေးတယ်၊ မျက်နှာက ရှုပ်နေပြီ။ မင်းနဲ့ကိုယ်နဲ့လို့တောင် မပြောရသေးဘူး"

"အစ်ကိုနော်၊ ဒါ စစရာမဟုတ်ဘူး"

"စတာမှမဟုတ်တာ၊ အတည်ပြောတာပါကွ"

"ဘာအတည်လဲ၊ တွေ့သမျှရေအိုင်တိုင်း ခြေဆေးလေ့ရှိတဲ့အစ်ကိုတို့ယောကျ်ားတွေရဲ့စကားကို နီက ယုံတာမှမဟုတ်တာ"

"ဟာ! ဒါတော့ နီလွန်တာပဲ"

"ဘာလွန်လို့လဲ"

"ကိုယ့်ကိုမျက်နှာများတဲ့လူလို့ထင်နေတာ လွန်တာပေါ့"

"မဟုတ်လို့လား"

သူငြိမ်သွားလေ၏။ အရွယ်ကလည်း ကောင်း၊ ရုပ်ရည်ကလည်းရှိ၊ ပိုက်ဆံရှာတာလည်းတော်၊ အလုပ်ကလည်း အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်သည့်သူလိုလူမှာ လက်ဆုပ်လက်ကိုင်ချစ်သူတစ်ဦးမှ ရှိမနေဘူးဆိုတာ နိုယုံပါ့မလား။ ယုန်ကိုငုံပြီးပြောရင်တောင် လုံးဝမယုံပေါင်ရှင်။

``ဘာဖြစ်လို့ အဲဒီလိုထင်ရတာလဲ''

``ပြောမှသိမှာလား''

``ဒါပေါ့''

``အဲဒီနေရာမှာ ဒီလိုအကွဲလေးရှိတဲ့လူက အရမ်းမြာပွေတာတဲ့''

သူ့မေးစေ့အကွဲနေရာလေးကို လက်ညှိုးနှင့်အသာဖွဖွလေး လှမ်းတို့ပြီးပြောမိစဉ် သူက နို့လက်ဖျားလေးကို ဖျတ်ခနဲဆွဲကိုင်ထားလိုက်လေ၏။

မှားချေပြီ။ ပြောသင့်ပြောထိုက်တာကို နှုတ်ကမပြောဘဲ လက်နဲ့ပြမိတာ နို့အမှားပါပဲ။

``မနက်ဖြန်လိုက်မှာပါနော်''

``အင်း''

``OK! Thanks! ''

သူက နို့လက်ဖမိုးလေးကို ရွှတ်ခနဲမွှေးကာ အနီးမှထွက်သွားတာမို့ ရင်ထဲမှာလှိုက်ဖိုသွားတာလေ။





အို! အရိုင်းစံပယ်လေးကို အခုလိုလာထိပြီး ကစားသွားရတယ်လို့ ကိုကိုလိပ်ပြာရယ်။ နို့က တကယ့်ဆို တကယ့်ကိုမှ ဒီလိုသူစိမ်းယောကျ်ားလေးတွေနဲ့ ထိတွေ့ရင်းနှီးမှုတစ်ကြိမ်လေးမှ မရှိခဲ့တာအမှန်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

''သမီးရေ. . . ညည့်သည်''

ဗုဒ္ဓေါ်! အခုမှ ရေချိုးပြီးကာစရှိသေးတာ၊ အစောကြီး ရောက်ချလာပါရော့လား။ အလုပ်ချိန်မဟုတ်တာမို့ Uniform ဝတ်ရမလား၊ မဝတ်ရဘူးလား စဉ်းစားနေရုံရှိသေးတာပါ။

''သမီးရေ''

မေမေကလည်းနော်၊ သမီးက ရေလျှားပြီး တဘက်ကြို သားတဲ့အချိန်ပဲရှိနေတာကို တစ်ချိန်လုံးလှမ်းခေါ်နေရတယ်လို့။ အေးအေးချမ်းချမ်းမနက်ခင်းမှာ နှိုးနှိုးတွေ ရွှေ့စိုနေရပါပြီ။

''သမီး. . . နိုနို''

''လာမယ်မေမေရေ၊ လာမယ်၊ ဒီမှာအခုထိ အကျီမဝတ် ရသေးဘူး။ ဘာဝတ်ရမှာလဲ မသိပါဘူးဆိုနေမှ''

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူက အဲဒီလိုပဲသားရေ့၊ သွားခါနီးလာခါနီးဆို ဈာများပြီ။ ခဏနော်"

ဟွန်း! သူ့ကိုများ ချေချောင်ငံပြောပြီး ရှင်းပြနေရတယ်လို့။ အမြင်ကပ်ပါတယ်ဆိုနေမှပဲ၊ ဟိုရောက်ရင် ဟို Model မမက နို့ကိုဆရာလုပ်ပြီး ခိုင်းဦးမှာလေ။ ကြိုတွေးမိရင် ရင်မောစရာတွေချည်းပါပဲလား။

"လေတိုက်ထဲသွားမှာမဟုတ်လားသမီးရဲ့၊ ဟိုတလောက သမီးဝယ်ထားတဲ့အကျီအဖြူလက်ရှည်ဖောင်းဖောင်းလေးကိုပဲ ဝတ်သွားလေ။ အဲဒါလေးက သမီးနဲ့သိပ်လိုက်တယ်"

"အာ. . . အလုပ်ကိစ္စနဲ့သွားရတာ Uniform ပဲဝတ်ရမလားလို့ နီစဉ်းစားနေတာမေမေရဲ့"

"Hotel ကိုဝင်စရာမှမလိုတော့တာပဲ နီနီရယ်၊ ကမ်းစပ်ကိုပဲ တန်းသွားကြမှာလေ။ အပြင်အဝတ်အစားနဲ့ပဲလိုက်ခဲ့ပါ"

"ဟဲ! ကြားတယ်မဟုတ်လား။ မြန်မြန်လုပ်"

မေမေက သူလှမ်းပြောတာကို ထောက်ခံလျက် နီနီ့ကို လောဆော်လိုက်လေ၏။ ဟုတ်ပါရဲ့။ နီဝယ်ထားတဲ့ Blouse အဖြူလေးက လည်ပင်းမှာ ကော်လံတိုတိုလေးနှင့် ဖဲကြိုးပါသလို လက်ရှည်အောက်နားမှာ ဖောင်းပြီး လက်စည်းလေးပါကာ ပွ





လေးမို့ အေးသလို၊ သိပ်မပါးဘဲ လေတိုက်ရင် အအေးမမိတဲ့ ပိတ်စလေးပါပဲ။

နီဝယ်လာတုန်းက မေမေ့ရှေ့မှာ ဝတ်ပြခဲ့တာမို့ နီ့ကို အရမ်းလိုက်တဲ့အကျီလို့ မေမေပြောခဲ့တာပါ။ နေပူလာမှာမို့ လက်တိုမဝတ်ချင်တာနဲ့ အဲဒီအကျီနဲ့လုံချည်က အနက်ပေါ်မှာ အဖြူပွင့်လေးတွေကျဲကျဲရှိတဲ့ ပိတ်ပျော့လေးကိုပဲရွေးကာ တွဲဖက်ဝတ်လိုက်ပါသည်။ ဆံပင်ကိုတော့ ခါတိုင်းလို ကလစ်ဖြင့်မစည်းတော့ဘဲ ဘေးထိုးကလစ်နှစ်ခုကိုသာ မျက်နှာမအုပ်မိစေရန် ဆံပင်တွေကို ဘေးသိမ်းကာ ကလစ်ဖြင့်ထိုးထားလိုက်ပါသည်။

မျက်နှာကို မိတ်ကပ်ပါးပါးလေး လူး၊ Puff ဖွဖွရိုက်၊ မျက်ခုံးကို သေးသေးလေး သိပ်မတင်ရုံဆွဲ၊ နှုတ်ခမ်းကို ပန်းနုရောင်ခပ်ဖျော့ဖျော့လေး မသိမသာဆိုးရင်း အလှပြင်ခြင်းကို အဆုံးသတ်လိုက်ပါ၏။ ဖိနပ်ကိုတော့ ကွင်းထိုးအဖြူပါးပါးလေးပဲ စီးသွားဖို့ဆုံးဖြတ်ကာ အခန်းထဲမှထွက်ခဲ့လိုက်ပါသည်။

"ဟား! သိပ်ကိုတောက်ပလင်းလက်နေတာပါပဲလား"

"အစ်ကိုနော်၊ မြင်တာနဲ့ နီ့ကိုလိုက်မစနဲ့"

လှမ်းပြောလိုက်သည့်သူက T-shirt အဖြူနှင့် အောက်က Jeans အပြာရင့်ဝတ်ထားတာမို့ အတော်ကလေးကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေတာလေ။ အင်းပေါ့လေ၊ နို့တို့က မရှိမရှားလူတန်းစား မဟုတ်ပါလား။ သူတို့က လက်ဖွားငွေသီးတဲ့လူတွေမို့ ဘာပဲဝတ်ဝတ် လိုက်ဖက်တဲ့ပုဂ္ဂိုလ်တွေပါလေ။

"ဘယ်အချိန်ပြန်လာမှာလဲ၊ မေမေ့ကိုပြောခဲ့ဦးမှာ"

"ဪ. . . ကိုယ်ပိုင်ကားနဲ့သွားကာပဲကို၊ ဘယ်အချိန်ပြန်လာလာပေါ့။ မှောင်မှပြန်ရင်လည်း အိမ်ရှေ့ထိ ကိုယ်ပြန်လိုက်ပို့ပေးမှာပေါ့နီနီရ။ ဘာဖြစ်လဲ"

"မေမေစိတ်ပူနေမှာစိုးလို့ပါရှင့်"

"လာပြန်ပြီလား ဒီရှင့်ကြီး။ ရန်ကုန်ထိ နို့ကိုမခေါ်သွားမှန်း အန်တီသိတာပဲဟာ။ နော်. . . အန်တီရယ်"

"အံမယ်! ရန်ကုန်မှာ သင်တန်းတွေ သွားတက်ခဲ့ဖူးတဲ့လူပါနော်။ လူကိုများ မျက်စိသူငယ်နားသူငယ်နဲ့ ထိုင်ငိုမယ့် သူငယ်နှပ်စားလေးလို့ မထင်ချင်ပါနဲ့"

"ဟုတ်ပါပြီ၊ ဂျင်ပေါ်ကထုံးစက်လေးရယ်၊ ကားပေါ်ကို တက်ပါတော့။ ခွင့်ပြုပါဦးအန်တီ၊ ဘာများလမ်းကြုံမှာချင်ပါသေးသလဲ"

"မမှာတော့ပါဘူး သားရယ်"

မေမေက ခြံဝအထိ နို့တို့ကိုလိုက်ပို့ပေးလေ၏။ အမိုးမရှိ





ကားဝါလေးရဲ့တံခါးကို သူဖွင့်ပေးတာမို့ ဇိမ်ကျကျတက်ထိုင်လိုက်ပါ၏။ နေပူမှာမှန်ပေမယ့် နို့က ဒီလိုလေတဟူးဟူးတိုက်ပြီး မျက်နှာကို လေတိုးသည့်ခံစားမှုကို နှစ်သက်တဲ့မိန်းကလေးမို့လား။

"ဟို Model မမကရော"

"သူ့ကားနဲ့သူ သွားမှာပေါ့၊ ဘာဖြစ်လို့မေးတာလဲ"

"သိဘူးလေ၊ တော်ကြာ သူ့ဒါရိုက်တာရဲ့ကားပေါ်မှာ နို့ ကျော့ကျော့လေးထိုင်တာမြင်ရင် 'မထိုင်နဲ့ ဆင်း' ဆို ဘယ့်နှယ်လုပ်မတုန်း"

"ဘယ်လိုပြောလိုက်တယ်၊ သူ့ဒါရိုက်တာဟုတ်လား"

"အင်းပေါ့"

"စံပယ့်ကို ကိုယ်ကပိုင်တာမှမဟုတ်ဘဲ"

"ပြောတတ်ဘူးလေ၊ ဟိုက 'မာန်' ဆိုတာနဲ့ ဒီလူကြီးက ပျာယာခတ်သွားပြီးတော့များ။ မသိရင်ခက်မယ်"

သူက ကျေနပ်ဟန်ဖြင့် ခပ်တိုးတိုးရယ်လေ၏။ ကားလေးက ငြိမ့်ခနဲထွက်သွားကာမို့ ရင်ထဲမှာ ဒိတ်ခနဲခုန်သွားမိပါသည်။ ဒီလိုကားလှလှလေးပေါ်မှာ နို့မဟုတ်တဲ့မိန်းကလေးချောချောလှလှလေးတွေ ဘယ်နှယောက်များ လိုက်စီးခဲ့ကြတာပါလိမ့်။ သူ့လိုနာမည်ကြီးအနုပညာသမားရဲ့ဘေးမှာ ကောင်မလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပတ်လည်ဝိုင်းနေမှာလေ။

"ဟောဗျာ! မေးနေတာ မကြားဘူး။ စိတ်က ဘယ်မြက်ခင်းရောက်နေလဲ"

"ဟင်! ဘာမေးလိုက်သလဲ"

"Breakfast ဘာစားခဲ့သလဲလို့"

"စားဖို့ဘယ်မှာအချိန်ရလို့လဲ၊ လူကို ခြောက်နာရီကြီးလာခေါ်ပြီးတော့များ"

"ကိုယ့်ဘာသာ အိပ်ရေးပုပ်ရင်ပုပ်တယ် ဝန်ခံလိုက်စမ်းပါ အမိရဲ့။ လူကြီးကိုအပြစ်မတင်ချင်ပါနဲ့"

သူက နီ့နားထင်ကို လက်ညှိုးဖြင့် အသာဖိတွန်းလိုက်လေ၏။ ဒီလိုပဲ တခြားကောင်မလေးတွေကို သူတရင်းတနှီးရှိမှာပဲပေါ့နော်။ နီကသာ ခဏတဖြုတ်ရောက်လာတဲ့ဧည့်သည်ကို စိတ်တွေယိုင်နဲ့ပြီး ရင်ခုန်နေမိရတယ်လို့။ စိတ်ထိန်း စိတ်ထိန်း နီနီညို။ တစ်လဆိုတာ သူ့လိုလူအတွက် ခပ်ပါးပါးလေးနဲ့ မေ့ပျောက်နိုင်ခဲ့ပေမယ့် နီ့အတွက်ကတော့ အကြီးကြီးပါလေ။

"ဟမ်! ဘာပြောလိုက်တယ်"

"ထမင်းကြော်ဝယ်ကျွေးမယ်လို့ပြောတာလေ နားထိုင်းလေးရဲ့"





ဟောကြည့်! လုပ်ပြန်ပြီ၊ လူကိုခေါင်းထိလိုက်၊ လက်မောင်းကို လက်သီးဖြင့်အသာထိုးလိုက်နဲ့ မထိတထိစတတ်နေပါရောလား။ နောင်နောင်သာမြင်ရင် နင်တော့နာတော့မယ်ဆိုပြီး အကြိမ်းခံရမှာ အသေအချာပါပဲ။

ကမ်းခြေရောက်တော့ ခပ်စောစောမို့ ဘုရားဖူးသူတွေက နည်းနေပါ၏။ Model အဖွဲ့တွေနောက်နားမှာ ခပ်ခွာခွာလေး လျှောက်ပြီး နီလိုက်ခဲ့ပါသည်။ ကျိုက္ခမိရေလယ်ဘုရားဖူးတော့ ယောက်ျားလေးတွေက အထက်ပစ္စယ်တက်ရတာမို့ နီတို့ဘုရားရှိခိုးနေသည့်နေရာကို အပေါ်မှလှမ်းကြည့်နေကြလေ၏။

မေစပယ်ဖြူကို ဓာတ်ပုံတွေလှမ်းရိုက်နေကြတာမို့ နီက ခပ်ဝေးဝေးကသာ ဘုရားရှိခိုးလိုက်ပြီး ငါးစာကျွေးသည့်နေရာဆီ ဆင်းလာခဲ့ပါ၏။ လူများရင် နားငြီးမျက်စိနောက် စိတ်ရှုပ်တတ်တဲ့အကျင့်က နီ့မှာရှိနေတာကိုး။

ငါးစာဝေဖာထုပ် ရောင်းသည့်နေရာမှာဝယ်ပြီး ကျောက်လှေကားအောက်ဆင့်အထိ ဆင်းကာ ငါးတွေကို အစာထိုင်ကျွေးနေမိပါ၏။ ဘုရားခြေတော်ရင်း အုတ်လှေကားတွေဆီသို့ ရေတွေလာရိုက်သံက ဝန်းကျင်အနှံ့ သာယာနေလေသည်။

"လုံခြည်ရေစိုဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာ အုပ်စုလိုက် ရောက်ချလာတာမို့ နီက ဘီဒာတွေကို အကုန်ချကျွေးကာ မတ်တပ်ရပ်လိုက်ပါ၏။ ဖျတ်ခနဲ အသံကြားသွားတာမို့ ခေါင်းမော့ကြည့်လိုက်စဉ် နီ့ကို သူ ဓာတ်ပုံရိုက်လိုက်မှန်းသိသွားပါ၏။ ကြည့်စမ်း! လူကိုခွင့်မတောင်းဘဲ ဘယ်နှပုံတောင် ရိုက်လိုက်ပါသလဲ။

"ကမ်းခြေဆင်းရအောင်၊ ထမင်းစားပြီးမှဆင်းမလား"

"မာန့်သဘောလေ"

နီ့ကိုပြောတာလား၊ မေစံပယ်ဖြူ့ကိုပြောတာလားမသိတာမို့ သူ့ကိုကြည့်လိုက်စဉ် သူက နီ့ကိုပခုံးတွန့်ပြလိုက်လေ၏။ ဘာသဘောပါလိမ့်။ နီက ဒီလိုလက်ဟန်ခြေဟန်ပြတဲ့ သဘောတရားကို နားမလည်သည့်ငတုံးမလေးပါပဲ။

"နီနီညို"

"ရှင်"

"ဆိုင်မှာ တို့အတွက် ကြိုမှာထားပေးပါလား။ တို့လာရင် အဆင်သင့်ဖြစ်နေအောင်လို့လေ။ နောက်မှ မာန်နဲ့အတူတူ လိုက်လာခဲ့မယ်"

ကဲ! တွေ့တယ်မဟုတ်လား။ နီ့ကို သူမ ဆရာလုပ်နေပြီလေ။ စိတ်ကိုလျှော့ထား နီနီညိုရေ့။ ခပ်သန့်သန့်စားသောက်





ဆိုင်သို့ခြေဦးလှည့်ကာ သူတို့မှာလိုက်သည့်အတိုင်း Note Pad လေးဖြင့်မှတ်ကာ ဆိုင်ရှင်ကိုမှာထားလိုက်ရလေ၏။ ချက်ပြုတ်နေစဉ်မှာပင် နောက်မှရောက်လာပြီး တစ်ယောက်တစ်ပေါက်ဆူညံနေကြလေသည်။

စားသောက်ပြီး ကမ်းခြေဆင်းတော့ ရေထဲမှာရပ်ကာ အလှဓာတ်ပုံတွေ ရိုက်ကြလေ၏။ ဦးထုပ်ဆောင်းချင်သည်ပြော၍ ဈေးတန်းမှာ ပြေးဝယ်ပေးရပြန်သည်။ နေအရိပ် မရှိတာမို့ အအေးဆိုင်အမိုးအောက်မှာပင် နီထိုင်စောင့်ဖြစ်၏။ ပြောတော့ ဖြင့် သူဓာတ်ပုံရိုက်ဖို့ နီက နေရာရှာပေးရမှာတဲ့။ အခုတော့ သူ့ဘာသာသူ Model ကိုသာ ဓာတ်ပုံရိုက်နေချေပြီ။

"အုန်းရေသောက်မယ်နော်။ မှာထားပေး"

လက်လှမ်းပြရင်း ခိုင်းပြန်တာမို့ စိတ်တိုသွားပြန်ပါ၏။ အစောကြီးခွဲထားရင် အုန်းရည်ချဉ်တတ်တာကို ဒီမမ မသိလေရော့သလား။ သူတို့မသောက်ခင် နီက အုန်းသီးအစိမ်းရည်ကို အရင်ဆုံး ပိုက်ဖြင့်သောက်နေမိလေသည်။ ခဏအကြာမှ ရယ်ရယ်မောမောဖြင့် အပြေးတက်လာကြတော့ ဆိုင်ရှင်က အုန်းသီးတွေတစ်လုံးပြီးတစ်လုံး ခွဲပေးလေ၏။

"ကျွန်တော့်ဖို့ရော"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



“ခဏလေးစောင့်ပါ၊ သွားယူနေပါတယ်”

သူက ခုံဆွဲယူထိုင်လိုက်ပြီး နီသောက်နေသည့်အုန်းသီးကို လှမ်းယူလိုက်တာမို့ လွှတ်ပေးလိုက်ရလေ၏။ နီသောက်သည့်ပိုက်ဖြင့်ပင် (မရှံ့မရှာ)အုန်းရည်ဆက်သောက်နေတာမို့ နီမှာ တအံ့တသြ။ ဘယ်လိုကြီးလဲ၊ ဒီလိုပိုက်အတူသောက်ကြတာ စုံတွဲတွေပဲရှိတာလေ။

“ခုမှပဲ ရင်ထဲအေးသွားတော့တယ်၊ ဈေးဝယ်ရင် နီလိုက်ပို့ပေးဦးနော်”

မျက်စောင်းကိုသာ ဒိုင်းခနဲထိုးလိုက်မိပါ၏။ ရောက်တုန်းရောက်ခိုက် အမှတ်တရပစ္စည်းဝယ်စဉ် သူက ခရုဖြင့်လုပ်ထားသည့်ပန်းခြင်းလေးကိုရွေးပြီး နီ့လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

ကိုရဲထက်မာန်၊ ဒီနယ်ကပစ္စည်းကို ဒီနယ်သူကို လက်ဆောင်ပေးတာ မဆန်းပေမယ့် နီ့ရင်ထဲမှာ ဘာလိုလိုပါပဲလားအစ်ကိုရယ်။



## အခန်း (၈)

“ပျော်တယ်၊ သူ့နေရာနဲ့သူ လှကြတာချည်းပါပဲ။ ကိုသာ အတူပါလာရင် ပိုပျော်ဖို့ကောင်းမှာ။ သိလား”

ခပ်ရွှဲရွှဲအသံဖြင့် Phone ပြောနေတာမို့ သက်ဆိုင်သူထံမှန်း နီရိပ်မိပါ၏။ ညနေပြန်တော့မှာတောင်မှ အလွမ်းခြွေနေရတယ်လို့၊ အမြင်ကပ်ချင်လိုက်တာနော်။ အခန်းရှင်းပေးရင် ညွှန့်သည်က အပြင်ခဏထွက်ရှောင်ရမှာလေ။ သို့သော် ဒီမမကဖြင့် ဘမင်တကာမထွက်ဘဲ နီအလုပ်လုပ်နေတာကို လိုက်ကြည့်စပ်စုနေသလိုမျက်ဝန်းတွေနဲ့ပါလာ။

“ရိုက်ထားတာတော့ အများကြီးပဲ၊ အဲဒီကိုရောက်မှပဲကြည့်တော့လေ။ ဘာလဲ. . . လိုချင်လို့လား။ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လုံးအပိုင်ရတော့မှာကို ဓာတ်ပုံက ဘာအရေးလဲလို့။ ဟင်းဟင်း''

ဒီရယ်သံကို ဆည်းလည်းသံဆိုလား ကောင်လေးတွေ တင်စားကြပါရဲ့။ နီကတော့ ပဲများသူမဟုတ်တာမို့ ရယ်ရင်လည်း တဟားဟားပါပဲ။ နှောင်နှောင်က ယောက်ျားလေးဖြစ်ပေမယ့် အသံတိုးတိုးလေးပဲပြောတတ်တာပါ။ နီကတော့ ပေါင်ဖွာဖောင် ဖွာခပ်စွာစွာကောင်မလေးပါပဲ။

''သတိရတာပေါ့၊ ဘယ်သွားသွား ကိုနဲ့ပဲအတူသွားချင် တာလေ။ တကယ်ပြောနေတာပါနော်။ တို့ညာမပြောတတ်မှန်း ကိုသိသားနဲ့။ အခု ရေချိုးပြီးလို့ ကိုလက်ဆောင်ပေးထားတဲ့ေ မွှေးလေး ဆွတ်ထားတယ်။ မယုံရင် လာမွှေးကြည့်လေ၊ ဟင်း ဟင်း. . .''

ကြားရတဲ့လူပင် နားရွက်ရဲသွားရပါ၏။ သူမချစ်သူ ဒီလိုကြီးပြောပုံရတယ်လို့၊ ဟိုတစ်ဖက် ဘာပြောမှန်းမသိပေမယ် ဒီကပြောနေတာက အတိုင်းသားကြားနေရတာကိုး။ အသံထဲမှ ခပ်ညုညုဖြင့် မူယာမာယာတွေအပြည့်ပျော်ဝင်နေတာကတော့ အသိသာကြီးပါပဲ၊ ဟိုဘက်ကအမျိုးသားကတော့မသိ။ နီကတော့ ရင်ထဲမှာ ကလိကလိဖြစ်နေပြီး အသည်းယားလိုက်တာနော်

''ဘယ်လို! ကိုနဲ့အတူဟုတ်လား၊ သွားမယ့်သွား ဂျ





တို့ အော်စီတို့ပဲသွားမှာပေါ့ကိုရဲ့။ ဒီမှာထက် အများကြီးပိုလှတာ ကို။ အချိန်လား၊ အဲဒီအချိန်ကျရင်တော့ ပေးနိုင်ရမှာပေါ့။ ဟင်း ဟင်း. . . ကို့သဘောလေ''

အမယ်လေး! လုပ်ပြန်ပြီ ကို့သဘော။ အစ်ကိုနဲ့ဆိုရင် မာန့်သဘောဆိုပြီး ပြောတတ်ပါရဲ့၊ ဘယ်လိုကြီးလဲ။ နီကတော့ အဲဒီလိုပြောရင် အသည်းယားလို့ပါလေ။ လွယ်လိုက်တာနော်။ သဘောသဘောနဲ့လိုက်လျောတတ်တာ သူမအကျင့်ပေပဲလား။

''ကျစ်! နီနီညို''

''ရှင်''

''Loundry အပ်ထားတဲ့ တို့အဝတ်အစားတွေ ဘယ် တော့ရမှာလဲ''

''ခဏနေ ရတော့မှာပါမမ''

''ဒီညနေပြန်မှာမို့ အားလုံးရမှဖြစ်မှာနော်''

''ရပါတယ်မမရဲ့၊ နီကိုယ်တိုင် ယူလာပေးပါ့မယ်''

''OK! လေ''

Phone ပြောလက်စဖြင့် နီ့ကိုခိုင်းနေပြန်ပါပြီ။ တကယ် ဆိုရင် Loundry ဝန်ထမ်းကသာ ဒီလို Room တွေဆီ လာပို့ ပေးရမှာပါ။ ဒီမမကဖြင့် သူမအဝတ်အစားတွေကို နီကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

သွားယူပေးတာကိုပဲ ကြိုက်သလိုပါလေ။

"ဒေါက်! ဒေါက်!"

Phone ကို ကုတင်ထက်ချလိုက်ပြီး သူမက အခန်းတံခါးကိုသွားဖွင့်လိုက်လေ၏။ အပြင်မှမိတ်ကပ်ပြင်သည့်မာမီချော ချောက ခပ်တိုးတိုးစကားပြောတာမို့ ခေါင်းညိတ်လိုက်ပြီး အပြင်ကို လိုက်သွားလေသည်။ မွေ့ရာထက်ရှိနေသည့်အဖိုးတန်လက်ဝတ်လက်စားတွေကို မသိမ်းဆည်းဘဲ ဒီအတိုင်းထားရစ်ခဲ့ပါလား ပျောက်ရှတာမျိုးဖြစ်ရင် ဒီအခန်းကိုတာဝန်ယူထားတဲ့နို့မှာပင် ပ ပြီး ပြဿနာရှိမှာလေ။

သံစုံမြည်လာသည့် Phone ကြောင့် လန့်သွားရပါ၏ ဒုက္ခပါပဲ၊ Phone ကိုလည်းယူမသွားဘဲ ဘာကြောင့် အလေ တကြီး ဒီလိုကြီးထွက်သွားရတာပါလိမ့်။ အလုပ်ကိုဆက်လုပ်ေ ပေမယ့် Phone သံက ထပ်မြည်နေတာမို့ နိုသက်ပြင်းချလိုက် မိပါ၏။ အရေးတကြီး Phone ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ

"ဟယ်. . . ဟယ်လို"

အသံတုန်တုန်ဖြင့်ပြောစဉ် တစ်ဖက်မှအသံမထွက်ဘဲ တိတ်နေလေသည်။ ပြဿနာပဲ၊ အရေးတကြီးမဟုတ်ရင် နိ Phone ချလိုက်မှာလေ။





"ဟယ်လို! မမေစပယ်ဖြူရဲ့ Phone ပါရှင့်"

"မေလေးက ဘာလို့မကိုင်တာလဲ"

"မမအပြင်ခဏထွက်သွားပါတယ်ရှင့်၊ နိုဘာပြောပေးရပါမလဲရှင်"

"အခုပြောနေတာ ဘယ်သူလဲ"

"နိုနိုညိုပါ၊ ဒိကာဝန်ထမ်းပါရှင်"

"ဒါဆိုရင် မေလေးကို Phone သွားပေးပါနိုနိုညို။ ကျေးဇူးပြု၍ ဒီမှာ မာမီကပြောစရာရှိတယ်ဆိုလို့ပါ"

"ဟုတ်. . . ဟုတ်ကဲ့၊ ခဏလေးပါရှင်"

ကုတင်ဘေးမှာ ဒူးထောက်ပြီး Phone ပြောနေရာမှ ထရပ်လိုက်စဉ် အခန်းတံခါးက ရုတ်တရက်ပွင့်သွား၏။ အပြင်မှဝင်လာသည့်မေစပယ်ဖြူက လက်ထဲမှာ Phone ကိုင်လျက်သားဖြင့် ရတနာတွေရှိနေသည့် အနီးဆုံးမှာ ရပ်နေသည့်နို့ကို မျက်မှောင်ကြုတ်ပြီး စူးခနဲကြည့်လိုက်လေသည်။

"ဒါက ဘာလုပ်နေတာလဲ"

"မမ. . . မမ Phone"

"ဒီ Phone ကို မင်းနဲ့ဘာဆိုင်လို့ ယူကိုင်ရတာလဲ နိုနိုညို"



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . ဟို. . . Phone သံဆက်တိုက်မြည်နေတာနဲ့"

"Phone သံဘယ်လောက်မြည်မြည် မင်းနဲ့ဘာဆိုင်လို့လဲ နီနီညို။ လူဆိုတာ ကိုယ့်အဆင့်နဲ့ကိုယ် သိတတ်ရတယ်။ ဒါကို မင်းမသိဘူးလား"

"မဟုတ်ပါဘူး"

"ကာယကံရှင်ခွင့်မပြုတဲ့ပစ္စည်းကို ယူကိုင်တာ ပုဒ်မ (၄၂၀)နဲ့ငြိတာ မင်းနားလည်ရဲ့လား"

နားထဲမှာပါ ထူပူသွားရပါ၏။ အခန်းတံခါးက ခပ်ဟဟဖြစ်နေတာမို့ သူမအော်သံကို အပြင်ကပါ အတိုင်းသားကြားနေရတာပါလေ။ ဘယ်သူ့မပြုမိမိမှုဆိုတာ နီသိပါ၏။ ရုတ်တရက်မို့ ဘာမှမပြောတတ်သလို တအံ့တသြမို့ ကျောက်ရုပ်လိုဖြစ်နေတာလေ။

"မမ Phone"

ပြောမဆုံးသေးခင် လက်ထဲရှိ Phone ကို ဆတ်ခနဲဆွဲယူကာ အိပ်ရာထက်ပစ်ချလိုက်သလို နီ့ကိုလည်း တွန်းဖယ်လိုက်လေ၏။ ယိုင်သွားသည့်ကိုယ်ခန္ဓာကို ကုတင်ဘေးမှာရှိနေသည့် စားပွဲစွန်းစောင်းဖြင့် ခါးကိုထိသွားလေ၏။ နာကျင်သွားတာကို ဂရုမပြုမိဘဲ ဖြေရှင်းဖို့အတွက် စောကပ်နေတာမို့ သူမဘက်ကို





လှည့်ကြည့်နေတုန်းပါပဲ။

"ထင်တယ်၊ ထင်လိုက်လို့ ခပ်မြန်မြန်ပြန်လာခဲ့တာနဲ့ လက်ပူးလက်ကြပ်တန်းခနဲမိတာပဲ"

"ဘာ. . . ဘာကိုလဲ မမ"

"ဘယ်မလဲ ငါ့လက်စွပ်"

"ရှင်! "

"မေးနေတယ်လေ၊ နဝရတ်လက်စွပ်ဆိုတာ တန်ဖိုးရှိတဲ့ ကျောက်ကိုးမျိုးနဲ့လုပ်ထားတာဟဲ့။ သိန်းဘယ်နှဆယ်တန်သလဲဆိုတာ မင်းသိရဲ့လား"

ဘုရားရေ! ဘယ်လိုမှမထင်မှတ်တဲ့အဖြစ်အပျက်ပါလား။ သူမထားခဲ့တဲ့ရတနာပစ္စည်းတွေကို နီ လက်ဖျားနဲ့တောင် မထိသေးပါလေ။ နဝရတ်လက်စွပ် ပျောက်တာတဲ့လား။ ကယ်တော်မူပါ မြတ်စွာဘုရား!. . .

"နီ. . . နီ. . . မယူဘူး"

"ကဲ!. . ."

ပါးပြင်က ပူခနဲဖြစ်သလို ဖြန်းခနဲ ရိုက်သံက အကျယ်ကြီးပါပဲ။ ဘယ်သူသွားပြောလိုက်မှန်းမသိဘဲ ရောက်လာသည့် မန်နေဂျာကြီးက ပြုံးပြုံးပြာပြာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်ကြတာလဲ၊ ပြောဦးလေ နီနီ''

''ရှင်တို့ဝန်ထမ်းတွေက စည်းကမ်းမရှိပါလား ဦးအောင်မြိုင်''

''ခင်ဗျာ''

''ကျွန်မ ခဏမေ့ပြီး အပြင်ထွက်သွားတာ ဆယ်မိနစ်လောက်ပဲရှိတာပါ။ ပစ္စည်းတွေမသိမ်းမိတာ သတိရတာမို့ ပြန်လှည့်ခဲ့တာ သူက ကျွန်မပစ္စည်းကိုခိုးသလို Phone ကိုပါ ကိုင်နေတာ မျက်မြင်ကိုယ်တွေ့ပဲ''

''နီမယူဘူး။ နီ ဘာမှမယူပါဘူး လေးလေးရယ်''

''မင်းလက်ထဲက Phone ကို ငါအခုယူလိုက်တာလေ နီနီညို့ရဲ့။ မင်းဘာငြင်းချင်လဲ။ ဒီလိုအကျင့်ယုတ်တဲ့ဝန်ထမ်းကို ခုချက်ချင်းအလုပ်ထုတ်လိုက်ပါတော့ ဦးအောင်မြိုင်''

''Phone ယူကိုင်တာ ဟုတ်လား နီနီ''

''ဟုတ်ပါတယ်၊ ဒါပေမဲ့''

''လက်စွပ်ယူထားရင် ပြန်ပေးလိုက်ပါ နီနီ။ ကျန်တာကို လေးလေးဖြေရှင်းပေးပါ့မယ်''

ဘုရားရေ! လေးလေးကပါ နီ့ကိုအထင်တသေးစွပ်စွဲနေပါရောလား။ ခြေဖျားလက်ဖျားတွေ အေးစက်လာသလို တ





ကိုယ်လုံး တုန်ရင်နေကာ နားထဲမှလေတွေ ထွက်နေချေပြီ။

''ရှာကြည့်လိုက်ပါ ဦးအောင်မြိုင်၊ အခန်းထဲက မထွက်သေးရင် လက်မလွန်သေးပါဘူး''

''မမေစပယ်ကိုယ်တိုင် ရှာကြည့်ပါခင်ဗျာ''

သူမက နီရပ်နေသည့်နေရာကိုလာပြီး Uniform အိတ်တွေ အကျီတွေနေရာကို လိုက်စမ်းနှိုက်လေ၏။ ရင်ဘတ်နေရာတွေရော တင်နေရာတွေပါမကျန် အကိုင်ခံရတာမို့ ရှက်တာရော ကြောက်တာပါမကျန်ဖြစ်ကာ မျက်ရည်တွေ တပေါက်ပေါက်ကျချေပြီ။ ဘယ်လိုကံကြမ္မာကြောင့်မို့များ နီအရှက်တကွဲဖြစ်ရတဲ့ အဖြစ်အပျက်ပါလဲ။

''ရှိလား''

''မရှိဘူး။ ဘယ်မှာဝှက်ထားလဲမှမသိတာ''

''အထားမှားသလား ပြန်စဉ်းစားပါဦး မမေစံပယ်ဖြူ''

''မှားစရာမရှိပါဘူး ဦးအောင်မြိုင်၊ ဒီညနေဝတ်သွားဖို့ ကျွန်မပစ္စည်းတွေအကုန်ထုတ်ထားတာပါ။ အဲဒီလက်စွပ်က ကျွန်မရဲ့သက်ဆိုင်သူက မွေးနေ့အမှတ်တရပေးခဲ့တာမို့ မှတ်မိတဲ့ပစ္စည်းပါရှင်''

''သေချာစဉ်းစားပါဦးလား မမေစံပယ်ဖြူ။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းမှာ ဒီလိုအကျင့်ဆိုးမျိုးမရှိမှန်း ကျွန်တော်အာမခံပါတယ်။ တကယ်သာ ဒီပစ္စည်းကို သူယူရိုးမှန်ရင် အလုပ်ကပြုတ်ရုံမက တရားဥပဒေကပေးတဲ့အပြစ်ကိုပါ ခံယူရမှာပါ။ ကျွန်တော်လည်း အာမခံတဲ့ဝန်ထမ်းမို့ နုတ်ထွက်စာရေးပြီး ထွက်မှာပါ''

''ဘာဖြစ်နေကြတာလဲ''

ရုတ်တရက်ရောက်လာသည့်သူ့ရှေ့မှာ မျက်နှာမဖော်ရဲဘဲ မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ချုံးပွဲချငိုကြွေးလိုက်မိတော့၏။ လူဆိုတာ အရှက်သိက္ခာနဲ့ရပ်တည်တာကို သူမ သိမှသိပါလေစ။

''တို့ရဲ့လက်စွပ်ပျောက်နေလို့ပါ မာန်''

''ဟာ! စပယ်ပဲ ပတ္တမြားမြုပ်ထားတဲ့စွန်ကုပ်တစ်ခု ပြုတ်သွားလို့ ကိုယ့်ကိုသွားပြင်ခိုင်းထားတာလေ။ ဒီမှာ အခုပဲ ကိုယ်ယူလာခဲ့တာ''

လူအုပ်ကြားမှ နီပြေးထွက်ခဲ့မိတော့၏။ အထင်သေးတယ်ဆိုရင်တောင်မှ နီက ဂုဏ်ရှိရှိဝန်ထမ်းတစ်ဦးပါလေ။ နို်ရာဇဝတ်ရာခံရမယ့်အိမ်စေလို အတန်းအစားမှမဟုတ်ဘဲ။ ဒါကို ရှင်သိထားစေချင်ပါတယ် မမေစံပယ်ဖြူ။

❀ ❀ ❀

ရွှေပဒေသာစာပေ

အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

အထင်မှားခံရတယ်ဆိုတာ တစ်ကြိမ်ဆိုတာနဲ့ပဲ လုံလောက်ပါပြီ။ အရှက်သိက္ခာကျခဲ့တဲ့အဖြစ်အပျက်က ဘဝရဲ့အမှတ်တရဖြစ်ပေမယ့်အနာဂတ်လမ်းပျောက်တဲ့လူအတွက်ကတော့ ကမ္ဘာကြီးတစ်ခုလုံး အမှောင်ကျခဲ့တာအမှန်ပါ....

## အခန်း (၉)

GM အသစ်ရောက်ပြီဆိုသည့်သတင်းက နီတို့ Hotel မှာ ပျံ့နှံ့နေလေပြီ။ ဘယ်သူဘယ်ဝါမှန်းမသိသော်ငြား အမျိုးသားတစ်ဦးဖြစ်တာကိုတော့ ခန့်မှန်းထားပါ၏။ နီ့အဖြစ်အပျက်က ငါးလကျော်ကြာသွားပေမယ့် နီကတော့ အခုထိ မျက်နှာငယ်နေရတုန်းပါပဲ။ ကိုယ်ထိလက်ရောက်စော်ကားမိတာကို ပြန်တောင်းပန်ဖို့ရှိပေမယ့် သူမကတော့ နီ့ကိုဘာတစ်ခုမှမပြောခဲ့ပါချေ။

တစ်လမပြည့်မီပြန်သွားခဲ့တဲ့ အစ်ကိုကတော့ သူမကိုယ်စား နီ့လက်ကိုကိုင်ပြီး တောင်းပန်ခဲ့တာပါ။ ချစ်စနိုးစနောက်ခဲ့သည့်သံယောဇဉ်အနည်းငယ်က သူမကြောင့် ဘာလိုလိုညာလိုလိုနဲ့ပဲ အပြီးသတ်ခဲ့ရတာပါပဲ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ရှင်စောပုလဲ့ထားခဲ့တဲ့ကျောက်စာရှိသည့်စေတီကို အတူသွားဖူးသည့်ခင်မင်မှုက နှင်းမှုန်တွေလို မှုန်ဝါးဝါးပျက်ပြယ်သွားခဲ့ရတာပါလေ။ ဆုတောင်းမပြည့်နိုင်တဲ့ ပါရမီနည်းတယ်လို့ပဲ ယူဆကြပါစို့။

''နီနီညို''

''လာပါပြီ''

မန်နေဂျာခေါ်သံကြောင့် ရုံးခန်းထဲ အပြေးအလွှားဝင်တော့ အခန်းထဲမှာ ဝန်ထမ်းတွေ အများကြီးရှိနေလေ၏။ ဘယ်အချိန်ကတည်းက နီမပါဘဲ လေးလေး မှာတမ်းခြွေနေတာပါလိမ့်။

''အားလုံး သွားနိုင်ပါပြီ၊ ကိုယ့်တာဝန်ကိုယ်ကျေကြပါစေ။ ဟုတ်ပြီလား''

''ဟုတ်ကဲ့''

နီ့ရှေ့မှ တစ်ဦးပြီးတစ်ဦး ဖြတ်သွားကြတာကို ကိုယ်လို့ပြီးရှောင်လိုက်ရပါ၏။ ဦးအောင်မြင့်က မျက်မှန်ကိုကိုင်ပြီး ကျော်ကြည့်ကာ ခေါင်းညိတ်လိုက်ပြီး နီ့ကိုခေါ်လိုက်လေသည်။

''ထိုင်ဦး''

ဘာလဲ. . . လူကြီးအသစ် ရောက်တော့မှာဆိုတော့ နာမည်ပျက်ရှိခဲ့တဲ့နီ့ကို အလုပ်ထွက်ခိုင်းတော့မလို့လား။ ကာယကံ





မြောက် ကျူးလွန်ခဲ့သူမဟုတ်သော်ငြား သံသယအထင်ခံခဲ့ရတဲ့ဝန်ထမ်းအဖြစ် နီ့နာမည်ထွက်ခဲ့တာပါလေ။

''ညည်းမဖွင့်သေးတဲ့ အတွင်းရုံ Hotel မှာ Form သွားဝင်ခဲ့တယ်ဆို''

''ဟင်!''

သိလိုက်တာပါပဲလား။ ဒီနေရာမှာ ဒီမျက်နှာတွေကို မြင်နေရရင် တီးတိုးပြောနေတတ်သည့် ကောင်မလေးတွေရဲ့အမှုအရာကြောင့် နီ့ကိုသံသယဝင်နေပြီထင်နေတာလေ။ ဒီတော့ ဒီမျက်နှာတွေနဲ့ဝေးတဲ့တစ်နေရာမှာ နီသွားလုပ်ရင် နီ့အတွက် ပိုကောင်းမှာမဟုတ်ဘူးလား။

''ပြောလေ၊ မေးရင်ဖြေမှပေါ့''

''ဟုတ်တယ်''

''ဟိုက ဒိတ်ဒိတ်ကြဲအဆင့်မီ Hotel ကြီးလေ။ ညည်းလို လုပ်သက်တစ်နှစ်ပဲရှိသေးတဲ့ပါမွှားလေးကို ဟိုက အလွယ်တကူအလုပ်ခန့်ပါ့မလား။ ဦးနှောက်ကိုလည်း သုံးဦးမှပေါ့''

ဦးနှောက်ကို သုံးဦးမှပေါ့တဲ့၊ အစ်ကိုသာဆို Use your brain. ဆိုပြီး ဘိုလိုသာ ခပ်တိုတိုသာသုံးမှာလေ။ နေစမ်းပါဦး၊ ဘယ်လိုဖြစ်ပြီး သူ့ကိုမှသတိရသွားမိရတာပါလိမ့်နော်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ နှီမသိဘူးလေ။ ရွှေးတာမရွှေးတာက သူတို့တာဝန်ပဲဟာ"

"ကြည့်စမ်း! ပြောလိုက်ရင် ပေါ့ပျက်ပျက်နဲ့။ ညည်းဘယ်လိုဖြစ်သွားမလဲ။ တခြားဝန်ထမ်းတွေသာကြားရင် ဝိုင်းမေးငေါ့ကြဦးမှာ"

"ဒီတိုင်းနေလည်း မေးငေါ့နေကြတာပဲဟာ လေးလေးရဲ့။ အဆန်းမှမဟုတ်ဘဲ"

'ကြည့်! ပြောနေတဲ့ကြားထဲက ထပ်ဆက်နေပြန်ပြီ ညည်းကို ဒီ Hotel မှာ စံပြလုပ်သားမှန်း ကိုယ်တိုင်သိရဲ့လား"

"အဲဒါက သူတို့ရောက်မလာသေးခင်က Long long ago ကြာခဲ့ပါပြီ လေးလေးရာ"

"တော်! တိတ်စမ်း! အဲဒီကိစ္စက ပြီးသွားပြီမဟုတ်လား ခေါင်းထဲမထည့်ထားစမ်းနဲ့ နှီနှီညို။ ပြီးတာတွေထားခဲ့တော့"

"လေးလေးက ပြောအားရှိမှာပေါ့၊ ခံရတဲ့လူမှမဟုတ်တာ။ နှီက ကိုယ်တိုင်ခံခဲ့ရတာ။ အသားနာတာထက် ဒီနေရာ ပိုပြီးနာငနေတုန်းပဲ"

မျက်ရည်ဝဲတာကို သိမ်းလိုက်ရပါ၏။ ရင်ဘတ်ကို ဗုန်းခနဲထုရိုက်လိုက်မိတာမို့ အသံထွက်သွားရသလို လေးလေး





'ဟဲ့' ဟူသည့်အာမေဋိတ်သံပါ ထွက်လာပါသည်။ အင်မတန်စိတ်မြန်လက်မြန်ရှိပါသည်ဆိုသည့်နှီက အဲဒီတုန်းက ရှက်နေရတာမို့ ဘာတစ်ခုမှပြန်မလုပ်ခဲ့မိတာပါလေ။ အပြင်မှာသာ သူလိုငါလိုမျိုးသာဆိုလိုကဖြင့် သူကတစ်ချက်ဆို ကိုယ်က နှစ်ချက်လောက်ကျွေးလိုက်ပြီးသား အဆင်သင့်မဟုတ်လား။

"ညည်းခုန်ချင်တိုင်း ခုန်လို့ရအောင် ငါက ခပ်လွယ်လွယ်နဲ့များ နှုတ်ထွက်စာမှာ တံဆိပ်တုံးထုပေးမယ်လို့များ ထင်နေသလား"

"နှီ စာချုပ်ပြည့်မှတော့ လေးလေး လက်မှတ်ထိုးပေးရမှာပေါ့"

"မရဘူး"

"ဘာဖြစ်လို့လဲ"

"ညည်းထွက်ချင်တိုင်းထွက်လို့မရဘူးလို့ ပြောနေတာလေ"

"နှီက ဘာဖြစ်လို့ ထွက်လို့မရမှာလဲ"

"အကြောင်းရှိတယ်"

"ဘာအကြောင်းလဲ"

"ဒါတော့ ငါမပြောနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟင်! ဘာကြီးလဲ။ ဘာသဘောနဲ့ပြောမှန်းမသိတာမို့ နှီ ဘာမှနားမလည်ပါလေ။ အောက်ခြေဝန်ထမ်းမှာ Senior မို့ နှီက သင်ပေးရင်း ကိုယ်တိုင်ကျွမ်းကျင်နေတဲ့ဝန်ထမ်းတစ်ယောက်ပါ။ သူငယ်ချင်းတွေနဲ့လည်း ခင်မင်ရင်းစွဲရှိနေပါလျက်မို့ တခြားကိုပြောင်းသွားရမှာ နှီ့အတွက် အတော့်ကိုခက်ခဲလွန်းပါ၏။ ထားပါတော့၊ နှီ အလုပ်ထွက်မှာကို လေးလေးက ဘာကြောင့်များ မထောက်ခံပေးချင်တာပါလိမ့်။

''ဒါဖြင့် အခုခေါ်တာကရော''

''အေး! GM အသစ်ရောက်မှာ သိတယ်မဟုတ်လား''

''အင်း. . . သိတယ်လေ''

''သူရောက်ရင် ဝန်ထမ်းတွေ နေရာအသစ်ပြောင်းလဲဖို့ရှိတယ်''

သိသားပဲ။ ဖြုတ်တာထုတ်တာကို လေးလေးကိုယ်တိုင်လုပ်ရင် ဒီနယ်သားပဲမို့ မျက်နှာပူရမှာမဟုတ်လား။ ရန်ကုန်သားသူဌေးကိုပဲ လူမိုက်ငှားပြီး ခိုင်းတော့မှာလေ။ သိတယ်နော် သိတယ်။ နှီက ရှေ့ကိုကြိုမြင်ထားပြီးသားပါလေ။

''အင်းလေ၊ အဲဒီ GM ရောက်ရင် နှီအလုပ်ပြုတ်မှာမဟုတ်လား။ သုံးလစာလျော်ကြေးရပြီး နာမည်ပျက်အလုပ်ထွက်





ရတာထက်စာရင် သူမရောက်ခင် နှီအလုပ်ထွက်တာကြိုပြီး လုပ်ရမှာပေါ့ လေးလေးရဲ''

''တယ်လေ! ငါပြောလိုက်ရ မကောင်းဘူး။ အတော်သက်ပေါက်ကပ်တဲ့ကလေးမပဲ။ ညည်းကို အလုပ်ကြိုးစားလွန်းလို့ ရာထူးကောင်းကောင်းရပါစေဆိုပြီး ဂစတာနာသားပြောနေရတာ။ ဒါမှ သူဌေးကို မျက်နှာသာပေးရမှာပေါ့''

''ဘာလဲ၊ ရာထူးတိုးဖို့ နှီက GM ကို ကပ်ဖားယပ်ဖားလုပ်ရတော့မှာပေါ့လေ''

''ဒါပေါ့။ သဘောပေါက်သားပဲ''

''No! no! ဒါမျိုး နှီလုံးဝဝါသနာမပါဘူး။ ရာထူးတိုးတိုးမတိုးတိုး နှီ့တာဝန် နှီကျေရင် တော်ပြီနေပါ့ လေးလေးရဲ့''

''ကြည့်! ပြောရခက်ပြန်ပြီ''

''အခုခေါ်ပြောတာ အဲဒီကိစ္စလား''

''အေး''

''အဲဒါတခြားဝန်ထမ်းတွေနဲ့ နှီ့ကိုအတူခေါ်ပြီး ဘာလို့မပြောတာလဲ''

''ညည်းကို သီးသန့်ပြောချင်လို့ပေါ့။ ညည်းက တခြားလူတွေနဲ့မှမတူတာ။ တက်လမ်းရှိတဲ့ကလေးမို့ ကြိုပြောထားတာ



www.burmeseclassic.com

www.burmeseclassic.com



သိရဲ့လား''

''ဟုတ်''

ဟုတ်လိုက်ရတော့မှာပေါ့လေ။ အားလုံးက လေးလေးကို ကြောက်ကြပေမယ့် နီက ကိုယ်မှန်ရင် ဘယ်သူ့ကိုမှမကြောက် တတ်တဲ့သူမို့ လေးလေးကိုမကြောက်ပါလေ။ မခန့်လေးစားမလုပ် ပေမယ့် နီ့ကို လေးလေးက တူမလိုချစ်မှန်း အများက အသိဆုံး ပါပဲ။ တစ်ခါကြုံခဲ့ရတဲ့အဖြစ်အပျက်ကြောင့် နီ့ကိုပိုပြီး လေးလေး ယုံကြည်အားထားမှန်းလည်း နီသိနေတာအမှန်ပါလေ။

''GM ကိုသတိထားရမယ်၊ အမှားမဖြစ်အောင်နေ၊ ဒီ ပဲမဟုတ်လား''

''အေး. . . ဟိုတစ်ခါလိုထပ်မဖြစ်စေနဲ့လို့လည်း ပြော ချင်လို့ခေါ်လိုက်တာ''

''နီသိပါတယ်၊ နောက်ဆို ညွှန်ကြားချက်မပေးရင် နီ က အခန်းကိုလုံးဝမရှင်းပေးဘူး။ တစ်ခါသေဖူးလို့ ပျဉ်ဖိုးသိ ပါပြီ လေးလေးရာ''

''အေးပါ၊ ညည်းအကြောင်း ငါသိပါတယ်''

''ဒါဖြင့် နီသွားလို့ရပြီလား''

''အေး. . . ရပြီ''





ဒါလေးပြောဖို့များ ခေါ်ရတယ်လို့။ နီက အတော်အလုပ် ရှုပ်တဲ့ဝန်ထမ်းပါလေ။ Hall ထဲကိုပြန်ထွက်ခဲ့ပြီး သန့်ရှင်းမှုရှိမရှိ စစ်ဆေးရပါ၏။ ညတုန်းက Floor ကိုကြမ်းတိုက်ထားသည့်နေ ရာမှာ ရေကွက်တွေရှိသေးတာမို့ သန့်ရှင်းရေးဝန်ထမ်းကိုခေါ်ပြီး ခြောက်အောင် ပြန်နိုင်းရပြန်လေသည်။

အမှန်ဆို ဒါမျိုးကို Supervisor ကသာ ခိုင်းရမှာဖြစ် ပြီး အဲဒီမမိုးဝါက ကိုယ်ဝန်ဖြင့် Leave ယူသွားပြီမို့ နီနှင့်နောင် နောင်က တာဝန်ခွဲပြီး ယူထားရတာလေ။

''စင်အောင်တိုက်ပေးပါ မအေး၊ တော်ကြာ ဧည့်သည် တွေ ချော်လဲရင် ပြဿနာတက်မှာနော်''

''ဟုတ်ကဲ့ပါ မနီရဲ့''

''နောက်နှစ်ယောက်ကရော ဘယ်ရောက်နေလဲ''

''တစ်ယောက်က စတိုခန်းဘက်မှာပါ၊ တစ်ယောက်က ခုံတာတွေတာဝန်ကျပါတယ်။ ကျွန်မက ကားရပ်တဲ့ဆီမှာပါ''

''ရပါတယ်၊ ဒါလေးပဲလုပ်ပေးပါအစ်မ။ ပြီးရင် သွားလို့ ရပါပြီ''

''ဟုတ်ကဲ့''

ကိုယ့်ထက်အသက်ကြီးတာမို့ အစ်မတန်အစ်မ ခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နိုင်းရတာလေ။ ပန်းအိုးကြီး အပေါက်ဝဘက်ရောက်နေတာကို အသာ`မ`ရွှေ့လိုက်ပြီး လက်ထဲမှသဲကို ခါရိုက်လိုက်ပါ၏။ အင်း အရွက်တွေကားနေတာ ဖြတ်ဦးမှပါပဲ။ Reception အံဆွဲထဲက Cutter အသေးလေးကိုသွားယူလိုက်ပြီး အုန်းအလှပင်လေး ကားထွက်လွှန်းနေသည့်ရိုးတံတို့ကို ကြည့်ကောင်းအောင် ဖြတ် လိုက်ပါသည်။

ပန်းအိုးတွေကိုကြည့်လို့တန်းမတန်း ခြေလှမ်းရွှေ့လျက် ကြည့်ကာ စိတ်တိုင်းကျသွားမှ Plastic bag ဖွပ်ထားသည့်အမှိုက် ပုံးထဲသို့ ညှပ်ထားသည့်အရွက်တို့ကို ထည့်လိုက်ပါ၏။ အသ မနေ့ကတည်းက အမှိုက်အိတ်ကို အခုထိ အသစ်မလဲသေးတ ပါလား။ သန့်ရှင်းရေးဝန်ထမ်းကို လှမ်းကြည့်မိစဉ် မမြင်ရတော့ တာမို့ သက်ပြင်းခိုးရှိုက်လိုက်မိတော့၏။

သန့်ရှင်းရေးဝန်ထမ်းသုံးယောက်ရှိတာတောင်မှ မ လောက်သေးပါလားနော်။ တော်ပါပြီ၊ သူတို့ကိုသွားခေါ်နေ အချိန်ကုန်ပြီး မောရဦးမှာကိုး။ ဒါလေးလုပ်လိုက်ရုံနဲ့ ဘာများ သွားမှာမို့လို့လဲ။ ကိုယ်တိုင်လုပ်တာက မြန်ဦးမှာလေ။

အိတ်သိမ်းထားသည့်နေရာမှ အိတ်အပြာတစ်အိတ် သွားထုတ်ယူလိုက်ပြီး ပုံးအတွင်းမှအိတ်ကိုစည်းကာ ဆွဲထု





လိုက်ပါသည်။ အိတ်အသစ်ကို ပုံးထဲပြန်ထည့်ကာ အမှိုက်ထုပ် ကို လက်မှပိုက်လျက် ပွင့်နေသည့်အပေါက်မှ ထွက်လိုက်မိလေ သည်။

''ဟာ. . . ကျွစ်!''

''အို! မတော်လို့ပါရှင်၊ တောင်းပန်ပါတယ်''

ရုတ်တရက် Hotel ထဲဝင်လာသည့်ညီသည်နှင့် တိုး သွားတာမို့ ဦးညွတ်တောင်းပန်ကာ ကိုယ်ကိုပဲ့ပြီး ရှောင်လိုက် ပါ၏။ မှားပြန်ပြီ၊ နီတွက်ရမှာ ဒီအပေါက်ဝမှမဟုတ်ဘဲ၊ အမှိုက် လှည်းကို လှမ်းမြင်လိုက်တာမို့ ဒီအပေါက်ဝမှထွက်မိတာ၊ အမှား တစ်ခုပါလေ။ သေစမ်း! နီနီညို။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

အမှိုက်ထုပ်နှင့် ကိုးယို့ကားယားပိုက်ပြီး ထွက်လာတာကြောင့် သူရှောင်လိုက်ရပါ၏။ Uniform က အပြာရောင်မဟုတ်ဘဲ Reception ဝန်ထမ်းနှင့်တစ်ရောင်တည်းမို့ သူအံ့ဩသွားရပါသည်။ ဘာသဘောလဲ၊ ဒီကောင်မလေးက Cleaning ဝန်ထမ်းမဟုတ်ဘဲ ဘာကြောင့် သန့်ရှင်းရေးအောက်ခြေအလုပ်ကို ဝင်လုပ်နေရတာပါလိမ့်။

"မင်္ဂလာပါရှင်၊ မြေထဲပင်လယ်ဟိုတယ်က ကြိုဆိုပါတယ်"

မဆိုးပါဘူး။ ညှို့သည်ကိုကြိုဆိုတဲ့စကားကတော့ ချိုသာတာပါပဲလား။ ခုချိန်ထိ သူ့ကိုလာတည်းမည့်ညှို့သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



သာ ထင်ထားနေတာလေ။ စောစောကကောင်မလေးက လက်ဆေးတာ ရေစိုလက်ဖြင့် သူ့အနားသို့ပြန်ရောက်လာလေ၏။ ရှေ့မှစကားပြောနေသည့်ကောင်မလေးကို သူကြည့်မနေဘဲ ဘေးမှာ လာရပ်သည့်မိန်းကလေး၏နာမည်ကို အသာငုံ့ဖတ်လိုက်မိသည်။

အလို! နီနီညိုတဲ့။ ဒီ Hotel က Super star staff နဲ့မှ တည့်တည့်ကြီးလာတိုးရတယ်လို့။ နားထဲမှာ 'မေလေး'ပြောတဲ့စကားသံကို ကြားယောင်နေတုန်းပါပဲ။ 'ဟိုကိုရောက်ရင် အဲဒီကောင်မလေးကို မဖြစ်မနေအလုပ်ထုတ်လိုက်ပါ'တဲ့။ အပြစ်မရှိတဲ့လူကို အပြစ်ဘယ်လိုရှာပြီး အလုပ်ဖြုတ်လို့ရပါ့မလဲ။ သူက Order ပေးတိုင်း လိုက်လုပ်တတ်တဲ့လူမှမဟုတ်တာလေ။

ပြီးတော့ အဲဒီနေ့တုန်းက အဖြစ်အပျက်ကို Phone ဖွင့်ထားတာမို့ အတိုင်းသား သူကြားခဲ့ရတာပါ။ မထင်မှတ်ပါဘဲ မေလေးရဲ့ရိုင်းပြတဲ့စကားသံတွေကို ကြားခဲ့ရခြင်းပါပဲ။ တစ်ဖက်သားကို ဒီလိုမိနိုပ်စော်ကားတာမျိုးကို သူကိုယ်တိုင်လည်း မနှ သက်ပါ။ မာမီသာကြားရင် သူတို့ရဲ့စေ့စပ်ပွဲက Game over ဖြစ်သွားမှာအမှန်။

ဒီကိစ္စကို သူသေချာမမေးမိခင်မှာပင် 'အဲဒီကောင်





လေးရဲ့ Character ကိုမကြိုက်လို့ ဆိုပြီး ခပ်ပေါ့ပေါ့ပြောခဲ့သည့် မေလေးကြောင့် စကားမများချင်တာမို့ သူငြိမ်နေခဲ့တာပါ။ ကိုယ်လိုအဆင့်အတန်းရှိသည့်လူက ဘာမှမဖြစ်ပေမယ့် ဤကလေးမလို ဝန်ထမ်းအငယ်စားလေးအဖို့ကဖြင့် အလုပ်တစ်ခုရဖို့ဆိုတာ ကြီးမားတဲ့အခွင့်အရေးတစ်ခုမဟုတ်လား။ ခုတော့ တွေ့ကြပြီပေါ့ နီနီညို။

"ဧည့်သည်ရှင့်၊ ဒီမှာမေးနေပါတယ်"

သူ့ကိုမျက်လုံးပြူး၍ကြည့်ကာ ပြောလိုက်တာမို့ လှစ်ခနဲပြုံးလိုက်မိပါ၏။ ခုနတုန်းကဖြင့် အများလုပ်မိပြီး တောင်းပန်တဲ့ဟန်က အခုတော့ မရှိတော့ပါလား။ Reception ကောင်တာနောက်မှာ ရပ်နေသည့်မိန်းကလေးထံ လက်ဝါးထိပ်ညွှန်ပြပြီး ပြောလိုက်တာလေ။

"အခန်းကောင်းကောင်းတစ်ခန်း"

"VIP List ထဲရှာကြည့်လိုက်ပါ သင်းသင်း"

"ဟုတ်"

ဘာလဲ Supervisor လည်းမဟုတ်ပါဘဲ ဤကလေးမ နေရာတကာပါနေပါရောလား။ သင်းသင်းမွေ့က စာအုပ်ကိုဖွင့်လိုက်ပြီး သူ့ကိုမော့ကြည့်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



''သုံးခန်း ကျန်ပါသေးတယ်ရှင့်၊ နှစ်ခန်းက အလယ်ဘက်မှာပါ။ တစ်ခန်းက ဘေးအစွန်ဆုံးပါပဲ။ ဘယ်အခန်းများလိုချင်ပါသလဲရှင်''

''ထောင့်ခန်းပဲပေးပါ''

''ဟုတ်ကဲ့ရှင့်။ ဘယ်နှရက်တည်းမှာပါလဲ''

''တစ်လ''

''ဟုတ်ကဲ့၊ တစ်ရက်ကို ငွေ . . . ကျပ်ကျပါတယ်။ ကြိုတင်ပေးချင်ပါသလား၊ ဒါမှမဟုတ် Chuckout ထွက်မှ ပေးရင်လည်း ရပါတယ်ရှင်''

''ရပါတယ်၊ ကြိုပြီးရှင်းမှာပါ''

''ဟုတ်ကဲ့ပါရှင်၊ ကျေးဇူးတင်ပါတယ်။ လူကြီးရဲ့မှတ်ပုံတင်လေး ခဏလောက်ပြပေးပါရှင်''

သူက မှတ်ပုံတင်ပါသည့်ပိုက်ဆံအိတ်ကို အင်္ကျီအိတ်ကပ်ထဲမှ ဆွဲထုတ်လိုက်ရာ မာမီနှင့်သူငယ်စဉ်က ရိုက်ထားသည့် ဓာတ်ပုံက အိတ်ထဲမှထွက်ကျသွားရလေ၏။ ဒီပုံကို သူရောမှာပါ ဘယ်သွားသွား အမြဲယူသွားတတ်တာလေ။

''ဟယ်! ချစ်စရာလေးတော့၊ အစ်ကိုကြီးရဲ့သားလေးလားဟင်''





ကောက်ပေးတာကို ကျေးဇူးတင်ပေမယ့် သူ့ကို ကလေးအဖေဟုထင်လိုက်တာမို့ သူပြုံးလိုက်မိပြန်လေ၏။ ဒီချာတိတ်မကတော့ စပ်စပ်စုစုအကျင့်ရှိနေတာကိုး။

''ကိုယ်က ကလေးအဖေပုံပေါက်နေလို့လား''

''Sorry!...ဟို. . . ကန်တော့ ကန်တော့ပါရှင်၊ နီအမှတ်တမဲ့မေးလိုက်မိတာပါ။ ဟုတ်သားပဲ၊ အဖြူအမည်းပုံကို''

''မနီ လိုက်ပို့ပေးမှာမဟုတ်လား''

''နောင်နောင်ရော''

''ခုလေးတင် ညွှန်သည်သွားပို့နေလို့''

''ရတယ်လေ၊ နီပဲပို့ပေးပါ့မယ်''

သူ့ကိုဓာတ်ပုံပြန်ပေးလိုက်သည့်လက်ချောင်းလေးကသေးသေးသွယ်သွယ်ကလေးပါပဲ။ အနုပညာသမားဖြစ်တဲ့ မေလေးရဲ့လက်က အရမ်းသွယ်လျတာမို့ လှပနေပေမယ့် ဤနေရာမှာ အလုပ်မျိုးစုံကို ဂျင်ကလေးလည်သလို လုပ်နေတဲ့နီနီညို့ရဲ့လက်ကလေးကတော့ အင်မတန်အသုံးဝင်လို့ လှပနေတာပါလေ။

''နီနဲ့လိုက်ခဲ့ပါရှင်''

သူပြုံးမိပြန်၏။ ကိုယ်ပိုင်ဆိုင်သည့်ဟိုတယ်ဝန်ထမ်းကကိုယ့်ကိုမသိရှာဘဲ ညွှန့်ဝတ်ပျူငှာစွာ ကြိုဆိုနေကြတာကိုး။ ပထွေး



www.burmeseclassic.com

www.burmeseclassic.com



တော့ သူက ဒီကိုရောက်လာသည့် GM ဦးဘုန်းမြတ်သိင်္ဂါပါဟု ပြောချင်ပေမယ့် ဒီကောင်မလေးကို အကဲခတ်လေ့လာချင်စိတ် ရှတ်တရက်ဖြစ်သွားတာမို့ ဆိတ်ဆိတ်နေဖြစ်လိုက်တာပင်။

ကဲ! မင်းဘာတွေလုပ်မလဲ နိန့်ညို။ ဘယ်လိုအမှားတွေကိုများ ကိုယ့်ရှေ့မှာ ဆက်တိုက်လုပ်မိမှာလဲ။ မေလေးရဲ့တိုက်တွန်းချက်ကို ချက်ချင်းလက်သင့်မခံဘဲ မင်းကိုစောင့်ကြည့်ပြီးမှ ဆုံးဖြတ်ချက်ချဖို့ ကိုယ်ရောက်လာခဲ့တာပါလေ။

Lift ခလုတ်ကိုနှိပ်ကာ သူ၏ဘီးပါသည့်အိတ်ကို ထောင့်နားကပ်လျက် နေရာယူရပ်လိုက်လေ၏။ အမှန်ဆို ဒီလို Guest ကြိုရသည့်အလုပ်ကို ယောကျ်ားလေးတွေသာ လုပ်ရမှာလေ။ ခုတော့ဘယ်လိုဖြစ်ပြီး ဤကောင်မလေးက လုပ်ပေးရပါသလဲ။

"ကျစ်!"

"ဘာဖြစ်လို့လဲဟင်"

"Reception က Phone card ယူမလာမိလို့"

"အဲဒါ Hotel Room ထဲက Phone ရဲ့ကြယ်ခလုတ်လေးကိုခေါ်ရုံနဲ့ဖြစ်ပါတယ် အစ်ကိုကြီးရဲ့. . . အဲ! လူကြီးမင်းရှင့်"

နှုတ်ကနေ တရင်းတနှီး 'အစ်ကိုကြီး' ဟု သုံးနေရာမှ ရုတ်တရက်သတိထားမိသွားပြီး 'လူကြီးမင်း' ဟုပြောင်းသုံးပြန်ချေ





ပြီ။ ငယ်တော့ အတော့်ကိုငယ်သည်ပဲ။ အလွန်ဆုံး သူ့ထက်ဆယ်နှစ်လောက်ငယ်မှာမို့ 'ဦး' ဟုခေါ်လျှင်လည်း ရပါလျက် အဘယ်ကြောင့် အစ်ကိုကြီးဟုသုံးရပါသနည်း။ သူကိုယ်တိုင်ကလည်း အဲဒီလိုအခေါ်ခံရတာကို နှစ်သက်သလိုနှယ်။

"ရပါတယ်၊ အဆင်ပြေသလိုသာခေါ်ပါ"

"အားနာလို့ပါ။ နိုက ဒီလာတဲ့ဧည့်သည်တွေရဲ့နာမည်ကို အလွတ်မကျက်နိုင်တာနဲ့ အစ်ကိုတစ်အစ်ကို၊ ဦးတစ်ဦး၊ မမတစ်မမ၊ အန်တီတစ်အန်တီ ခေါ်လေ့ရှိတဲ့အကျင့်ရှိလို့ပါ"

ဒါဖြင့် ရဲထက်ကိုရော သူမ မည်သို့ခေါ်ဝေါ်ခဲ့ပါသလဲ။ ရဲထက်ဆိုတာ မာမီ့ဘက်က တော်တဲ့ဝမ်းကွဲညီပါ။ ညီအစ်ကိုဆိုတာထက် သူငယ်ချင်းလိုပေါင်းတာဆိုရင် ပိုမှန်ပါလေ။ ရဲထက်က သူနှင့်လိုင်းမတူ၊ Type မတူတဲ့အနုပညာရှင်။ ရုပ်လေးကလည်းသန့်သလို အပြောလေးလည်း ချိုတာမို့ ဒီကောင့်ဘေးနားမှာ ပန်းပွင့်လေးတွေ ဝိုင်းဝိုင်းလည်နေတာပါလေ။

သူက အေးအေးလူလူနေတတ်ပြီး စကားနည်းသည့်လူ၊ ရဲထက်က ပေါ့ပါးပွင့်လင်းသည့်လူ။ အမှန်တော့ မေလေးနဲ့သူ ဆုံခွင့်ရခဲ့တာ ရဲထက်ကြောင့်ဆိုရင် မမှားပါလေ။ လမ်းကြုံတာနဲ့ ဒီကောင့် Studio ကို (မာမီလည်း ပစ္စည်းပို့ခိုင်းလိုက်တာမို့)



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားခဲ့ရပြီး မေလေးဓာတ်ပုံကို စမြင်ခဲ့တာပေါ့။

အင်မတန်မှ ခေတ်မီလှပလွန်းလှသည့်မေလေးက နတ်
သမီးလေးတစ်ပါးနှယ် ညို့ငင်ပြုံးပြနေတာကို ဓာတ်ပုံကိုင်ရင်း
သူတမေ့တမောငေးကြည့်နေဖြစ်ခဲ့တာ တကယ်ပါ။ ရဲထက်ရဲ့
ချောင်းဟန့်သံကြောင့် သတိဝင်သွားပြီး စားပွဲထက် ဓာတ်ပုံကို
ဖျတ်ခနဲချလိုက်စဉ် သူ့ရှေ့မှာ အရှင်လတ်လတ်ကြီးရပ်နေသည့်
မေစပယ်ဖြူနှင့်တန်းတိုးဖြစ်ခဲ့သလို သူအရှက်ကွဲခဲ့ရတာ ပေါ်ထင်
ကြီးမဟုတ်ပါလား။

ဤသို့ဤနှယ်အဖြစ်အပျက်မှစတင်ကာ ရဲထက်က မိတ်
ဆက်ပေးရာမှ သူ့ဂုဏ်ပုဒ်ကိုသိသွားပြီး မေလေးရဲ့လိုလိုချင်ချင်
လက်သင့်ခံမှုကို သူရခဲ့တာပေါ့။ တကယ်တော့ သူနဲ့မေလေးရဲ့
ကြားမှာ 'အချစ်'ဆိုတဲ့စကားလုံးကို လုံးဝမသုံးဖြစ်ဘဲ 'နားလည်
မှု'ဆိုတာနှင့် လက်တွဲဖြစ်ခဲ့တာပါ။ တစ်မျိုးတော့တစ်မျိုးကြီးဖြစ်
ကောင်းဖြစ်နေမှာမှန်ပေမယ့် သူက ထိုသို့သောနုနုရွရွစကားလုံး
တို့ကိုပြောရန် ရှက်ရွံ့တတ်သူဖြစ်နေခဲ့တာပါလေ။

''မောင်နှမဘယ်နှယောက်ရှိသလဲ''

''ရှင်! ဪ. . . နီ့ကိုမေးတာလား''

''ဟုတ်တယ်''





''နီက အမေတစ်ခုသမီးတစ်ခုပါ အစ်ကိုကြီး''

''အဖေကရော''

''နီ ရှစ်တန်းနှစ်က ဆုံးသွားခဲ့တာပါရှင့်''

''ဪ''

ကဲ! အမေကိုရှာဖွေကျွေးနေတဲ့အချက်ကပင် သူမကို
အလုပ်ဖြုတ်ပစ်ဖို့ ဘယ်နည်းနဲ့မှမဖြစ်နိုင်တော့တာလေ။ တကယ်
တော့ သူက ဒက်ဒီရဲ့လက်လွှဲပေးသည့်အလုပ်ကို လက်ခံခဲ့တဲ့
လူပင် မဟုတ်ပါလား။ ရဲထက်ကမှ ကိုယ့်လမ်းကိုယ်ဖောက်ပြီး
လျှောက်တတ်တဲ့လူပါ။ ဒီလိုနာမည်တစ်လုံးရလာအောင် ဘယ်
သူ့အကူအညီမှမယူဘဲ စခဲ့တာလေ။ ညီအစ်ကိုချင်းကိုတောင်
အောက်ကျို့စိတ်မရှိဘဲ မာနကလည်း ကြီးပါရဲ့။

''ခုနဓာတ်ပုံက အစ်ကိုကြီးငယ်ငယ်တုန်းကပုံပေါ့နော်''

''အင်း. . . ကိုယ့်မှာက ဝမ်းကွဲညီတစ်ယောက်ရှိသေး
တယ်''

''ဟုတ်လား''

''ဒီကိုလာသွားဖူးတယ်လေ၊ တွေ့လိုက်တယ်မဟုတ်
လား''

''ဘယ်သူလဲမသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ရဲထက်မာန်လေ''

''ရှင်! ''

သူမတွန့်ခနဲဖြစ်သွားတာမို့ သူမျက်မှောင်ကြုတ်လိုက်မိပါ၏။ ဘယ်လိုလဲ။ ခဏတဖြုတ်လေး လာတည်းရုံနဲ့ သူမ ရဲထက်နဲ့ဇာတ်လမ်းတွေ ဖြစ်သွားလေသလား။ 'ကောင်မလေးက ခပ်ရှုပ်ရှုပ်'တဲ့၊ 'မာန်နဲ့လည်း ရေလာမြောင်းပေးလုပ်ပုံ သိသာတယ်'ဆိုပဲ။ ပြစ်ချက်တွေကတော့ များတယ်နိုနိုညို။

နာမည်ခေါ်လေ့မရှိဘဲ ဒီလိုရင်းနှီးစွာခေါ်ဝေါ်လေ့ရှိတာကိုက တစ်ဖက်လူကို ဆွဲဆောင်စေတဲ့အပြုအမူလေလား။ ကိုယ်က မေလေးပြုမူခဲ့တဲ့အဖြစ်အတွက် မင်းကိုအားတုံ့အားနာဖြစ်မှုက ပိုသာနေခဲ့တာပါလေ။ လာမယ်ဆိုပြီး ရည်ရွယ်ပေမယ့်လည်း မရောက်ဖြစ်တာမို့ ဒီမှာလာဦးစီးတဲ့ကိုစည်သူတစ်ယောက် စကားကို ထွက်သွားတာမို့ သူတာဝန်လွှဲယူလိုက်ရတာပင်။

''လိုအပ်တာရှိရင် Reception ကို Phone လှမ်းခေါ်လို့ရပါတယ်။ နိုကိုခွင့်ပြုပါဦး''

''ကောင်းပြီ''

အခန်းထဲသို့ သူ့အိတ်ကိုယည့်ပေးပြီး နှုတ်ဆက်ကာ တံခါးပြန်ပိတ်ဖို့ပြင်ရာမှ သူမရပ်လိုက်လေ၏။ Uniform အိတ်ကပ်ထဲမှ ရွှေအိုရောင်ကတ်ပြားလေးကိုနှိုက်ကာ သူ့ထံသို့လက်နှစ်ဖက်ဖြင့် တရိုတသေကမ်းပေးလိုက်တာမို့ အံ့ဩသွားရလေသည်။

ကြည့်စမ်း! သူယူဖို့မေ့ခဲ့သည့် Hotel card ကို သူမသတိတရယူလာပေးတာပါလား။ ကတ်ထဲမှာ တစ် Hotel လုံးက ဌာနဆိုင်ရာနံပါတ်အားလုံး ပါဝင်နေတာလေ။

မင်းတော်တယ် နိုနိုညို။







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဟဲလို. . . Reception မှလက်ခံပြောနေပါတယ်ရှင့်၊ လူကြီးမင်း အလိုရှိရာကိုပြောပါ"

"နီနီညိုရောက်ပြီလား"

"ရှင်! "

"House Keeping က နီနီညိုလေ"

"ဪ. . . မနီ မရောက်သေးပါဘူးရှင်"

"ရောက်ရင်လွှတ်လိုက်ပါ၊ Room No (101) လို့"

"ဪ. . . ဟုတ်ကဲ့ပါရှင်"

မနေ့က ခရီးပန်းသွားတာမို့ ဒီမနက်နေထွက်မှ သူထဖြစ်၏။ ဒီကောင်မလေး အဘယ်မျှစိတ်ရှည်နိုင်မလဲဆိုတာကို သူ



www.burmeseclassic.com

www.burmeseclassic.com


စမ်းသပ်ရဦးမှာလေ။ မနက်ခုနစ်နာရီထိုးတာတောင်မှ မရောက်သေးပါတဲ့။ Phone ခေါ်ရင်ရှိနေမယ်ဆိုပြီး လူက မရောက်သေးပါလား နီနီညို။

ရေမိုးချိုးပြီး ရေသုတ်ရင်း မှန်ချပ်များဆီမှ အောက်ကို ငုံ့ကြည့်နေမိ၏။ ဟိုတယ်ထဲသို့ ဆိုင်ကယ်တစ်စီး ဝင်လာတာကို သူမြင်နေရပါ၏။ ကားရပ်သည့်နေရာရှေ့မှာ ရပ်သွားပြီး နောက်မှာထိုင်နေသည့်မိန်းကလေးက Helmet ကိုချွတ်ရင်း ဆိုင်ကယ်ပေါ်မှဆင်းလိုက်လေသည်။ ကြည့်စမ်း! ဒီကောင်မလေး ဘယ်ကချာတိတ်နဲ့အတူ ဆိုင်ကယ်စီးလာပါသလဲ။

စကားရပ်ပြောနေတာမို့ သူရပ်ကြည့်နေမိပါသည်။ ဘာတွေမှာတမ်းချွေနေပါသလဲ။ ကောင်လေးက တစ်စုံတစ်ခုပြောလိုက်တာကို အသည်းယားသွားပုံဖြင့် သူမက ထိုကောင်လေး၏ လက်မောင်းကို ဖျတ်ခနဲရိုက်လိုက်လေ၏။

ဘယ်လိုလဲ၊ ယောက်ျားလေးတွေနဲ့ ဒီလိုရင်းရင်းနှီးနှီး ပုတ်ခတ်ကျီစယ်တတ်တာ သူမ၏စရိုက်ပေပဲလား။ Phone မြည်လာတာမို့ သူသတိဝင်သွားရပါသည်။ ကုတင်ဘေး စားပွဲပေါ်မှ Phone ကို သူလှမ်းယူကာ ဖွင့်လိုက်ပါသည်။

"ဟယ်လို"

"Morning ကို၊ နိုးပြီလား"

"အင်း. . . အခုပဲ ရေချိုးပြီးတယ်"

"Breakfast မစားရသေးဘူးပေါ့လေ"

"အခုပဲဆင်းပြီး စားတော့မလို့ပဲ"

"ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား"

"အင်း. . . ခရီးပန်းတာနဲ့ အိပ်ရာပြောင်းတာပါရောပြီး ကောင်းကောင်းအိပ်လို့မရဘူး"

"အစတော့ ဒီလိုပဲပေါ့၊ နောက်တော့အကျင့်ဖြစ်သွားပါလိမ့်မယ်။ ဪ. ဒါနဲ့ ဟိုကောင်မလေးကိုဖြုတ်လိုက်ပြီမဟုတ်လား"

"ဘယ်ကောင်မလေးလဲ"

"ကိုကလည်း မေ့ပြန်ပြီ၊ နီနီညို့ကိုပြောတာလေကွာ"

စောစောစီးစီး သူများသားသမီးကို အလုပ်ဖြုတ်ခိုင်းနေပြန်ပါပြီ။ မေလေးကတော့ ကြည့်မရရင် ချက်ချင်းကိုစိစဉ်ခိုင်းနေတော့တာပါပဲ။ သူကတော့ စိတ်မြန်လက်မြန်ဆုံးဖြတ်တတ်တဲ့သူမှ မဟုတ်တာဘဲ။

"ကိုယ် ဒီကိုလာတာ GM မှန်း ဘယ်သူမှအသိမပေးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ဘယ်လိုလဲ ကိုရဲ့"

"ပြီးတော့ အပြစ်မရှိတဲ့သူကို အကြောင်းမရှိအကြောင်းရှာပြီး အလုပ်ဖြုတ်ပစ်လို့မရဘူးလေ။ ဘယ်နေရာမဆို သူ့ Rule နဲ့သူ ရှိတယ်"

"ဒေါက်! ဒေါက်! "

Phone ကိုလက်ဖြင့်အုပ်ထားရင်း အသံလှမ်းပြုလိုက်မိ၏။ ရုတ်တရက် သူ့ကိုယ်ဗလာကျင်းနေတာကို မေ့နေတာလေး အခန်းတံခါးတွန်းဖွင့်လိုက်သည့်သူမက ပါးစပ်ကိုလက်ဖြင့်အုပ်ကာ အံ့သြသွားတာမို့ သူအားနာသွားရပါ၏။

"Sorry!..."

ဗီရိုတွင်းမှ ညအိပ်ဝတ်စုံအပါးလေးကို ချိတ်ဖြုတ်ကာ သူ့ရှံလိုက်ပါ၏။ Phone ပြောလက်စမှန်းမြင်တာမို့ သူမက ဘာမှမပြောဘဲ လိုက်ကာစကြီးကိုဆွဲဖယ်ကာ အခန်းတွင်းသို့ နေရောင်ဝင်စေလိုက်လေသည်။ သူ Phone ပြောနေစဉ်အတွင်းမှာပင် မျက်စိရှေ့ တတောက်တောက်နှင့်လုပ်သွားတာ ဘာမှမကြာလိုက်။

ကုတင်ပေါ်မှ bed-sheet ပြင်ပေးတာ၊ ခေါင်းအုံးကို ခပ်ဖွဖွရိုက်ကာ နေသားတကျပြန်ထားပေးတာ၊ စောင်ကိုသူ့နေရာနှင့်သူ ခေါက်ရိုးတကျပြင်ထားပေးတာ။ သူသုံးထားသည့်





Towel ကိုသိမ်းကိုင်ထားလိုက်ပြီး အသစ်ထုတ်ပေးကာ Bath room ထဲရှိတန်းမှာ ခေါက်လျက်သားလေး ထားပေးတာ။ ရေချိုးခန်းစီးဖိနပ်ကို အပေါက်ဝနားလေးမှာ စီပေးတာတို့ကို ခပ်သွက်သွက်လေး လုပ်သွားတာ မြန်ဆန်လွန်းလေ၏။

ရေခဲသေတ္တာထဲမှာ လျော့သွားတာက ရေသန့်တစ်ဘူးခဲ့ နောက်ထပ်ရေသန့်ဘူးအသစ်ကို ပြန်ထည့်ပေးရင်း တခြားရှည်းလျော့မလျော့ စစ်ဆေးလေ၏။ ပြီးမှ သူ့ကုတင်ဘေးရှိဆံပေါ်မှ ပွနေတာတို့ကိုပြင်ဆင်ပေးရန် အနားသို့လျှောက်လာတာမို့ သူလက်ဝါးကာပြလိုက်မိလေသည်။

"ဒါပဲနော်၊ ညကျမှ ကိုယ်ပြန်ဆက်လိုက်မယ်။ Bye!"

"ကိုယ့် LapTop ကို ထိမှာစိုးလို့ပါ နီနီညို"

"နီ မထိအောင် လုပ်နိုင်ပါတယ်"

"အလုပ်ကိစ္စတွေမို့လို့ပါ"

သူမခြေလှမ်းကို တုန့်ခနဲရပ်လိုက်လေ၏။ သတိအနေအထားများ ဖြစ်သွားလေသလား။ အမှန်တော့ ဒက်ဒီ့ဆီ Report တင်ဖို့ သူဘာစာတစ်လုံးမှမရေးရသေးဘဲ စက်ကိုဖွင့်လျက်သား ထားထားဖြစ်တာပင်။

"နီ့ကိုခေါ်တယ်ဆိုလို့ လာခဲ့တာပါ၊ အစ်ကိုကြီး Break-



www.burmeseclassic.com

www.burmeseclassic.com



fast စားနေတုန်းအချိန်မှ အခန်းရှင်းပေးရမှာပါ။ Phone ပြော
နေတာမို့လို့"

"ကိုယ်သိပါတယ်"

"နီကိုခေါ်ရင်းကိစ္စက"

"ဪ. . . ကိုယ် Breakfast ကို ဒီမှာပဲစားလို့ဖြ
မလား မေးချင်လို့ပါ"

သူမ တည်ငြိမ်စွာ မော့ကြည့်နေလေ၏။ အမှန်တော့
Service Center ကို သူ Phone ခေါ်ရမှာလေ။ အခုတော့
အခန်းရှင်းပေးရမည့် House Keeper ကိုခေါ်နိုင်းရတယ်လို့

"ဖြစ်ပါတယ်၊ ဘာများသုံးဆောင်ချင်ပါသလဲ၊ ပြော
ရှင့်"

"ပေါင်မုန့်ကြော်နှစ်ချပ်နဲ့ Black caffee တစ်ခွက်ပါ"

"ဟုတ်ကဲ့၊ နီ လာပို့နိုင်းလိုက်ပါ့မယ်"

"ပြီးတော့ Lunch အတွက် ကြိုမှာလို့ရော ရမလား"

"ရပါတယ်"

"ဒါဆိုရင်တော့ ကိုယ့်အတွက် အစိမ်းကြော်ရယ်၊ ဆ
နှစ်မျိုးဟင်းချိုရယ်၊ ငါးဆုပ်ဟင်းရယ် မှာပေးပါ။ ငါးဆုပ်က
ဖယ်ပဲနော်။ ကိုယ် ပုစွန်နဲ့မတည့်ဘူး။ Allergic ဖြစ်တတ်လို့"





"ဟုတ်ကဲ့၊ Salad ကော ဘာမှာမလဲ"

"မစားတော့ဘူး"

"အချိုပွဲအတွက် ဘာမှာချင်ပါသေးလဲရှင်"

"Black coffee နဲ့ Cake နှစ်ချပ်ဆိုဖြစ်ပါတယ်။ ကိုယ်
ညအိပ်ခါနီးလည်း coffee သောက်ဖြစ်တယ် နီနီညို"

"Coffee မှုန့်ရွေးတာများ ရှိပါသလား"

"Nest ဆိုရင်ဖြစ်ပါတယ်"

"နီ လူလွှတ်ပြီး ပို့နိုင်းလိုက်ပါ့မယ်ရှင်၊ ခွင့်ပြုပါဦး"

"ကိုယ်တိုင်ယူလာပေးလို့ မရဘူးလား နီနီညို"

"ရှင်!"

မျက်လုံးအဝိုင်းသားဖြင့် ပြန်ကြည့်နေသည့်မိန်းကလေး
ကြောင့် သူပြုံးမိပြန်လေ၏။ မေလေးတို့တုန်းက မည်သို့မည်ပုံ
ထွင့်ပေးခဲ့မှန်း မသိပေမယ့် သူ့အလှည့်မှာတော့ ဒီကောင်မလေး
ကို နည်းမျိုးစုံနဲ့ ပုံစံသွင်းရမှာလေ။

"ကိုယ့်အခန်းထဲမှာ အရေးကြီးပစ္စည်းတွေရှိနေတာမို့
အခြားလူကို ဝင်မလာစေချင်လို့ပါ"

ဘာကိုသဘောကျသွားမှန်းမသိနိုင်ဘဲ သူမ သွားတန်း
ဖြူလေးပေါ်အောင် ပြုံးလေ၏။ တကယ့်ကို ဖြူစင်တဲ့အပြုံး



www.burmeseclassic.com

www.burmeseclassic.com



လေးပါပဲလား။ မေလေးရဲ့အပြုံးကတော့ လှပပေမယ့် မာယာညို့ငင်သည့်အရိပ်တွေပါမှန်း သူသိနေတာပါလေ။

"နို ညနေငါးနာရီခွဲဆို အလုပ်ဆင်းရမှာပါ"

"ဒီတော့"

"Lunch အတွက် စီစဉ်ပေးရတာကိစ္စမရှိပေမယ့် Dinner နဲ့ Supper အတွက်တော့ စီစဉ်ပေးလို့မရဘူးလို့ ကြိုပြောချင်လို့ပါ"

"ညကိုးနာရီမှပြန်ရင် မဖြစ်ဘူးလား နီနီညို"

သူမ ခဏမျှငြိမ်သက်သွားပြန်၏။ ရဲထက်နဲ့တုန်းကအဘယ်မျှ ရင်းနှီးခဲ့မှန်း သူမသိနိုင်ပေမယ့် ရဲထက်နာမည်ရွတ်စဉ်က သူမအမူအရာပျက်သွားတာကိုတော့ သူမြင်ဖြစ်အောင်မြင်ခဲ့တာလေ။ အင်း. . . ရဲထက်ကိုတော့ ကြော်ငြာလာရိုက်တာမို့ ထားပါတော့။ သူကရော ဒီ Hotel နယ်ထဲကို ဘာကိစ္စနဲ့ရောက်လာတာလဲလို့များ မေးလာရင် မည်သို့ဖြေရပါမည်နည်း။

"ရဲထက်ရဲ့အစ်ကိုမို့ မိတ်ဆွေတစ်ယောက်အနေနဲ့အကူအညီတောင်းတာလို့များ ထင်နေသလားနီနီညို"

"ဟင့်အင်း. . . မထင်ပါဘူး"

"ဒါဖြင့် ဘာကိုတွေးနေတာလဲ"





"အစ်ကိုကြီးရော အစ်ကိုပဲလေ၊ ဒီလိုမျိုးအခွင့်အရေးကို အသုံးချတတ်တဲ့သူတွေမှမဟုတ်တာ။ ဒီလောက်တော့ နို နားလည်ပါတယ်"

"ဒါဆို ကိုယ်ပြောတာကို"

"ဟုတ်ကဲ့၊ ဘာမှအပန်းမကြီးတာမို့ နိုလုပ်ပေးနိုင်ပါတယ်ရှင်"

"OK! Thanks ပါ နီနီညို"

သူမခေါင်းညွှတ်ပြလျက် နောက်သို့ဆုတ်ပြီး အခန်းပြင်သို့ထွက်သွားလေတော့၏။ တံခါးပိတ်သံကလည်း ခပ်တိုးတိုးပဲမို့ သူ့အပေါ်မှာ စိတ်မခုမှန်း သူသိနေပါသည်။ မဆိုးဘူး။ ဒီကောင်မလေး ညှို့သည့်အပေါ် စိတ်တော့အရှုံးသားပါပဲလား။

သူ့ကို ဒီ Hotel ကို ဒက်ဒီလွှတ်တာက ဝန်ထမ်းတွေရဲ့ အလုပ်ကြိုးစားမှုကို စစ်ဆေးခိုင်းသလို တော်တဲ့ဝန်ထမ်းကိုရာထူးတိုးဖို့နှင့် ရန်ကုန်မှာ သင်တန်းတက်ရန် ဝန်ထမ်းရွေးဖို့ပါပဲ။ လောလောဆယ် အလုပ်ကြိုးစားတဲ့သူကို မရွေးနိုင်သေးပေမယ့် နီနီညိုကိုတော့ လျာထားပြီးသားဖြစ်နေလေပြီ။ ဟိုထိခေါ်လာပြီး သင်တန်းတက်ခိုင်းတာသာသိရင် မေလေးတော့ အဘယ်မျှဒေါပွဦးမည်မသိ။ ဟုတ်တယ်လေ၊ ကိုယ်ရေးကိုယ်တာနဲ့ ရုံး



www.burmeseclassic.com

www.burmeseclassic.com



...နဲ့ကို ရှောတွေးလို့ ဘယ်ရပ့်ါမလဲ။

သူက ဘာမဆို သေချာစဉ်းစားပြီး ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်တာမို့ ကိုစည်သူထက်ပိုပြီး သူ့ကိုပိုအားထားလေ၏။ ရန်ကုန်က Hotel တွေလောက် ဒီမှာက လူမစည်ကားပေမယ့် နိုင်ငံခြားဧည့်သည်တွေကတော့ နေရာစုံသွားလာကြတာမို့ သူတို့ Hotel မှာ မတည်းမဖြစ် တည်းခိုကြတာပင်။

ဝန်ထမ်းလိုတိုးပိုလျော့စာရင်းကို သူစစ်ဆေးရမှာမို့ ဒီက မန်နေဂျာကိုတော့ အသိပေးရမှာပဲ။ သိပ်မကြာခင်မှာတော့ သူ ဘယ်သူဘယ်ဝါဆိုတာကို တစ် Hotel လုံးအနေ့နဲ့အမြန် သိ ကုန်ကြမှာပါလေ။

"ဒေါက်! ဒေါက်! "

"ဝင်ခဲ့ပါ"

တံခါးက အသာအယာပွင့်လာသလို သူမတစ်ဦးတည်း သာ ရောက်လာလေ၏။ အခန်းတွင်းရှိစားပွဲဝိုင်းလေးထက်မှာ (စားပွဲခင်း,ခင်းထားသည့်အပေါ်၌) Breakfast ဝိုင်းလေးကို စား ချင့်စဖွယ်ဖြစ်အောင် ပြင်ဆင်ပေးလေသည်။

ထိုနည်းတူ နေ့လယ်စာ၊ ညနေစာတို့ကိုလည်း မနက် ည ဟင်းမထပ်အောင် သူမစီမံပေးပါသည်။ ညဆယ်နာရီမှာတော့





...တ်ဘူးအသေးလေး ပါလာပြီး သူဘယ်အချိန်သောက်သောက် ...ဆင်ပြေအောင် ကြိုတင်စီမံပေးတာမို့ စိတ်တိုင်းကျလိုက်တာ ...။

"မနက်ကို စောစောလာပေးပါလား နီနီညို"

"ဟုတ်ကဲ့ရှင့်"

သူ အမိန့်ဆန်ဆန်ပြောတာကိုလည်း အလိုက်သင့် နာခံ ...ပါပဲ။ ညဆယ်နာရီခွဲလောက်မှ သူမအိမ်ပြန်တာကို သူ Hotel ...မှ လှမ်းမြင်ရလေ၏။ အလာတုန်းကလို ဟိုချာတိတ်ရဲ့ဆိုင် ...ယ်ပေါ် ပါသွားတာပါပဲလား။ မင်းဘယ်လိုလဲ နီနီညို။

❀❀ ❀❀ ❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

''သမီးရေ၊ နောင်နောင်ရောက်နေပြီ''

''ပြီးပြီမေမေရေ့၊ ခဏလေး. . ခဏလေး''

''ဒီကောင် ဘာလုပ်နေလဲမသိပါဘူး အမေညီုရယ်။ ထွက်လာလည်း ဒီပုံပဲကို''

''ဟုတ်ပါ့ သွားရယ်''

နီကြားအောင် တမင်ပြောနေမှန်း နီသိနေပါ၏။ ဒီနေ့မှ နီက ရေချိုးနှင့်စောစောစီးစီးခေါင်းလျှော်မိတာလေ။ မလျှော်လို့လည်း မရတော့ပါ။ ဦးမြတ်ဘုန်းသိဂ်ါ ရောက်လာကတည်းက နီ့အလုပ်ချိန်က တစ်နေ့ ဆယ်နာရီပင် မကတော့တာလေ။ အပြုံးတို့ကတော့ ဒီလ နီတော့ OT ကြေးတွေနဲ့ ထောပြီလို့ပြောကြပေမယ့် နီကတော့ မထင်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! လုပ်ပြန်ပြီ မနက်အစောကြီး ခေါင်းလျှော်ရလား ဟ"

"ငါ့ခေါင်းတွေ ခဲနေပြီ နောင်ရဲ့၊ အချိန်မှမရှိတာ နင်သိ ရဲ့သားနဲ့"

"ဒါဆိုလည်း ခြောက်အောင်လုပ်လေ နီနီရဲ့။ ဟိုရောက် ရင် ဆံပင်က စည်းရတော့မယ်ဟာ"

"မှတတ်နိုင်ဘူး၊ နောက်ကျပါတော့မယ်ဆိုနေမှ"

"တွေ့လား၊ အမေ့သမီး ခေါင်းမာချက်ကတော့ စံပါ ပဲ"

"ကဲပါ၊ သွားမယ့်ဟာ သွားကြစို့ အမေ့ကိုချန်တဲ့အလုပ် က နောက်မှလုပ်။ နီသွားပြီ မေမေ"

"အေးအေး. . . သမီး၊ ဖြည်းဖြည်းမောင်းနော် သား"

"စိတ်ချပါ အမေညို"

နောင်နောင်က နီ့ကို ဆိုင်ကယ်စီးဦးထုပ်ဆောင်းပေး လေ၏။ ဒီမြို့မှာ တော်ရုံ နောက်ကစီးသူတွေ ဦးထုပ်မဆောင်း တတ်ကြပေမယ့် နောင်နောင်ကတော့ နီ့ကိုစိုးရိမ်တတ်တာမို့ Helmet အမြဲဆောင်းပေးကျင့်ရှိလေသည်။

"ညတုန်းက ငါသတင်းထူးရခဲ့တယ်"





"ဟုတ်လား. . . ဘာတဲ့လဲ"

"နင် မျက်ခုံးတွေမလှုပ်ဘူးလား"

"ဘာဖြစ်လို့လဲ"

ဆိုင်ကယ်စက်နှိုးလိုက်ပြီမို့ စကားစပြတ်သွားရပါသည်။ တစ်ယောက်တည်းဆို လွတ်လွတ်လပ်လပ် ခပ်မြန်မြန်မောင်းလေ့ ရှိပေမယ့် နီလိုက်စီးတဲ့အခါဆိုရင်တော့ ပုံမှန်ပင် မောင်းလေ့ရှိ တဲ့သူငယ်ချင်းလေးပါပဲ။

"ဦးဘုန်းမြတ်သိဂီလေ"

"အင်း"

". . ."

"ဟမ်း! ဘာပြောတာလဲ၊ မကြားရဘူးဟဲ့"

မီးပွိုင့်မို့ ခဏရပ်ကာ နောင်နောင်က နီ့ကိုလှည့်ပြော လိုက်သဖြင့် သူ့ကျောကိုယောင်ရမ်းထုလိုက်မိတော့၏။ အလို လေး! ဘယ်လိုမှမျှော်လင့်မထားတဲ့အဖြစ်အပျက်ပါပဲလား။

"တို့ Hotel ရဲ့ GM တဲ့"

"ဘာ!"

"ဟာ! နေရင်းထိုင်ရင်း ငါ့ကိုထုရသလား"

"သေပြီ. . . သေပြီ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်ရပြန်တာလဲ''

''အဲဒါစောစောကတည်းက ဘာလို့မသိရတာလဲ။ သူ
ရောက်နေတာဖြင့် တစ်လပြည့်တော့မယ်''

''သူမသိစေချင်လို့ ဖြစ်မှာပေါ့ဟ၊ အခုတော င် ဘကြ
အောင် တိုးတိုးတိတ်တိတ်ပြောလို့ ငါတို့တွေ သိကုန်တာ''

သေစမ်း! ဒီကိစ္စကို ဘာကြောင့် အခုမှ နီသိရတာပါလိမ့်
ဒါကြောင့် သူ့ပုံစံကို ထူးခြားလှပါတယ်လို့ထင်နေတာ မှန်နေပြီ
ပေါ့။ ရောက်ခါစနှစ်ရက်ခန့်သာ အခန်းထဲအောင်းနေတာဖြစ်ပြီး
အဲဒီနောက်ပိုင်းမှာ တစ် Hotel လုံးကို စေ့စေ့စပ်စပ် သူလိုက်
ကြည့်နေတာမဟုတ်လား။

နီကတော့ ကိုယ့်တာဝန်ကိုယ်ကျေအောင် အခန်းရှင်း
ရသည့်အလုပ်ကို Junior တွေ တစ်ရက် (၆)ခန်း (၈)ခန်းသာ
ရှင်းပေးရပေမယ့် နီကတော့ ပုံမှန် (၁၀)ခန်း(၁၂)ခန်းအထိ ရှင်း
ပေးနေရတာပါလေ။ ဒီကြားထဲမှာ သူလှမ်းခေါ်လိုက်တိုင်း လုပ်
လက်စအလုပ်ကို ခဏရပ်ထားကာ သူရှိနေသည့်နေရာဆီ အပြေး
အလွှားသွားခဲ့ရတာပါ။

ကဲ! အခုတော့ နီတို့ကို စစ်ဆေးရေး ရောင်တခင်း
လာသည့် GM တဲ့။ နီ့ကို ကပ်ဖားလျက်ဖားဆိုပြီး သူနဲ့တီးတိ





ပြောနေသည့်လုပ်ဖော်ကိုင်ဖက်အုပ်စုအတွက် ခိုင်မာသည့်သတင်း
ဖြစ်နေပါရောလား။ နီက ဦးဘုန်းမြတ်သိင်္ဂါကို နီတို့GMဟု နည်း
နည်းလေးမှ မသိခဲ့တာအမှန်ပါလေ။

''ငါတော့ သေသာသေလိုက်ချင်တော့တာပဲ''

''ဘာလဲ၊ သက်စုတို့အုပ်စု နင့်အတင်းအုပ်တာကိုပြော
ချင်လို့လား''

''အေး''

''ခေါက်ထားစမ်းပါဟာ၊ အဲဒီအုပ်စုက အလုပ်လုပ်တာ
နည်းနည်း။ အတင်းတုပ်နေတာက များများ။ ရေပေါ်ဆီတွေပါ။
နင်အလုပ်ကြိုးစားတာကို နင့်အထက်က Supervisor နဲ့ဘကြီး
အောင် သိရင်ပြီးတာပဲ''

''ဒါဖြင့် GM ကရော''

''ဒါတော့ ကျွန်တော်မျိုးလည်း မလျှောက်တင်တတ်ပါ
ရယ်။ မပြေးသော် ကန်ရာရှိတဲ့၊ ကောင်းရင်စံ မကောင်းရင်
လိုက်ပေါ့''

''ခွေးနာ''

နောင်နောင့်ကျောကို ဘုန်းခနဲထုလိုက်စဉ် ဆိုင်ကယ်
Hotel ဝင်းထဲကွေ့နေချေပြီ။ နှစ်ယောက်သား Hotel ဘေး



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းဝင်ပေါက်မှ ဝင်လိုက်စဉ် Reception မှအပြုံးက အ
လျှားဖားလျှား လက်ယပ်ခေါ်လေ၏။

"အတော်ပဲ၊ မြန်မြန်လာ မနီ"

"ဘာလဲ"

"ခဏနေ ဝန်ထမ်းအားလုံး Meeting Room ထဲ
ရမယ်တဲ့"

"ခဏနေ"

"အင်း. . . Uniform မြန်မြန်လဲကြတော့လေ"

ခြော်. . အခုမှပဲ သင်တန်းသားတွေလို အမြန်ပဲ
နေရတော့တာပါလား။ နောင်နောင်က ယောကျ်ားလေးအ
လဲခန်းသို့သွားသလို နီလည်း Locker ဖွင့်ပြီး Uniform ကို
ပြီး အဝတ်လဲခန်းမှာ အဝတ်လဲလိုက်ရပါ၏။ အံ့ထူသည့်ဆံ
ကို ဒီနေ့မှ လျှာရှည်ပြီး လျှော်မိတာမှားတာပါပဲလား။

ခပ်ထပ်ထပ်လေးသာ ခြောက်သေးသည့်ဆံပင်တို့
ဘီးဖြင့်ဖြီးသင်လိုက်ပြီး ဇာပါသည့်ဆံညှပ်ကလေးဖြင့် ညှပ်
အုပ်လိုက်ပါ၏။ မှန်ထဲမှာ ကိုယ့်ကိုယ်ကိုပြန်ကြည့်ကာ နှာ
ရင်ထိုးနေရာကျမကျစစ်ရင်း ချွေးပင်စို့နေလေသည်။ ဒီနေ့က
နီ့အဖို့ ပြဿဒါးပဲထင်ပါရဲ့။





"အားလုံး Ready ဖြစ်ရင် လူစုပြီး ဝင်ကြတော့လေ"

မန်နေဂျာ၏အသံက Intercon မှပေါ်လာတာမို့ အား
လုံးစုလျက် Meeting room ရှိရာဆီ ခပ်သုတ်သုတ်လျှောက်
လာခဲ့ကြပါ၏။ ဧည့်ကြိုနေရာမှာ Supervisor တွေ စုကျုံခဲ့တာ
မို့ နီတို့အစည်းအဝေးထဲမှာ သူတို့မပါဝင်မှန်း သိလိုက်ပါသည်။
ဒါဖြင့် နီတို့အောက်ခြေဝန်ထမ်းတွေကိုပဲ ခေါ်တာပေါ့လေ။

အထက်လူကြီးတွေက ကြိုသိပြီးသားမို့ မလိုအပ်တာပဲ
ထင်ပါရဲ့။ နီက သူနှင့်အနီးဆုံးမှာရှိနေခဲ့ပါလျက် ဘာကြောင့်များ
မရိပ်မိခဲ့တာပါလိမ့်။ ညံ့လိုက်တာနော်။ အကဲခတ်တဲ့နေရာမှာ Ze-
ro ကိုက်နေမှန်း ကိုယ့်ကိုယ်ကို အပြစ်တင်လျက် သိနေပါ၏။

"လူစုံပြီလား"

"စုံပါပြီ"

"နီနီညိုရောက်ပြီလား"

"ဟုတ်"

အခန်းတံခါးဟလျက် နီ့ကိုစိတ်မချလက်မချမေးလိုက်
သည့်မန်နေဂျာကြောင့် နီနှာခေါင်းရှုံ့ပြလိုက်မိလေ၏။ တဆိတ်
ရှိ ဒီနာမည်ကိုခေါ်ကောင်းကောင်းနဲ့ ခေါ်နေတော့တာပဲ။ ခိုင်းရင်
လည်း နီ၊ ဆူရင်လည်း နီ၊ အဆဲခံရလည်း နီပါလေ။ ချီးမွမ်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားသံကတော့ နို့နာမည်က နောက်ဆုံးမှာပဲရှိနေမှန်း နီအသိ ဆုံးမဟုတ်လား။ အင်းပေါ့လေ၊ ပေဘာဝနဲ့လူဖြစ်လာမှတော့ ထု သမျှ ငြိမ်ခံရုံသာရှိတော့တာကိုး။

''အားလုံးပဲ၊ ငါတို့ Hotel ကိုဦးစီးမယ့် GM အသစ် ရောက်နေပြီဖြစ်ကြောင်း အသိပေးချင်လို့ လူစုခိုင်းလိုက်တာ''

လှုပ်လှုပ်ရွရွတွေဖြစ်ကုန်ကြလေ၏။ သိတဲ့လူတွေ သိ နေကြသလို မသိတဲ့လူတွေက ပိုများနေကာကိုး။ ကိုယ့်တာဝန် ကိုယ့်အုပ်စုနဲ့ထိုင်ရတာမို့ နောင်နောင်တို့ Reception က တစ် ဖွဲ့၊ နီက Room service အုပ်စုနဲ့ထိုင်နေပြီး ခုံတန်းက လမ်းမ ခြားပြီး ဟိုဘက်ဒီဘက်ထိုင်တာမို့ လမ်းခြားပေမယ့် ကပ်လျက် အနေအထားဖြစ်နေလေသည်။

''တအောင့်နေ GM ဝင်လာရင် အားလုံးမတ်တပ်ရပ် ကြိုရမယ်''

Meeting room ဘေးတံခါးက ချပ်ခနဲပွင့်သွားတာနဲ့ အားလုံးအကြည့်က ရောက်သွားကြလေ၏။ နီ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရတာအမှန်ပါ။ Stage ရှိရာဆီ ခြေလှမ်းမှန်မှန်ဖြင့် တက် လာသည့်သူက တည်တည်ငြိမ်ငြိမ်ပါပဲလား။ ကျွတ်စီကျွတ်စီအသံ တို့ တိခနဲတိတ်သွားသလို ဘာသံမှမထွက်တော့တာလေ။





''အားလုံးပဲ အသစ်ရောက်လာတဲ့ GM ဦးဘုန်းမြတ် သိင်္ဂါပါ''

မတ်တပ်ရပ်ကာ ရှိသေကြောင်း ပြလိုက်တာမို့ သူက ခေါင်းညိတ်ပြကာ နီတို့ကိုပြန်ထိုင်ခိုင်းလိုက်လေ၏။ ဘာတွေများ ပြောဦးမှာပါလိမ့်။ မန်နေဂျာဘေးမှာ ရပ်လိုက်တာမို့ နီတို့လေး လေးက အရပ်ပုပြတ်ပြတ်ဖြင့် ရယ်စရာကောင်းသွားတာလေ။ အတော့်ကိုယောကျ်ားပီသလွန်းသည့် GM ဦးဘုန်းမြတ်သိင်္ဂါပါ ပဲလား။

''အားလုံးပဲ မင်္ဂလာပါ၊ ကျွန်တော်က ဒီမှာလုပ်သွားတဲ့ ဦးစည်သူကိုယ်စား အသစ်ရောက်လာတဲ့ GM ပါ။ ရောက်ခါစ က ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်သူဘယ်ဝါဆိုပြီး ပြောချင် ပေမယ့် အခြေအနေအရ ငြိမ်သည်လိုပဲနေခဲ့တာပါ''

သူက စကားရပ်ပြီး အားလုံးကိုဝေ့ကြည့်လိုက်လေ၏။ နီက နီတို့အုပ်စုရဲ့တတိယတန်းလမ်းဘေးအစွန်မှာ ထိုင်တာမို့ နီ့ကို သူလှမ်းမြင်နေရတာပါလေ။ နီ့ကို စူးခနဲတစ်ချက် (နီ့အထင်) ကြည့်လိုက်ပြီး သူစကားဆက်ပြောလိုက်လေ၏။

''ရောက်နေတဲ့တစ်လအတွင်း အခြေအနေအတော်လေး သိမ်းလို့ရခဲ့ပါတယ်။ တာဝန်ကျေပွန်တဲ့ Staff တွေရှိသလို ရေ



www.burmeseclassic.com

www.burmeseclassic.com



သာခိုတတ်တဲ့ Staff တွေလည်း အနည်းနဲ့အများရှိနေတာကို ကျွန်တော်မျက်မြင်ကိုယ်တွေ့ သိခဲ့ရတာပါ''

သက်ပြင်းကိုခိုးရှိုက်လိုက်မိ၏။ ကိုယ့်ပြစ်ချက်ကို ကိုယ်မမြင်နိုင်ပေမယ့် သူလို GM ကတော့ နို့အပြစ်ကို မြင်တတ်တာမဟုတ်ပါလား။

''ဒီလကုန်ကစပြီး ဝန်ထမ်းအပြောင်းအလဲရှိမှာပါ။ ရာထူးအလိုက် လစာတိုးသင့်သူကိုတိုးပြီး လျှော့သင့်သူကိုလျှော့ထိုက်တဲ့သူကို လစာလျှော့ပါမယ်။ ဒါဆို မကျေမနပ်ပြောလို့မရပါဘူး။ ကိုယ်လုပ်ခဲ့တဲ့အကျိုးအတိုင်း ကိုယ်ခံစားရမှာအမှန်ပါပဲ။ နောက်ပြီးတော့ ကျွန်တော်ဦးစီးနေတဲ့ဘောင်အတောအတွင်းမှာ ထူးချွန်ဝန်ထမ်းတွေရွေးပြီး ရန်ကုန်မှာ သင်တန်းထပ်တက်ခွင့်ရပါလိမ့်မယ်။ အခုလိုအချိန်ပေး နားထောင်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီလောက်ပါပဲ''

ပြောပြီးသည်နှင့် မန်နေဂျာဘက်ကို ခေါင်းတစ်ချက်ညိတ်ပြကာ Stage ပေါ်မှ သူဆင်းသွားတော့၏။ ကဲ! နို့တို့ဝန်ထမ်းတွေတော့ GM လက်သစ်ထဲမှာ လှိမ့်ခံရတော့မယ့် ဆီးဖြူသီးဘဝရောက်ကြချေပြီလေ။

❀❀ ❀❀ ❀❀



## အခန်း (၁၃)

''နီနီညို၊ ခဏလိုက်ခဲ့''

ကဲ! Meeting ပြီးတာတောင် အလုပ်စမလုပ်ရဘဲ လေးလေးခေါ်ရစ်တော့မှာလေ။ နောင်နောင်က နို့ကိုမေးဆတ်ပြလိုက်တာမို့ နီက ပခုံးနှစ်ဖက်တွန့်ပြလိုက်ပြီး ဘာမှမသိဘူးဆိုသည့် အမူအရာကို ပြလိုက်ပါသည်။ ခေါ်မှတော့ လိုက်ရုံပဲရှိတော့တာပေါ့လေ။

''ဒေါက်၊ ဒေါက်!''

''မြန်မြန်ဝင်လာခဲ့တာမဟုတ်ဘူး''

အမိန့်သံကလည်း ဆူဆူဆောင့်ဆောင့်ရှိလှပါ၏။ အခန်းတံခါးကိုအသာတွန်းဖွင့်လျက် ဝင်လိုက်ပါ၏။ လေးလေးက ထူး



www.burmeseclassic.com

www.burmeseclassic.com



ပွဲထက်မှာ File တွေတစ်ပုံကြီးဖြင့် မျက်မှောင်ကြုတ်ကာ စိတ်တိုနေတဲ့ပုံစံပါလား။ ရာသီဥတုမမှန်မှုတော့ လက်ဖက်ခြောက်ယူလာရတော့မှာလေ။

''နီရောက်ပြီ''

''ညည်းအပြစ် ညည်းသိတယ်မဟုတ်လား''

''ဟင်! ဘာကိုလဲ''

''အံမာ! ခုမှ မျက်စိသူငယ်နားသူငယ်ပုံစံမျိုး ချိုးပြမနေစမ်းပါနဲ့။ မသိရင်ခက်မယ်''

''လေးလေး ဘာကိုဆိုလိုတာလဲ၊ နီဘာမှနားမလည်ဘူး''

နီအံ့ဩနေတာကို လေးလေးက မျက်ထောင့်နီကြီးနှ နဲ့ကိုစိုက်ကြည့်နေလေ၏။ နေရင်းထိုင်ရင်း လူကအပြစ်သားဖြ ရတယ်လို့။ ဒီမနက်မှ အထူးအဆန်းသံတင်းကြောင့် Excite ဖြစ်ပြီး မျက်လုံးကျယ်ပါတယ်ဆိုမှ လေးလေးက ထပ်ရစ်နေတာ လေ။

''ဦးဘုန်းမြတ်သိင်္ဂါနဲ့ ဒီလောက်တရင်းတနှီးရှိနေတာ တောင်မှ သူဘယ်သူဘယ်ဝါမှန်း ညည်းမသိဘူးလို့ ပြောင်း နဲ့ နီနီ''





''ဟာ! လေးလေးကလည်း နီနဲ့သူ စကားကိုသိပ်အကြာကြီးပြောတာမှမဟုတ်တာကိုး။ သူ့ကိုယ်ရေးကိုယ်တာကိစ္စတွေနီ့ကို သူပြောပါ့မလား။ သူကိုယ်တိုင် ဖုံးကွယ်ထားတဲ့ကိစ္စကို နီက ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ''

''ဘာပဲဖြစ်ဖြစ် တစ်ခုခုဆို ညည်းနာမည်ပဲ သူခေါ်ပြီးနိုင်းနေတဲ့ဟာလေ''

''ဟုတ်ပါတယ်၊ အဲဒါ နီနဲ့ရင်းနှီးတဲ့ အစ်ကိုရဲ့ထက်မာန်ရဲ့ဝမ်းကွဲတော်တဲ့အစ်ကိုလို့ သူပြောခဲ့တာမို့လေ။ သူ့ကို ဒီမှာ တာဝန်ယူတဲ့ GM လို့ နီလိုပါမွှားဝန်ထမ်းက ဘယ်သိမှာလဲ''

''သေစမ်း! ''

လေးလေးက သူ့နဖူးသူ ဖြောင်းခနဲ လက်ဝါးဖြင့် ရိုက်လိုက်လေ၏။ နီတို့ဆီလာတည်းသွားတဲ့ဧည့်သည်တွေက တကယ့်အထင်ကရဒိတ်ဒိတ်ကျဲတွေဖြစ်နေတာလေ။ ထားပါတော့၊ အစ်ကိုက ဒီ Hotel နဲ့ဘာမှမပတ်သက်ပေမယ့် ဦးဘုန်းမြတ်သိင်္ဂါက ပိုင်ရှင်မို့ တစ်လစာအခန်းပေးထားတာကို နီတို့ဝန်ထမ်းက ယူထားတာ အကုန်ပြန်ပေးရတော့မှာလေ။ ဒီတာဝန်ကိုတော့ လေးလေးပဲ မန်နေဂျာမို့ ယူပေတော့ပေါ့နော်။

''ရှိပါစေတော့၊ ဒါဖြင့်ရင် အဲဒီနေ့က ပြုံးပြုံးချိုရဲ့ duty



www.burmeseclassic.com

www.burmeseclassic.com



မို့ ငွေစာရင်းကိုပြန်ယူပြီး သူ့ကိုသွားပေးရမယ်။ ညည်းပဲ သွားပို့ပေး နီနီ''

''ဟမ်! အဲဒါ နီနဲ့ဘာဆိုင်လို့လဲ လေးလေးရဲ့။ လေးလေးက မန်နေဂျာမို့လို့ ဒီတာဝန်ကိုယူရမှာပေါ့လို့''

''မဖြစ်လို့ပါ၊ ငါဘယ်လောက်မျက်နှာပူရမလဲ။ ညည်းစဉ်းစားကြည့်''

''ကောင်းတယ်. . . သိပ်ကောင်းတယ်၊ မျက်နှာမရ ခြေထောက်ရမယ့်နေရာဆို နီနီညို့တာဝန်ပဲလုပ်လိုက်သလား။ အမြဲပျာတာလိုချည်း လိုက်လိုက်လုပ်နေရတာ အလုပ်တောင် ထွက်ချင်လာပြီ''

''အံမာ! အခုဝင်အခုထွက် လုပ်ရအောင် ညည်းကိုယ်ညည်း ဝင်ကစွပ်ကောင်လို့များထင်နေသလား။ ဒီလောက်ရင်းနှီးထားတဲ့လူမို့လို့ မျက်နှာနည်းနည်းပူတာ သက်သာအောင်လို့ နိုင်းနေတဲ့ဟာကို။ နည်းနည်းလေးမှနားမလည်ဘူး။ ခုချက်ချင်း စာရင်းဘောက်ချာဖွင့်ပြီး သွားပို့ပေး. . . သွား''

တောက်! ငါနော်။ စိတ်ထဲရှိတဲ့အတိုင်းသာ လုပ်မိရင် အဲဒီစားပွဲပေါ်က စက္ကူဖိဖန်တုံးနဲ့သာ လေးလေးကိုပစ်ပေါက်လိုက်ချင်တော့တာပါပဲ၊ ကန်တော့. . . ကန်တော့၊ လူကြီးကို မနောက်





နဲ့ပစ်မှားမိချေပြီ။ ငရဲတော့ ကျတော့မှာပဲ။

''တော်ပြီ၊ နောက်ဆို နာမည်ပဲပြောင်းလိုက်တော့မယ်''

''အံမာ! ဘာနာမည်တုန်း''

''တစ်နီတည်းနီနေကြလို့လေ၊ ပြာပြာနှမ်းလို့ပဲ ခေါ်ကြတော့''

''ညည်းနော်''

စိတ်ပေါက်ပေါက်ဖြင့် လေးလေးကို ထော်လော်ကန့်သန့်ပြောခဲ့ပြီး ထွက်လာခဲ့တော့၏။ အဲဒါ သူ့ကြောင့်၊ သူ့အပြစ်ပေါ့တလား။ စရောက်ကတည်းကသာ 'ကိုယ် ဒီကိုအသစ်ရောက်လာတဲ့ GM ပါ'ဆိုရင် ပွဲကပြတ်နေပြီဟာကို။ လူကို SPY လိုချိုးလုပ်ပြီး ဝန်ထမ်းတွေရဲ့ပြစ်ချက်မှန်သမျှ ကျိတ်ရှာနေတာပေါ့လေ၊ လူလည်ကြီး။

''တောက်! လုံးဝမကျေနပ်ဘူး''

''ဟမ်! ဘယ်သူ့ကိုပြောတာလဲ မနီ''

''ငါ့ကိုယ်ငါပေါ့၊ တော်ကြာ သူများကိုပြောတာဆိုရင် ပြဿနာက ထပ်တက်နေဦးမယ်''

''ဘာလဲ၊ ဘကြီးအောင် ပွမ်လိုက်လို့လား''

''အစစ်ပေါ့၊ အဲဒီမှာ ကျန်ခဲ့တဲ့လတုန်းက အပြုံး duty



www.burmeseclassic.com

www.burmeseclassic.com



list ထဲမှာ ရှာကြည့်"

"ဘာကိုလဲ"

"နင့်ဘကြီး ငွေသွင်းပေးထားသမျှ သူ့ကိုပြန်ပေးရော လေ။ ဘာလဲ၊ နင်ပါ ငါနဲ့ရောပြီး အလုပ်ပြုတ်ချင်နေပြီလား"

"ဟင်! မဟုတ်ပါဘူး"

"ဒါဆို မြန်မြန်ရှာပေး"

သင်းသင်းက ပြုံးတုံးပြတဲ့ပုံစံဖြင့် စာရင်းစာအုပ်ဟောင်း ထဲ ပြန်ရှာနေပါ၏။ စိတ်တိုတယ်နော်၊ စိတ်တိုတယ်။ စိတ် လွန်းလို့ အသက်ရှူရတာတောင် စိတ်က မရှည်ချင်တော့ဘူး ဒီပုံစံနဲ့တော့ နီနီညိုအသက်တိုရတော့မှာပါလေ။

"ဒီမှာတွေ့ပြီ"

"တွေ့ရင်တွက်ပေး၊ ဒီလအတွက် ပေးထားတာတွေ ရှာ။ ဘာမှမကျန်စေနဲ့"

"မနီနဲ့ GM က ရင်းနှီးတာပဲဟာ"

"မရင်းနှီးဘူး၊ အဲဒီလိုမျိုး လူကို လျှို့ဝှက်ချက်တွေ အရှုံးလုပ်ခံရတာလောက် မုန်းစရာကောင်းတာမရှိတော့ဘူး"

"ရှူး. . . ကြားသွားဦးမယ် မနီရယ်"

"ကြားကြားဟယ်၊ I don't care."





သင်းသင်းက နီ ပွစိပွစိရွတ်နေတာကို ပြုံးစိစိဖြင့် သူ့စာရင်းကို Calculator ဖြင့် ခပ်သွက်သွက်တွက်ကာ အံဆွဲသော့ကိုဖွင့်လိုက်ပြီး ငွေရေလျက် နီ့ထံလှမ်းပေးလေ၏။ နီက နောက်တစ်ကြိမ်ထပ်ရေတွက်ကာ သင်းသင်းဖြတ်ပေးသည့်ဘောက်ချာအောက် လက်မှတ်ထိုးပေးလိုက်ရပါသည်။

"ပြည့်ပါတယ်နော်"

"အင်း"

ပိုက်ဆံထပ်နှင့်ဘောက်ချာကို Hotel တံဆိပ်ပါသည့် စာအိတ်ရှည်ထဲသို့ထည့်ကာ စာအိတ်ပေါ်မှာ 'To, GM ဦးဘုန်းမြတ်သိင်္ဂါ'ဟု ဘောပင်ဖြင့်ပင် ရေးလိုက်ပါ၏။ အမှန်ဆို Computer ဖြင့်စာလုံးစီရမှာလေ။ အချိန်ကြာမှာမို့ လက်ရေးဖြင့်ပဲ အမြန်ရေးလိုက်ရခြင်းပင်ဖြစ်လေ၏။

Lift ဖြင့် အပေါ်ထပ်သို့တက်လာခဲ့ပြီး သူ့အခန်းရှိရာသို့ လာခဲ့၏။ တံခါးခေါက်ပြီးမှ သတိရသွားတာမို့ စုတ်သပ်လိုက်မိလေသည်။ ကျစ်! သေစမ်း! ဒီအချိန် သူ့ရုံးခန်းထဲမှာ ရှိမှာပေါ့။ ငါကိုက ညံ့ပါ့။ အခန်းရှေ့မှ ပြန်ဆင်းလာကာ သူ့ရုံးခန်းတံခါးကိုခေါက်လိုက်ပါ၏။

"ဒေါက်! ဒေါက်!"



www.burmeseclassic.com

www.burmeseclassic.com



"..."

'ဝင်ခဲ့ပါ' ဟုသည့်အသံမကြားရတာမို့ မျက်မှောင်ကြုတ်လိုက်မိ၏။ 'မရှိဘူးလား။ အိပ်ခန်းမှာမရှိလို့ ရုံးခန်းမှာ လာရှာမိပါတယ်၊ လမ်းလျှောက်ရလို့မောတာထက် စိတ်က လှုကိုပိုမောနေပြီလေ။

"ဒေါက်! ဒေါက်!"

စိတ်ထဲထင့်ခနဲဖြစ်သွားတာမို့ Door Lock ကိုလှည့်ဖွင့်ကာ ရုံးခန်းအတွင်းသို့ခေါင်းပြူ၍ ချောင်းကြည့်လိုက်မိ၏။ ရုံးခန်းအတွင်းမှာ စားပွဲခုံသာရှိပြီး ထိုင်ခုံမှာ လူမရှိနေပါချေ။ နေဦးလက်ကနာရီက ဆယ့်တစ်နာရီဆိုတော့ ထမင်းများ သွားစားလေသလား။ မဟုတ်သေးပါဘူး၊ သူထမင်းစားရင် နီပဲအခန်းထဲလာပို့ပေးရတာလေ။ ဒါဖြင့် ဘယ်တွေများ သွားနေတာပါလိမ့်။

တံခါးကိုပြန်စေ့ပိတ်ကာ နောက်သို့လှည့်လိုက်မိစဉ် နီးရှေ့မှာ ဘွားခနဲပေါ်လာသည့်လူရိပ်ကြောင့် အထိတ်တလန့်ဖြစ်သွားရလေ၏။

"အမယ်လေး!"

"ဟောဗျာ! ဒါကဘာဖြစ်တာတုန်း။ လူကို သရဲသဘက်လိုများ ထင်နေသလားနီနီရဲ့"





"အို! အစ်ကိုကြီး...အဲ, GM က ရုတ်တရက်ကြီးရောက်လာတာကိုးလို့။ ဖရှူးလား...လိပ်ပြာတောင် လွင့်သွားသလားမသိ...ရှူး"

"ကိုယ်က မင်းကိုလိုက်ရှာနေတာ"

"ရှင်! နီ့ကို"

"ဟုတ်တယ်လေ"

'ဘာကိစ္စရှိလို့လဲ"

"ဗိုက်ဆာနေပြီလို့ ပြောချင်လို့"

မျက်စောင်းခဲလိုက်ချင်တာကို မနည်းထိန်းထားရလေ၏။ အမယ်လေးနော်၊ ဒီလိုမှန်းသာ ကြိုသိရင်အစကတည်းက 'အစ်ကိုကြီး' လို့ တရင်းတနှီးမခေါ်ခဲ့ပါဘူး။

"ဒါဆိုလည်း နီပို့နိုင်းလိုက်ပါ့မယ်၊ ဒါလေး GM ကိုပေးချင်လို့ နီလာရှာတာ"

"ဒါကဘာလဲ"

"သိချင်ရင် ဖွင့်ကြည့်ပေါ့ရှင်"

"ကိုယ့်အတွက် Lunch ကို ကိုယ်တိုင်ပဲ ပို့ပေးရမှာနော်"

"အဲဒါ နီ့တာဝန်မဟုတ်ဘူး"

"မဟုတ်လို့ မရဘူးလေ၊ ရဲထက်တုန်းကတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



အကုန်စီစဉ်ပေးခဲ့တာမဟုတ်လား''

''အဲဒါက အစ်ကိုနဲ့ခင်လို့ စေတနာနဲ့လုပ်ပေးခဲ့တာ''

''အင်းလေ၊ ကိုယ်က မင်းရဲ့အစ်ကိုကြီးဆို ပိုလုပ်ပေးသင့်တာပေါ့ နီနီညိုရဲ့။ မဟုတ်ဘူးလား''

ကဲ! ပြောကိုမပြောချင်တော့ဘူး။ နို့ကိုက မှားတာလေ လျှာရှည်ပြီး 'အစ်ကိုကြီး' လို့ခေါ်ချင်ဦး နီနီညိုရေ့။

''အဲဒါက GM ကို GM မှန်းမသိခင်က ခေါ်မိတာ အဲဒီအတွက် တောင်းပန်ပါတယ်ရှင်''

ခါးညွတ်၍ပြောတာကို သူကနောက်ဆုတ်၍ ရှောင်လိုက်လေ၏။ ကိုယ့်အပြစ်နဲ့ကိုယ် ခံရဦးမှာလေ။

''No! no! တောင်းပန်ဖို့မလိုပါဘူး။ ကိုယ်က အဲဒီလို ခေါ်တာကို ပိုပြီးသဘောကျပါတယ် နီနီညို။ နှုတ်ကျိုးနေပါလျက် ပြောင်းခေါ်ဖို့စိတ်မကူးလိုက်နဲ့လေ''

ကဲ! အခုမှ နီက မူကြိုကျောင်းသားကိုထိန်းတဲ့နာနီလို ဖြစ်နေပါရောလား။ ကလေးအကြိုက် အကုန်လိုက်လျှောပြီး လိုက်လုပ်ပေးနေရတာမျိုးလေ။ မထူးတော့ပါဘူး။ လုပ်ပေးလက်စနဲ့ ဆက်လုပ်ပေးရတော့မှာကို။

သူ့လက်ထဲသို့ စာအိတ်ကိုထည့်ပေးခဲ့ပြီး Kitchen ဆီ





ရာဆီ လှမ်းခဲ့ပါ၏။ အစားအသောက်ရွေးလွန်းသည့်သူ့အတွက် Menu ကို နီကိုယ်တိုင်ပဲ နေ့စဉ်စီစဉ်ပေးနေတာပဲမဟုတ်ပါလား။ အစကတော့ အထူးဧည့်သည်အဖြစ် စီစဉ်ပေးခဲ့တာဖြစ်ပေမယ့် အခုတော့ နို့တို့ Hotel ရဲ့ Boss မို့ ပိုပြီးတာဝန်ယူပေးရတော့မှာလေ။

ကြိုးစားထား နီနီညိုရေ့။ ရာထူးမတက် လစာမတိုးသည်း ရှိပါစေတော့။ လုပ်လက်စနေရာလေး ပျောက်မသွားရအောင် ရှိစုမဲ့စုအလုပ်လေးပြုတ်သွားရင် နီတို့သားအမိ ဒုက္ခအိုးထဲ ပြုတ်ကျသွားမှာကို။ နီတော့ စဉ့်တီတုံးပေါ် အလိမ့်ခံရာက အလိမ့်တုံးအောက် ဂျုံပြားဘဝ ရောက်နေပြီထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

List ထွက်ပြီတဲ့။ ဘာမှမကြာလိုက်သေးတဲ့ကာလမှာ ဝန်ထမ်းတွေ ပြောင်းလဲတော့မှာမို့ အားလုံးအထိတ်တလန့်ပါပဲ။ နောင်နောင် Night ဆင်းတာမို့ နိုနဲ့မဆုံဖြစ်။ လိုင်းကားဖြင့်သာ အလုပ်ကို ခပ်သွက်သွက်လှမ်းခဲ့ပါ၏။ အချိန်လည်း စောသေးတာမို့ ဆံပင်ကိုမစည်းဖြစ်ဘဲ ဒီတိုင်းချထားခဲ့မိလေသည်။

"ဘယ်မှာလဲ"

"Board မှာပေါ့"

တီးတိုးပြောနေကြတာမို့ Uniform လဲတဲ့နေရာဆီ အရင်မဝင်ဘဲ ညွှဆောင်နံရံမှာ ရှိနေသည့်စာရင်းစာရွက်ကပ်ထားရာဆီ အရင်ဆုံးလှမ်းလာခဲ့မိသည်။ ရာထူးအပြောင်းအလဲစာရင်းမှာ နာမည်မတွေ့ရသဖြင့် မျက်လုံးပြူးသွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ! နီတော့ အလုပ်ပြုတ်ပြီလား။

''နီနာမည်. . . နီနာမည်တွေ့မိလားဟင်''

''ဟိုဘက်စာရွက်မှာ မနီရဲ့''

''ဟုတ်လား''

ထောင့်ဆုံးမှာရှိနေသည့်စာရွက်မှာ စီထားသည့်နာမည်စာရင်းက ခပ်တိုတိုသာ။ Kitchen မှနှစ်ဦး၊ ညှော်ကြိုမှ နှစ်ဦး Cleaning အလုပ်သမားနှစ်ဦး၊ Waiter နှစ်ဦး၊ Waitress နှစ်ဦး၊ Store စာရေးနှစ်ဦး၊ အားလုံးအောက်မှာမှ စားဖိုမှူးတစ်ဦးနှင့် House Keeper ဖြစ်သည့်နီနီညိုဟူသည့်အမည်ကြောင့် နလုံးရပ်သွားသလို မတ်တပ်ရပ်နေမိလေ၏။

ဘယ်လိုလဲ၊ သင်တန်း သုံးလ(သို့ပဟုတ်) ခြောက်လ တက်ရန် (ရန်ကုန်)ဟူသည့်ခေါင်းစဉ်ကြောင့် အံ့သြနေမိတာလေ။ နီက လုပ်ငန်းမကျွမ်းကျင်ဘူးပေါ့။ အသုံးမကျလို့ ဝေးရပ်ကွာပြီး အဝေးမှာ သင်တန်းဆက်တက်ရမှာထင်ပါရဲ့။ မေမေသာသိရင် စိတ်မချမ်းမသာဖြစ်ဦးမှာလေ။ အခုမှ နီက တော်တော်လေး အသုံးမကျမှန်း ကိုယ့်ကိုယ်ကိုသိပြီမို့ စိတ်ဓာတ်ကျနေပြီကော။

ငိုချင်လိုက်တာနော်။ စိတ်ရှိလက်ရှိသာ ငိုလိုက်ရရင် 'မြေထဲပင်လယ်ဟိုတယ်ကြီး' တော့ မျက်ရည်မြစ်ထဲ မျောပါသွားတော့မှာလေ။ ငိုချင်တာက အရေးမကြီး။ တော်ကြာ အမြင်ကပ်မှာဒ်မနဲ့ ရှိစုမဲ့စုအလုပ်လေး ပြုတ်မသွားအောင် အလုပ်ကိုကြိုးစားလုပ်ပြရဦးမှာလေ။

ဦးဘုန်းမြတ်သိင်္ဂါ အခုချိန်မနိုးလောက်သေးပါဘူး။ နိုးလာရင် ရုံးခန်းမှာ လာထိုင်ပြီး နို့ကိုခေါ်ကာ Breakfast မှာစားတော့မှာလေ။ အဝတ်လဲခန်းမှာ Uniform လဲလိုက်ပြီး ဆံပင်ကို သေသေသပ်သပ်စည်းလိုက်ပါ၏။ စိတ်ဓာတ်ကျနေလို့လားသေိ၊ ဆံပင်စည်းတာကိုပင် တစ်ကြိမ်တည်းလျှောလျှောရှူရှူမဖြစ်တာလေ။

''ကျစ်!''

''မနီ''

''ဘာလဲ''

''ရန်ကုန်ကိုသွားရဦးမှာ မပျော်ဘူးလား''

ကြည့်! လူကို တမင်ရွဲ့ပြီးများ မေးနေသလား။ ရင်ထိုးခိုတ်နေရင်းမှ သင်းသင်းကို မျက်စောင်းလှည့်ထိုးလိုက်မိစဉ် နို့သက်မ စစ်ခနဲနာသွားပါ၏။ သေစမ်း! လက်တော့ ရင်ထိုးချိတ်နေချေပြီ။ အဲဒါကြောင့် ဒီနေ့ကံမကောင်းပါလားနော်။

''ဟင်လို့''







www.burmeseclassic.com

www.burmeseclassic.com



''ပျော်ပါဘူး''

''ဘာဖြစ်လို့လဲ''

''ဘာဖြစ်ရမလဲ၊ ရန်ကုန်သွားရင် စရိတ်စက,က ကြီးပါ့။ မေမေနဲ့လည်း ခွဲနေရဦးမယ်။ ခုတလော မေမေ့ကျန်းမာရေးက သိပ်ကောင်းတာမဟုတ်ဘူး။ အေးတာနဲ့ ရင်က ကျပ်ရော''

''ဟင်! မနီကလည်း သင်တန်းသွားတက်ရတဲ့သူတွေက ရာထူးတက်မှာမို့ အားလုံးက မနာလိုနေကြတာကို။ သူက မပျော်ဘူးတဲ့။ ဘယ့်နှယ်''

'ဘာ! ရာထူးတိုးမှာ''

''အင်းလေ''

''မတိုးရင်လည်း နေပါစေတော့ သင်းသင်းရယ်။ ငွေကုန်ကြေးကျများလွန်းတဲ့နေရာကို မသွားချင်ပါဘူး''

''အဲဒါဆို လူလဲပြီး လွှတ်ဖို့သွားပြောလိုက်ပေါ့''

''ဘယ်သူ့ကိုလဲ''

''GM...ကို''

''ရပါလိမ့်မယ် အားကြီး''

လက်ကိုသုံးလေးချက်ခါလိုက်ပြီး GM ရုံးခန်းကို သ[illegible] ရှင်းရေးအရင်လုပ်ရန် ဝင်ခဲ့ပါ၏။ စားပွဲခုံရှင်းတာ မှန်ချပ်ဖုန်သု[illegible]





တာ၊ ကြမ်းပြင်ဖုန်စုပ်တာတို့ကို ခပ်သွက်သွက်လုပ်ကာ လက်ဆေးရင်ပြန်ထွက်ခဲ့ပါ၏။ မနက်ကဝယ်လာသည့် နှင်းဆီသုံးမျိုးကို အရွက်ဖြတ်သင့်တာဖြတ်ပြီး အလှပန်းအိုးထိုးစဥ် လက်ထိပ်ကို စူးဆူးပြန်လေသည်။ ငါတော့ ဒီနေ့ စူးဆူးခံရတာ များနေလေပြီ။

''မနီ. . . GM က မေးနေပြီ''

''အေး''

ပန်းအိုးတွေကို Reception Counter မှာ တစ်အိုး၊ မန်နေဂျာရုံးခန်းထဲမှာ တစ်အိုးအရင်ထားလိုက်ပြီးမှ GM ရုံးခန်းထဲထားရန် ဆက်လျှောက်လာခဲ့၏။ Door lock ကိုလှည့်ဖွင့်ဝင်လိုက်မိစဥ် သူကလည်း အပြင်ထွက်ရန် အခန်းဝသို့ရောက်နေတာမို့ ထိပ်တိုက်တွေ့သွားရလေသည်။

''အမယ်လေး!''

''ဟောကြည့်! လုပ်ပြန်ပြီနီနီရာ။ စောစောစီးစီး ကိုယ့်ကို ရေပက်ရသလား''

''Sorry! sorry! အဲ. . . ကန်တော့. . . ကန်တော့ပါ GM. နီက GM မရောက်လောက်သေးဘူးထင်ပြီး ရုတ်တရက်ဝင်လိုက်မိတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရမယ်"

"အကျႌလဲချင်သလားဟင်၊ နီသွားယူပေးရမလား"

"နေပါစေ၊ သိပ်စိုတာမှမဟုတ်တာ၊ ရတယ်"

"နီဘာလုပ်ပေးရမလဲဟင်"

ပန်းအိုးကို စားပွဲထက် ကြည့်ကောင်းစေရန် တင်ပေးလိုက်ပြီး နာမည် bloud တုံးကို စောင်းနေတာမို့ ပြန်တည့်ပေးစဉ် လက်မှာစူးနေသည့်ဆူးကြောင့် ဖျတ်ခနဲနာကျင်သွားသဖြင့် စုတ်သပ်လိုက်မိလေ၏။

"အ! ကျွတ်. . . ကျွတ်. . ."

"ဘာဖြစ်ပြန်ပြီလဲ"

"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူး"

အပြင်ထွက်ဟန်ပြုပြီး မထွက်သည့် GM က နီ့အနား ကိုရောက်လာတာမို့ နာနေသည့်လက်ကို နောက်မှာကွယ်၍ ခေါင်း ခါပြလိုက်ပါ၏။ ကျစ်! နဂိုကမှ လူပြောစရာဖြစ်နေရတဲ့ကြားထဲ သူ့ရုံးခန်းထဲမှာ နီကြာကြာမနေသင့်ပါလေ။

"မှန်း! လက်ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးဆို"

"ဘာမှမဖြစ်ဘူးဆိုရင် ကိုယ့်ကိုပြရဲရမှာပေါ့"





"အာ. . . ပြဿနာပဲ"

"ဘာပြဿနာလဲ။ လူကြီးက ပြဆို၊ ကလေးက လိမ်လိမ်မာမာနာခံပြီး ပြမှပေါ့။ လက်ပေးစမ်း"

"လက်ပေးရအောင် နီက ပါပီလေးမှမဟုတ်တာ"

"ကျစ်! အတော်ခေါင်းမာတဲ့ချာတိတ်ပဲ"

သူကပြောပြောဆိုဆို လက်သီးဆုပ်ဖြင့် နီ့ခေါင်းကို လှမ်းထုဖို့ ရွယ်လိုက်သဖြင့် နီက ခေါင်းကိုရှောင်စဉ် လူက ယိုင်သွားပါ၏။ ခြေအနေအထားမတည့်သလိုဖြစ်သွားတာမို့ သူက နီ့လက်မောင်းကို ဖျတ်ခနဲဆွဲလိုက်တာမို့ နီ့ခန္ဓာကိုယ်က သူ့ရင်ဘတ်ထဲကို ထွေးခနဲရောက်သွားလေသည်။ အို! ဘယ့်နှယ်ကြီးလုပ်လိုက်တာလဲ။

"ဒီလက်လား"

သူက ဟန်မပျက်ပုံစံဖြင့် နီ့ညာလက်ဖျားကိုကိုင်ကာ မျက်ခုံးတွန့်ပြီး ကြည့်လိုက်ပေမယ့် နီ့မှာတော့ တစ်ကိုယ်လုံးတုန်ရီကာ ရင်တွေတဒိုင်းဒိုင်းခုန်လိုက်တာ မပြောပါနှင့်။ သူစိမ်းတစ်ယောက်ရဲ့ရင်ခွင်ထဲကို ဒီလိုမျိုးအစိမ်းသက်သက်ကြီး နီ တစ်ခါမှမရောက်ခဲ့ဖူးတာလေ။ အစ်ကိုနဲ့တုန်းကတော့ အစ်ကို့ခါးကို နောက်မှအသာကိုင်ဖူးသလို အစ်ကို့ကျောပြင်မှာ ပါးအပ်မိတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အမှတ်တမဲ့ရှိခဲ့ဖူးတာပါပဲ။

သို့သော် ဒီလိုကြီး (ရေထဲကခပ်ပြီး သောင်ပေါ်တင်ထားတဲ့ပုစွန်ဆိတ်လို)ရင်တွေ တဆတ်ဆတ်ခုန်နေတာကတော့ အထူးအဆန်းနဲ့ ပထမဦးဆုံးအကြိမ်ပါပဲ။ ခက်တော့နေပြီ နီနီညို။ အစ်ကိုကြီးက ရိုးသားပါလျက်နဲ့ နင်ဘာကြောင့် စိတ်တွေယိုင်ထိုးနေရပါသလဲ။

"ကြည့်စမ်း! လက်မှာ ဆူးတွေစူးနေတာပါလား။ ဒီလက်ထိပ်မှာလည်း ပေါက်ထားသေးတယ်။ ဘယ်လိုများအလုပ်လုပ်သလဲ နီနီညို"

"ရပါတယ်၊ ဘာမှမဖြစ်ပါဘူး"

"မဖြစ်ဘဲရှိမလား။ အခုတောင် ဟိုကိုင်ဒီကိုင်လေးနဲ့ နာနေပြီမဟုတ်လား။ ဆောင်းတွင်းကို ဘာထင်နေသလဲ။ အနာရင်းတတ်တယ်ကွ။ လာ. . ."

"ဟင်! ဘာလုပ်ဦးမလို့လဲ"

"ဆူးထွင်ပေးမလို့လေ"

"အို! မဟုတ်တာ၊ နို့ဘာသာနီ လုပ်မှာပေါ့"

"ဒီလောက်အလုပ်ရှုပ်နေတဲ့လူက ဒီဆူးကို ဘယ်အချိန်ထုတ်မှာလဲ။ မင်း ဘယ်သန်လားညာသန်လား"





"ညာ"

"ညာသန်လူက ညာလက်ထဲကဆူးကို ဘယ်နည်းနဲ့ထုတ်ကတ်မလဲ နီနီညို. . . မညာညာရဲ့"

သူ လေသံမာနဲ့ပြောတာမို့ အားနာရှက်ရွံ့မှုဖြစ်နေသည့်ကြားမှ တစ်ချက်ရယ်ဖြစ်လေ၏။ လူကြီးဖြစ်ပြီး ဒီလိုလည်း ခပ်ရွှဲရွဲပြောတတ်တာပဲလား။ နို့ကို စားပွဲနောက်ရှိ သူထိုင်နေကျဆုံလည်ခုံမှာ ထိုင်ခိုင်းလိုက်တာမို့ ထိုင်လိုက်ရပါ၏။ ပြီးနောက် အံဆွဲထဲမှ အရက်ပျံဘူးထည့်ထားသည့်ဆေးသေတ္တာအသေးစားလေးကို နှိုက်ယူလိုက်လေသည်။

ပင်အပ်ဘူးထဲမှ ထိပ်ချွန်ချွန်လေးကို အရက်ပျံဆွတ်ထားသည့်ဂွမ်းဖြင့်သုတ်ကာ နို့လက်ထိပ်တွေကိုပါ သုတ်လိုက်လေ၏။ ပြီးနောက် အာရုံတစိုက်ဖြင့် ဆူးတွေကို ထွင်ပေးနေတော့သည်။ ပြဿနာပါပဲ၊ တစ်ယောက်ယောက်များ ရောက်လာရင်တော့ နီတို့နှစ်ယောက်မြင်ကွင်းကြောင့် အသက်ရှူရပ်သွားနိုင်ဘာလေ။

"အ!. . ."

"ငြိမ်ငြိမ်နေလေ၊ အကောင်းနဲ့လည်း လုပ်ပေးရသေးတယ်။ အနာကိုဂရုမစိုက်ဘဲ ဖြစ်သလိုပစ်ထားလို့ အခန့်မသင့်



www.burmeseclassic.com

www.burmeseclassic.com



ရင် မေးခိုင်ပိုးဝင်ပြီး သေတတ်တာရော သိရဲ့လား''

''ဟင်! GM ကလည်း။ ဒီဆူးလေးစူးတာလောက်နဲ့တော့ အသက်သေရမယ်လို့ မဟုတ်တာကြီး'';

''ဘာဒီဆူးကလေးရမှာလဲ၊ အခုပဲ သုံးချောင်းရှိနေပြီ အဲဒါချက်ချင်းမနှုတ်ရင် အထဲမှာမြုပ်သွားပြီး ပြည်တည်တော့ အနာရင်းပြီး မင်းလက်ဖြတ်ရရင် ဘယ့်နှယ်လုပ်မတုန်း''

နီ မအောင့်နိုင်တော့ပါလေ။ သူပြောနေတဲ့ဟာသ အူတက်အောင် ရယ်စရာကြီးမဟုတ်ပါလား။ လက်ရုန်းသလိုဖြ သွားတာကို သူက နီ့လက်ကောက်ဝတ်ကို ခပ်တင်းတင်းပြန်ဆု ကိုင်ထားလိုက်ပြီး နီ့နဖူးကိုလည်း ဖတ်ခနဲထုလိုက်လေ၏။ ကြည့် ပါဦး! သူနဲ့နီ ဤမျှအထိ ရင်းနှီးမှုမရှိပါဘဲ တရင်းတနှီးပြုမူရတယ် လို့။

''ရယ်မနေနဲ့၊ ဘာ GM လဲ၊ စခေါ်ကတည်းက အ ကိုကြီးဆို''

''အဲဒါ အစ်ကို့ရဲ့အစ်ကိုကြီးမှန်းသိလို့ ခေါ်တာပါနော်''

''ရဲထက်နဲ့ အတော့်ကိုရင်းနှီးတယ်ပေါ့လေ''

''အင်း''

လက်ကို ဒီ့ထက်ပိုတင်းကျပ်အောင် ညှစ်လိုက်တ





မျက်နှာလေး ရှုံ့သွားရပါ၏။ ဆူးတွေထွင်ပြီးသွားတော့ အရက် ပျံဖြင့် ထပ်သုတ်ကာ ရင်ထိုးပင်အပ်ပေါက်ထားသည့် လက်ညှိုး ထိပ်ပေါက်ခပ်ကြီးကြီးကိုတော့ ဆေးထည့်ကာ Tape ပတ်ပေးစ လေ၏။

နီတော့ Hotel GM တစ်ယောက်ရဲ့ Male nurse ဆန်ဆန်ပြုစုကုသပေးတာကို နီရခဲ့တာလေ။ တကယ်ပါပဲ။ နီ့နီ သို့အတွက် ထူးဆန်းအံ့ဩဖွယ်ရာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

''ဒေါက်! ဒေါက်! ''

''ခဏလေး''

ခဏလေးလို့ သူပြောပေမယ့် တံခါးကစေ့ထားတာမို့ ချပ်ခနဲပွင့်သွားလေ၏။ ခေါင်းပြူ၍ ဝင်လာသူက မန်နေဂျာဖြစ်နေတာမို့ သူကခေါင်းညိတ်ခေါ်လိုက်လေသည်။

''ဘာကိစ္စရှိလို့လဲ ကိုအောင်မြိုင်''

''ဟို. . . ဟို''

နို့လက်ကိုကိုင်ထားတဲ့မြင်ကွင်းမို့ အံ့ဩနေသည့်လေးလေးကြောင့် နီက လက်ကိုရုတ်လိုက်ပါသည်။ သူက စားပွဲထက်မှဆေးပစ္စည်းတို့ကိုသာ အာရုံထားပြီး မန်နေဂျာကိုဂရုမထားမိသလိုဖြစ်နေတာမို့ နီမျက်နှာပူနေရပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



''နေနေ. . . နီပဲသိမ်းပေးပါ့မယ်''

''လက်ကို အမှိုက်တွေပဝင်စေနဲ့ဦး''

''ဟုတ်''

အသုံးပြုထားသည့်ဂွမ်းစဘွေကို တစ်သျှူးစက္ကူကိုဖြင့်ကျုံးကာ ဆေးသေတ္တာထဲသို့ ဆေးဘူးနှင့်အရက်ပျံဘူးကို သေချာစီထည့်ပြီးမှ သော့တန်းလန်းရှိနေသည့်အံဆွဲကို အသာဆွဲဖွင့်ကာ ထည့်သိမ်းလိုက်ပါသည်။ လက်ထဲမှ စက္ကူနှင့်ဂွမ်းတို့ကို အပြင်အမှိုက်ပုံးမှာပင်ပစ်ရန် သူ့ရုံးခန်းထဲမှထွက်ခဲ့ပါ၏။

''နီနီ''

''ဝေ''

''နင့်နာမည် List ထဲပါနေတယ်ဆို''

''အေး''

''GM က ဘာပြောသေးလဲ''

''ဟင့်အင်း. . . ဘာမှမပြောပါဘူး''

''အမေညီ့ ဒီကိစ္စသိပြီးပြီလား''

''ဘယ်သိမှာတုန်း ဒီမနက်မှ အကုန်သိရတဲ့ဟာကို''

''နီနီညို''

''ရှင်''





နောင်နောင်နှင့်စကားပြောနေရာမှ လန့်သွားရပါသည်။ အခန်းဝမှရပ်ခေါ်နေသည့်သူ့ကို လှည့်ကြည့်လိုက်မိစဉ် မေးဆတ်ခေါ်နေတာမို့ ခြေဦးကိုနောက်ပြန်လှည့်ရပြန်ချေပြီ။ ဒုက္ခပါပဲ။ ဒီနေ့ ဘာအလုပ်မှမလုပ်ရသေးပါလားနော်။

''ဘာလဲဟင်''

''Breakfast မှာထားတာ လာပို့ပေးဦးလေ။ လေမျာနေဖို့ အချိန်ရှိနေသလား''

ဟောတော်! ခုနတုန်းကဖြင့် သူပဲ နီ့ကိုပြုစုပေးခဲ့တာ မဟုတ်သလိုပါပဲလား။ နောင်နောင်နဲ့စကားလေး ရပ်ပြောမိပါတယ်။ မြင်လိုက်တာပါပဲလား။ မျက်စိကလည်း လျှင်ပ့ါ။

''နီ လာပို့ခိုင်းလိုက်မယ်လို့ပြော. . .''

''မရဘူး၊ မင်းကိုယ်တိုင်ယူလာခဲ့''

''ဟာ! နီ Room ရှင်းပေးရဦးမှာလေ GM ရဲ့''

''လာပြန်ပြီလား ဒီ GM ကြီး၊ မင်းကိုသင်တန်းသွားတက်ရတော့မှာမို့ Room service အလုပ်ရပ်ခိုင်းထားတယ် နီနီညို။ လောလောဆယ် ကိုယ်ခိုင်းသမျှလုပ်ဖို့ပဲပြင်၊ ဒါပဲ''

ဘာကြီးလဲ။ စောစောကပဲ မျက်နှာပေါ်မှာ နူးနူးညံ့ညံ့လေးတွေ တွေ့လိုက်ပြီး ရုတ်တရက် မျက်နှာက တည်နေပါရော



www.burmeseclassic.com

www.burmeseclassic.com



လား။ ရာသီဥတုပြောင်းဘာကလည်း ချက်ချင်းမြန်ပါ့။

"လေးလေးက"

"ငါပြောထားပြီးပြီလို့ပြောနေတယ်"

ဘုရားရေ! 'ငါ'တဲ့။ နေရင်းထိုင်ရင်း ဒေါ်ပွပြန်ခေါ်ပြီး သူ့ရှေ့မှ အမြန်လစ်ရတော့မှာလေ။ Kitchen ဘက်ကို ခြေသွက်သွက်လျှောက်ကာ Black coffee နှင့် ပေါင်မုန့်ကြော်နှစ်ချပ် မှာရလေ၏။ လင်ဗန်းလေးကို ဂရုတစိုက်သယ်ခဲ့ပြီး ညှိခန်းဆောင် သို့ရောက်စဉ် နို့ရှေ့သို့ လူရိပ်တစ်ခု ဘွားခနဲပေါ်လာလေသည်။

"နီ!"

"အမယ်လေး!"

တုန်သွားသည့်လက်ကို (လင်ဗန်းလျှောမကျစေရန်) လှမ်းထိန်းပေးလိုက်တာမို့ တော်ပါသေးရဲ့။ အခုမှပင် နို့ရှေ့မှာ ရောက်နေသည့်မျက်နှာကို မြင်ရလေပြီ။

"ဟောတော်! အစ်ကိုလာတယ်"

"Yes!"

"ဘယ်တုန်းက ရောက်တာလဲ"

"Now!"

"တစ်ယောက်တည်းလား"





"Right!"

"မမေစပယ်ဖြူ ပါလာသေးလား"

"No!"

နီမေးသမျှ လိုတိုရှင်းဖြေနေတာမို့ နီဟက်ဟက်ပက်ပက် ရယ်လိုက်မိလေသည်။ ဒီလိုစိတ်လွတ်ကိုယ်လွတ် မရယ်ဖြစ်တာ အတော်ကြာနေပြီမဟုတ်ပါလား။ ဝမ်းသာလိုက်တာနော်၊ GM ကြောင့် နီစိတ်ရှုပ်နေသည့်အချိန်မှာ အစ်ကိုရောက်လာလို့ပါပဲ။

"ဒါ ဘယ်ယူသွားဖို့လဲ"

"အစ်ကိုကြီးဆီကိုလေ"

"ဘယ်လို"

"အစ်ကိုကြီးလေ အစ်ကိုရဲ့၊ အစ်ကို့ဝမ်းကွဲအစ်ကို ဦး ဘုန်းမြတ်သိင်္ဂါအတွက်ပေါ့"

"ဟာ! အဲဒါ Waiter ကိုပို့ခိုင်းရမှာပေါ့နီရဲ့။ ဘာဖြစ်လို့ နီက ကိုယ်တိုင်လုပ်ပေးနေရတာလဲ"

"မရဘူး အစ်ကိုရေ့၊ အစ်ကိုကြီးက နီကိုယ်တိုင်ပဲ လုပ် ပေးရမှာတဲ့"

"နေပါဦး၊ နီက ဘာကိစ္စနဲ့ ကိုကြီးကို အစ်ကိုကြီးလို့ ခေါ်ရတာလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုခေါ်မှကြိုက်. . ."

"နီနီညို"

"ရှင်. . . လာပါပြီရှင်"

အခန်းဝမှခေါ်လိုက်သဖြင့် နီက တွန့်ခနဲဖြစ်သွားသည် လှမ်းထူးလိုက်ရပါ၏။ သူက နီ့ရှေ့မှာရပ်နေတာကို မြင်လိုက် သဖြင့် အစ်ကို့ကိုမျက်မှောင်ကြုတ်ပြီး ကြည့်ချေပြီ။

"ပေး. . . ကိုယ်ယူသွားပေးမယ် နီ"

"နေပါစေ အစ်ကိုရဲ့"

"ဩော် . . . ပေးပါဆိုမှ"

"လာပြီဆိုပြီး ဘာလို့မလာသေးတာလဲ နီနီညို။ ငါ့ထက် ဘာက ပိုပြီးအရေးကြီးနေသလဲ"

"တွေ့လား၊ အစ်ကို့ကြောင့် နီအဆူခံရပြီ"

အစ်ကို့ကိုရှောင်ပြီး GM ရဲ့ရုံးခန်းဆီ နီသွားစဉ် အစ် ကပါ နီ့ဘေးမှာ လိုက်လျှောက်နေပါ၏။ ပြဿနာပဲ ရောက်တ ဆိုရင်လည်း သူ့ဘာသာသူ အခန်းကိုငှားဖို့ရှိရှာလေ။ အခု နီ့အနားမှာ ဝေ့လည်ကြောင်ပတ်လျှောက်နေတာမို့ GM မျ နောက်မှာ အမှန်ပါလေ။

"ဘာလာလုပ်ပြန်တာလဲ"





"အလည်လာတာပေါ့ ကိုကြီးရ"

"အလည်ကလည်း လာလာနိုင်လွန်းတယ်။ ဒီမှာ လှတပတရှုခင်းတွေ မရှိတာကိုများ"

"ဟား. . . လှတပတကြည့်ဖို့က အလုပ်ကိစ္စနဲ့လာတုန်း မြင်ပြီးပြီ။ အခုက အလည်သက်သက်နဲ့ပဲလာခဲ့တာ။ ရှုခင်းကြည့်ဖို့မှမဟုတ်ဘဲ ကိုကြီးရဲ့"

"ရှုခင်းမှကြည့်ရင် မင်းက ဘာကြည့်ချင်လို့တုန်း"

အစ်ကိုက မျက်စပစ်၍ ပြုံးစစလုပ်နေသဖြင့် GM က နီ့ကိုတစ်လှည့် သူ့ညီကိုတစ်လှည့် မသင်္ကာဟန်မျက်လုံးမျိုးဖြင့် ကြည့်ချေပြီ။ နေရင်းထိုင်ရင်း ပြဿနာရှာတတ်တဲ့အစ်ကိုပါပဲ လားနော်။

"ဟော့ကောင်"

"ဘာလဲဗျ"

"မင်းနော်၊ ငါ ဒီခဏရောက်ချိန်လေး လာပြီးပြဿနာ မရှာနဲ့။ မင်းဘကြီးသိရင် ငါပါရောပြီး အထုခံရမှာ"

"ကျွန်တော်ဘာလုပ်လို့လဲ ကိုကြီးရ"

"လုပ်မိမှာစိုးလို့ ကြိုပြောနေရတာလေ။ ရန်ကုန်မှာပဲ နာမည်ထွက်ရင် တော်ပါတော့ရဲ့ထက်မာန်။ နယ်ကမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကိုတော့ မထိချင်ပါနဲ့''

''ဘာဖြစ်လဲ ကိုကြီးရဲ့ မော်လမြိုင်သူလေးတွေက မိတယ်မဟုတ်လား။ နော်. . . နှိုရယ်''

''ဟာ! ဒီကောင်တော့ ပြောနေတဲ့ကြားက၊ မင်းသွားလို့မရသေးဘူး နှိုနှိုညို။ ခိုင်းစရာရှိသေးတယ်''

''ကိုကြီးက နှိုကို ဒီလိုအမြဲဆူငေါက်ပြီး ခိုင်းနေတာပဲလားဗျ''

''ဟ! သူက ငါ့ဝန်ထမ်းပဲဟာ၊ ခိုင်းတော့ဘာဖြစ်လဲ''

''ခိုင်းရင်လည်း လေပြည်လေးနဲ့ ခိုင်းမှပေါ့ဗျ၊ ငါ ရေသောက်ချင်တယ်နှိုနှိုညိုလို့ ပြောတာထက် ကိုယ့်ကိုရေတစ်ခွက်လောက်တိုက်ပါလားနှိုဆိုရင် ဘယ်လောက်အဆင်ပြေလိုက်မလဲ။ တကယ်ပြောနေတာနော်. နှို၊ ကိုယ်ရေဆာလို့''

''ဟော့ကောင်''

အလိမ္မာနည်းနဲ့ ရေတောင်းနေပြီမို့ ရုံးခန်းထဲမှ နှိုထွက်ခဲ့တော့၏။ သိပ်ကြီးရင်းနှီးပုံမရပါဘဲ နှိုကို နှစ်ယောက်အတူခိုင်းပြီး စကားများနေကြသည့် ညီအစ်ကိုဝမ်းကွဲနှစ်ယောက်ကြောင့် စိတ်မသက်မသာဖြစ်နေသည့်ကြားမှပင် ပြုံးမိပါသည်။ အစ်ကိုကြီးကလေးလို့ဖွတ်တရွတ်နိုင်သလို တည်ငြိမ်ပါသည်ဆိုသည့်အစ်ကို





ကြီးကလည်း အစ်ကို့ရှေ့မှာ နှိုကို နိုင်စားသလိုမျိုး ခိုင်းနေတာ ဘာကြောင့်ပါလိမ့်။

''ရေရပါပြီ အစ်ကို''

''OFF ဘယ်နေ့ရမှာလဲ''

''ဘယ်နေ့မှမပေးဘူး၊ ဘာကိစ္စ ငါ့ဝန်ထမ်းကိုလိုက်စပ်စုနေတာလဲ။ ရှုပ်ရှုပ်ယှက်ယှက်''

''ဟား. . . ကိုကြီးက ဘာအထာလဲကွ၊ စပယ်ကြားရင်တစ်မျိုးထင်ဦးမယ်''

''ဝန်ထမ်းကိစ္စပြောနေတာ မေလေးနာမည်ကို ဘာကိစ္စနဲ့ ထည့်ပြောရတာလဲ''

''စပယ်နဲ့ကိုကြီးက Engage လုပ်ထားပြီးသားဆိုတာ နှိုသိအောင်လို့လေ''

''ရဲထက်''

''ကျွန်တော့်မှာက လောလောဆယ် လက်ဆုပ်လက်ကိုင်ပြစရာ ရည်းစားရှိနေတာမဟုတ်ဘူးဗျ။ ဘယ်သူ့ကိုကြွေကြွေချွေလို့ရတာချည်းပဲ။ မဟုတ်ဘူးလား နှိုရယ်''

''ရှင်! ''

နှိုမှာဖြင့် ဘာမှနားမလည်ဘဲ အံ့ဩနေမိတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



'စပယ်'တဲ့။ အစ်ကိုကြီးနဲ့စေ့စပ်ထားတဲ့မိန်းကလေးက Model မေစပယ်ဖြူတဲ့လား။ နီတို့လိုအောက်ခြေဝန်ထမ်းတွေကို မတူမတန်သလို ဖိနှိပ်ပြောဆိုတတ်တဲ့မာနရှင်နဲ့မှ အစ်ကိုကြီးက ချစ်သူတွေဖြစ်ပြီး ဖန်းလောင်းရွေးခဲ့တာလေ။

ဘုရားရေ! နီ့ကို. . . နီ့ကို ပြဿနာရှာပြီး အရှက်ရစေ ရုံမျှမက ပါးပြင်ကို သက်ညှာမှုကင်းမဲ့စွာနဲ့ရိုက်ခဲ့တဲ့ အထက်တန်းလွှာက အမျိုးသမီးရဲ့သက်ဆိုင်သူကိုမှ နီကရင်းနှီးနေတာပါလား။ တကယ်ပဲ စတွေ့စဉ်ကတည်းက ရင်တွင်းမှလှိုက်လှဲမှုမျိုးနဲ့ အစ်ကိုကြီးလို့ တရင်းတနှီးခေါ်ဝေါ်ခဲ့မိတာကို အမြန်ပြန်ရုတ်သိမ်းရတော့မယ်ထင်ပါရဲ့။

မျက်နှာကွက်ခနဲပျက်သွားတာကို မည်သို့မျှဖုံးကွယ်ရပ့်။ အစ်ကိုကလည်း အစ်ကိုကြီးကို စချင်သလို၊ အစ်ကိုကြီးကလည်း သူ့ဝန်ထမ်းကိုလာထိမှာ စိုးရိမ်ပုံဖြင့်တားကာ စကားများနေကြတာလေ။

"နီ့ကို ခွင့်ပြုပါဦး"

"ခဏလေးပါ နီ"

"နေဦး. . . နီနီညို"

နှစ်ယောက်သား ပြိုင်တူတားနေကြပေမယ့် သူတို့ကို





ဒီ ကျောပေးလျက် ထွက်ခဲ့တော့၏။ သံသယဆိုတာ တစ်ခါထင်ရုံနဲ့ ပျောက်ပျယ်သွားတာမျိုးမှမဟုတ်ဘဲ။ အစ်ကိုကြီးနဲ့ဆက်နွယ်ပြီး သူမ ဒီကိုနောက်ထပ် ရောက်မလာနိုင်ဘူးလို့ အာမခံနိုင်တာမှမဟုတ်တာ။ တော်တော်ကြာ သူတို့ညီအစ်ကိုနှစ်ယောက်စလုံးနဲ့နီက ပိုရင်းနှီးနေတာကိုမြင်သွားရင် နီ့ကိုအလုပ်ထုတ်လိုက်လို့ပြောရင် နီတော့ သေပြီဆရာဖြစ်တော့မှာ အသေအချာပါပဲလား။ ချင့်ချိန်သင့်ပြီ နီနီညို။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

''ဘာပြောလိုက်တယ်''

''နိုနိုညို့နေမကောင်းလို့ ခွင့်နှစ်ရက်တင်ထားပါတယ် GM. သင်တန်းသွားတက်ရမယ့်နေ့မှာတော့ ကားဂိတ်ကိုရောက်အောင်လာခဲ့ပါ့မယ်တဲ့''

''သူကိုယ်တိုင်လာပြောတာလား ကိုအောင်မြိုင်''

''မဟုတ်ပါဘူး GM. သူ့အမေက Phone နဲ့လှမ်းခွင့်တောင်းတာပါ။ မနေ့က ပြန်ရောက်ကတည်းက ဖျားလာတာလို့ ပြောပါတယ်''

''ကျစ်! ''

ဘယ်လိုဖြစ်ပြီး နေမကောင်းဖြစ်ရတာလဲ။ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်ဒေါင်မြည်ကျွန်းမာနေတဲ့မိန်းကလေးကိုများ။ သူများတွေက အလုပ်ချိန်ရှစ်နာရီသာ လုပ်ရပေမယ့် ဤကလေးမက ဆယ်နာရီလည်း မဖြုံရေးချမဖြုံ ခပ်မာမာလေးလေ။ မနေ့တုန်းက ရဲထက် ရောက်လာလို့ စိတ်ရှုပ်နေတုန်း သူမ ညနေခပ်စောစောပြန်သွားတာပင် သူမသိလိုက်။

ဒီကောင်တော့ ဟိုမှာ မျက်နှာများရတာတင် မဝသေးဘဲ ဒီအထိလာပြီး ခြေဆန့်နေတာကိုး။ သူမကိုများ 'နီ' လို့ခပ်ပိုင်ပိုင်ခေါ်ချလိုက်တာ အဘယ်အတိုင်းအတာထိများ ရင်းနှီးသမှုရှိနေတာပါလိမ့်နော်။ နဂိုကတည်းက သိပ်စကားမပြောတတ်တဲ့ သူမို့ သူမအပေါ် ခပ်မာမာစကားပဲပြောမိလို့လား။ မဟုတ်သေးပါဘူး. . . နီနီညိုဆိုတာ သူအုပ်ချုပ်နေတဲ့ Hotel က သာမန်ဝန်ထမ်းလေးပါလေ။

"ကိုကြီး"

"ဘာလဲ"

"နီနေမကောင်းဘူးဆို"

"အဲဒါဘာဖြစ်လဲ"

"ကျွန်တော်လာတည်းတဲ့ကာလတစ်လျှောက် သူတစ်ခါမှနေမကောင်းမဖြစ်ပါဘူး။ ကိုကြီးနှင်းကန့်ခိုင်းလို့ ပင်ပန်းပြီး ဖျား





တာပဲဖြစ်မှာ"

"အံမာ! ငါက ဘာများပင်ပင်ပန်းပန်းခိုင်းနေလို့လဲ ပြောစမ်း"

"သူ့အလုပ်က Room service လေ ကိုကြီးရဲ့။ ရုံး Staff မှမဟုတ်တာ။ အခန်းရှစ်ခန်းရှင်းပြီးရင် နားနားနေနေနေလို့ရနေပြီ။ အခုဟာက ပျွန်းနှံလို တောက်တိုမယ်ရ ကိုကြီးဖွတ်ခိုင်းနေလို့ဖြစ်တာပဲနေမှာ"

"ရုံးအလုပ်ခိုင်းတာလောက်နဲ့ လူမသေသွားနိုင်ပါဘူးကောင်ရာ။ မင်းစကားတတ်တိုင်း အပိုတွေလျှောက်ပြောမနေနဲ့"

"ဒါတော့ ကိုကြီးဘာသာကိုကြီး သုံးသပ်ကြည့်ပေါ့။ သွားပြီ"

"ဒါက ဘယ်လဲ"

"နေမကောင်းဘူးဆိုမှတော့ လူမမာမေးသွားရမှာပေါ့"

"မင်း. . . သူ့အိမ်ကို"

"အင်းလေ၊ အခုမှရောက်ဖူးတာမှမဟုတ်ဘဲ ကိုကြီးရ။ ကျွန်တော်က သူ့အမေနဲ့ပါရင်းနှီးထားပြီးသား။ အားလုံး Peace ဖြစ်လစ်ပြီ"

"ဟေ့ကောင် ရဲထက်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုတဲ့။ သူ ဒီရောက်နေတဲ့လေးငါးလအတွင်းမှာ ဘယ်ဝန်ထမ်းတွေနဲ့မှ သိပ်မရင်းနှီးသေး။ အနီးဆုံးမှာရှိနေတဲ့ မန်နေဂျာရဲ့အိမ်ကိုလည်း သူမသိ။ အမြဲတစေခေါ်ခေါ်ခိုင်းလေ့ ရှိတဲ့သူမအိမ်ကိုလည်း တစ်ခါမှမရောက်ဖူး။ အခုတော့ တစ်လ လောက်သာ လာလည်ခဲ့ဖူးတဲ့ရဲထက်တစ်ယောက်ကဖြင့် နီနီညို့ အိမ်ကို ဝင်ထွက်မှုရှိနေပြီး အမေဖြစ်သူနဲ့ပါ ရင်းနှီးနေသတဲ့လေ ခြေသွက်လက်သွက်ရှိပါပေ့ ရဲထက်မာန်။ မဖြစ်သင့်တာမဖြစ်စေ အောင် စိုးရိမ်မိတဲ့ကြားက ညီဖြစ်သူက သူ့ရှေ့တစ်မိုင်ကျော်က နေ ပြေးနေတဲ့တာဝေးအပြေးသမားနှယ်ပါလား။

''ကိုအောင်မြိုင်၊ ခဏ''

''ဟုတ်ကဲ့ပါ GM ''

Intercon ခလုတ်ကိုနှိပ်ပြီး ခေါ်လိုက်တာမို့ မန်နေဂျာ ကိုအောင်မြိုင်က လာတော့မှာလေ။ ကဲ! သူဘယ်လိုပြောရမှာ လိမ့်။ အလုပ်ကိစ္စလည်းမဟုတ်ပါဘဲ နီနီညို့ကို သူဘယ်လိုမေး ရမှာပါလဲ။ ကျွတ်! စိတ်ရှုပ်လိုက်တာနော်။

''ရောက်ပါပြီ GM ''

''အင်း''

''ဘာများပြောမလို့ပါလဲခင်ဗျာ''





''ဟိုလေ၊ ရဲထက်က''

''ဟုတ်ကဲ့''

ဘာဆက်ပြောရမလဲမသိတာမို့ သူခဏငြိမ်လိုက်ရပါ၏။ ဟိုချာတိတ်မ နေမကောင်းလို့ ခွင့်ယူထားတယ်ဆိုတာကို သတင်း ပို့ထားတာက ဘာမှမကြာသေးတာလေ။ ပြဿနာပါပဲလားနော်။

''ဟိုလေ၊ နီနီညိုနဲ့ဒီကောင် ခင်တာကြာပြီလား''

''ဟုတ်ပါတယ် GM. ဒီကိုရောက်လာတဲ့ VIP Guest မို့ နီနီ့ကိုပို့ခိုင်းပြီး ခင်မင်ခဲ့တာပါ။ နီနီက အတော်စိတ်ရှည်တဲ့ ဝန်ထမ်းမို့လို့ပါပဲ''

''ခင်မင်တာက ထားပါတော့၊ သူ့အိမ်ထိ အဲဒီကောင်က လိုက်လည်သလား''

''ဟုတ်ကဲ့''

''ကျစ်! နီနီညိုကလည်း ခဏလေးနဲ့ခင်တဲ့လူကို အိမ် ထည့်ခေါ်တာပဲလားဗျာ။ ခက်တာပဲ''

''ကိုရဲထက်မာန်က နီနီညို့ကိုခင်မင်တွယ်တာတာပဲ ထင် ပါရဲ့ GM. သူကိုယ်တိုင်သွားလည်စဉ်က နီနီညိုရဲ့အမေ အန်တီ မာညိုနဲ့တွေ့ပြီး အိမ်ကိုဝင်ထွက်လည်ဖို့ အခွင့်ရှိသွားတာပါ ခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း! ခင်မင်ဘွယ်တာလို့တဲ့၊ မန်နေဂျာရဲ့စကားလုံး အသုံးအနှုန်းက သူ့ရင်ဝတည့်တည့် လာဆောင့်လိုက်သလိုနှယ်ပါ။ ဒေါ်အမာညိုကိုယ်တိုင်က ဝင်ထွက်ခွင့်ပြုစေခဲ့တာတဲ့လား။ ဘယ် လိုလဲ၊ ရဲထက်တစ်ယောက် စကားပြောတတ်တာကို သူသိပေမယ့် ဒီလိုမျိုး သူ့ဝန်ထမ်းနဲ့ ထွေးရောယှက်တင်ရှိနေတဲ့ အနေအထား မျိုးကိုတော့ သူမနှစ်သက်လှပါချေ။

တားရမယ် ရဲထက်မာန်။ မဖြစ်မနေ တားကိုတားရမှာ ပါ။ ဒီကိစ္စရှုပ်နေတာကို ဒင်းအမေ့(အန်တီလေး)သာသိသွားရင် သွေးနားထင်တက်သွားနိုင်တာလေ။ ကိုယ့်လောကထဲမှာ ပွေ တာ မဝသေးဘူးလား။ ဒီလိုနယ်ပယ်က အညတရမိန်းကလေး ကို ဖြားယောင်းသွေးဆောင်နေတာက အန္တရာယ်ရှိစေမှာလေ။

သို့တည်းမဟုတ် နီနီညိုကိုယ်တိုင်ကပင် အတွင်းစိတ် သန့်သန့်နှင့်ပဲ ရဲထက်ကို လိုလိုလားလားလက်သင့်ခံခဲ့တာပဲလား ခေါင်းထဲမှာရှုပ်ထွေးနောက်ကျိကုန်ချေပြီ။ နီနီညို. . . နီနီညို မင်းက ငါ့ကို အတော်လေးစိတ်ရှုပ်စေတဲ့ချာတိတ်ပါပဲလား။ ခ လေးနဲ့တုန်းကလည်း တစ်ခါ။ ရဲထက်ကြောင့်လည်း နောက်ထ ခါဖြစ်စေနေတာလေ။

''ကျွန်တော် ဘာလုပ်ပေးရမှာပါလဲ GM.''





''နေနေ. . . ထားလိုက်တော့၊ ဘာမှမဟုတ်တော့ဘူး''

ကိုအောင်မြိုင်လှည့်ထွက်သွားပြီး တံခါးဖွင့်နေစဉ် သူ တစ်ခုသတိရသွားပါ၏။ ဒါလေးမေးရုံနဲ့တော့ ဘာမှမဖြစ်လောက် ဘူးထင်တာပါပဲ။

''ခဏလေး ကိုအောင်မြိုင်၊ နီနီညိုနေတဲ့နေရာက ဝေး သလား''

''ဗျာ! ''

''နီနီညို့အိမ် ဘယ်မှာလဲလို့မေးနေတာလေဗျာ''

''ဪ. . . သိပ်မဝေးပါဘူး GM. ဒီကနေ ကားနှစ် မှတ်တိုင်စာလောက်ခရီးပဲ ရှိတာပါ။ အဲဒီမှတ်တိုင်ဆင်းဆင်းချင်း လမ်းထဲဝင်သွားရင် သံဇကာတံခါးလေးရှိတဲ့ သစ်သားတစ်ထပ် အိမ်မည်းမည်းလေးဆိုတာ နီနီညို့အိမ်ပါပဲ။ ခြံဝင်းလေးထဲမှာ သစ်ခွတွေ ရွက်လှပင်တွေ စိမ်းစိမ်းစိုစိုစိုက်ထားတာမို့ သွားရင် မမှားလောက်ပါဘူးခင်ဗျာ''

''ရပါပြီ၊ ကျေးဇူးပါပဲ''

ကဲ! ရှုပြီးများ ပြောလေသလားမသိ။ အပြည့်အစုံပြော ပြလိုက်သည့်မန်နေဂျာကြောင့် သူမျက်နှာပူသွားရတာလေ။ ရဲ ထက်ကတော့ မည်သို့မည်ပုံဖြင့် ထိုအိမ်ကိုဝင်ထွက်ပြောဆိုခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်မသိ။ သူကတော့ ရဲထက်ရဲ့အစ်ကိုတစ်ယောက်အနေနဲ့ သွားဖို့က ပိုသင့်တော်နေတာလေ။ ဟုတ်တယ်၊ ဒီလိုပဲ သွားရမှာပဲ။ နို့မို့ Hotel သူဌေးအနေနဲ့သွားရင် မတင့်တယ်စရာကြီး ဖြစ်နေမှာမဟုတ်လား။

ဘာဝယ်သွားရင်ကောင်းမလဲ။ မဖြစ်သေးပါဘူး။ တော်ကြာ သူ့ကိုတစ်မျိုးတစ်မည်ထင်သွားမှဒုက္ခ။ အကြောင်းပြချက် ရေရေရာရာမရှိပါဘဲ ညနေဘက်မှာ သူကားဖြင့်ထွက်လာခဲ့ပါ၏။ ကိုအောင်မြိုင်ညွှန်လိုက်သည့်အတိုင်း လမ်းသွယ်ထဲသို့ဝင်လာရာ အပင်တို့ဖြင့်စိမ်းစိုနေသည့်ခြံလေးကို အထင်းသားတွေ့ရလေ၏။

ခြံရှေ့မှာ ကားကိုရပ်ပြီး မဆင်းဖြစ်သေးဘဲ သူထိုင်နေပြီး အတော်ကြာကြာစဉ်းစားနေပါသည်။ ဘာမှခေါင်းထဲထွက်မလာဘဲ နောက်ကျိရှုပ်ထွေးနေတာမဟုတ်ပါလား။ သက်ပြင်းကိုမှုတ်ထုတ်ကာ ကားပေါ်မှဆင်းလိုက်ပြီး သစ်သားတိုင်လေးတွေကာထားသည့်ခြံဝသို့ ခပ်ဖြည်းဖြည်းလျှောက်လာခဲ့ပါ၏။

"သမီးရေ၊ ဆန်ပြုတ်ရပြီ"

"လာမယ်မေမေ၊ ခဏလေး"

အသံက ခြံထဲမှာမို့ ခြံဝင်းထဲသို့ သူအသာငဲ့ကြည့်လိုက်မိ၏။ ပန်းအိုးထဲမှမြေကြီးတို့ကို မြေဆွခက်ရင်းဖြင့် ထိုးဆွနေသည့်





သူမက အနွေးထည်အနက်ရောင်လေးကို တံတောင်ဆစ်နားထိ လက်ဆွဲတင်ထားတာမို့ ဖျားနေမှန်းသိသာပါသည်။ နေမကောင်းဘူးဆိုပြီး မြေကြီးတွေရေတွေ ဒီကောင်မလေး ဘာလို့ကိုင်နေရပါသလဲ။

"ဟောတော်"

လက်မှမြေကြီးတို့ကိုခါရင်း ထရပ်လိုက်သည့်သူမက သူ့ကိုမြင်သွားတာမို့ အံ့သြသွားလေ၏။ ကဲ! မြင်မှတော့ ဒီခြံထဲဝင်ရတော့မှာလေ။

"အစ်ကိုကြီး လာတယ်"

"အင်း"

ခပ်နွမ်းနွမ်းမျက်နှာထက်မှာ အပြုံးက ဝင်းခနဲထင်လေ၏။ ခဏလေးပါပဲ။ ထိုအပြုံးက ချက်ချင်းပျောက်ကွယ်သွားသလို ရှိုက်ခနဲပေါ်လာသည်က မျက်ဝန်းမှအရည်လဲ့လဲ့လေးတွေပါပဲလေ။ အဘယ်ကြောင့် ဝမ်းသာရိပ်နောက်မှ ကြေကွဲမှုက ကပ်ပါလာတာပါလဲ။

"နေမကောင်းဘူးဆို"

"ဟုတ်! နည်းနည်းပါးပါးပါ၊ အလုပ်ပန်းပြီးဖျားသွားလို့ ဦးလေး ခွင့်ပေးတာနဲ့ နှစ်ရက်ယူလိုက်တာ။ ဝင်ပါရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးကလန့်ကို အသာဖွင့်ပေးလေ၏။ ခါတိုင်း စည်းနှောင်ထားသည့်ဆံပင်စင်းစင်းလေးတွေက ဒီညနေခင်းမှာ ဒီတိုင်းချထားတာမို့ ဆည်းဆာနေရောင်အောက်မှာ ကပိုကယိုလေး ဖြစ်နေသလိုနှယ်။

''အစ်ကိုတောင် မနက်က လာသွားသေးတယ်''

''အင်း. . . သိတယ်''

''လူမမာမေးသက်သက်ပဲလားဟင်၊ တခြားကိစ္စရှိသေးသလား''

ဘယ်လိုလဲ။ သူ့ရင်ထဲကိုများ ဒီကောင်မလေး ထိုးထွင်းမြင်နေပြီလား။ ဘာပြန်ဖြေရမလဲမသိခင်မှာ လေ့ကားသုံးထစ်ကိုတက်နေလေပြီ။ ဟင်းလင်းဖွင့်ထားသည့်အိမ်ဝရောက်သည်အထိ သူပြောရန်စကားက အဆင်သင့်မဖြစ်သေးပါချေ။

''ပြောစရာရှိတာတော့ အမှန်ပဲ''

''ပြောပါအစ်ကိုကြီး၊ ထိုင်ပါရှင့်''

ဆက်တီခုံမှာ သူအသာထိုင်ချလိုက်ပါ၏။ ဖြစ်ပုံမလားနေမကောင်းတဲ့လူကို စိတ်ဒုက္ခပေးသလိုဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ။ အလုပ်ချိန်မှာရှိပေမယ့် ဒီလိုစကားကို မပြောသင့်တာကို သူသိတာလေ။ အပြင်မှာပြောရမယ့်စကားမို့ပါ နီနီညို။





ဘာဆိုတော်! ကိုယ့်စကားကို မင်းစိတ်မခုလိုက်ပါနဲ့။

''ကိုယ့်ညီနဲ့ ဘယ်အခြေအနေထိ ရောက်နေပြီလဲ နီနီညို''

''ရှင်! ''

''အဲတိုင်းအတာတစ်ခုထိ ရှိနေမယ်ဆိုရင် အဲဒီနေရာမှာပဲ ရပ်တန်းကရပ်ပြီး ခပ်ဝေးဝေးနေပေးဖို့ ပြောချင်တာပါ''

''နီက. . . ''

''မင်းကို Promotion တိုးပေးဖို့ Plan ကိုယ့်မှာရှိနေပြီးသားပါနီနီညို။ အလုပ်ကိုပဲ ဦးစားပေးမယ်ဆိုရင် ကိုယ့်ရဲ့ညီအတွက် နောက်ဆုတ်ပေးစေလိုပါတယ်။ အန့်တီလေးက သူ့သားကိုအရမ်းချစ်လွန်းတာမို့ပါ''

''နီ နားလည်ပါတယ်''

❀❀ ❀❀ ❀❀



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)



အချစ်ရေးမှာ ...
ဥပေက္ခာထားနိုင်သူက
အနိုင်ပါပဲ....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

အားတင်းပြောကာ မျက်ရည်တို့ကို ပုတ်ခတ်သိမ်းဆည်းလိုက်ရပါ၏။ နောက်ဆုံးတော့လည်း လူကုံထံတွေ သုံးနေကျလက်နက်မျိုး ထုတ်သုံးတာပါပဲလား။ ဒါပေမဲ့ အဲဒီလက်နက်ပိုင်ရှင်က အစ်ကိုကြီးဖြစ်နေတာကိုတော့ နှီးအတွက် ခံရခက်စေတာအမှန်ပါလေ။

ကြင်နာတတ်သူဆိုပြီး အမှတ်တွေပေးခဲ့သမျှ နှမျောတသဖြစ်လိုက်မိတာလေ။ ဒါလား နှီးလက်က ဆူးတွေကိုထွင်ပေးခဲ့တဲ့သူ။ နှီးကိုယ်တိုင်ပြင်ကျွေးတဲ့ အစားအသောက်ကိုမှ စားချင်တယ်လို့ပြောခဲ့တဲ့သူ။ ရုံးအလုပ်တွေကို Secretary မထားဘဲ နှီးကို ခဏခဏလှမ်းခေါ်ပြီး ခိုင်းစေခဲ့တဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ နှီရင်ကိုလှုပ်ခါစေခဲ့တဲ့အစ်ကိုကြီးက နှီနံဘေးမှာ ရှိမနေတော့ဘဲ ပိုဝေးဝေးသွားစေတာလေ။ ဝမ်းနည်းစရာကောင်းလိုက်တာနော်။ အစ်ကိုနဲ့ဆို ပြုံးပျော်ရွှင်ခွင့်တွေ ရခဲ့ပေမယ့် အစ်ကိုကြီးနဲ့ရှိနေတဲ့အချိန်မှာ ရင်ဖိုလှုပ်ရှားခဲ့ရတဲ့ ခံစားမှုက ထူးဆန်းအံ့ဩဖွယ်ရာပါပဲ။

ခုချိန်ထိ ဖြူစင်စွာဆက်ဆံနေတဲ့ အစ်ကိုနဲ့နှီကိုမှ ပိုပိရိရိကြီး စွဲချက်တင်ရတယ်လို့။ မတူမတန်ဘူးပေါ့လေ။ ကျန်ခဲ့တဲ့နှစ်တုန်းက မျက်နှာထိမျက်နှာထားနဲ့ ပြောခဲ့တဲ့အမျိုးသမီးကို အာရုံထဲ ဖျတ်ခနဲပေါ်လာတာမို့ မျက်နှာက မဲ့ကျသွားရပါ၏။ အသွင်တူမို့ အိမ်သူသက်ထားအဖြစ် သူမကို အစ်ကိုကြီးရွေးချယ်ခဲ့တာပေါ့လေ။

လောကနိယာမတရားအရ အဆင့်အတန်းဆိုတာတွေ အလွှာဆိုတာတွေကို ခွဲခြားမြင်တတ်ပေမယ့် နှီကတော့ လူကိုလူလို့ပဲမြင်နေတော့ ခက်သားလား။ ဒီမြေပေါ်နင်း၊ ဒီလေကိုရှူ ဒီဆန်ကိုစား၊ ဒီရေကိုသောက်နေသမျှ အားလုံးအတူတူပါပဲလေ။ အသက်နဲ့ခန္ဓာခွဲခွာရရင်တောင်မှ မြေကြီးထဲနေရသူနေ၊ မီးထဲပြာဖြစ်သူကဖြစ်နဲ့ ကွဲပြားသွားရတတ်တာလေ။

'လူ'ဆိုတဲ့အရာကို အစ်ကိုကြီး ဘယ်လိုပုံသေနည်းနဲ့





များ ခွဲခြားပိုင်းဖြတ်နားလည်ထားပါသလဲ။ လုံးဝထင်မထားတာ နှီရင်ထဲမှာ နာနာကျင်ကျင်နဲ့ ထိခိုက်ခံစားရတာအမှန်ပါရှင်။ နောက်ဆုံးတော့ အစ်ကိုကြီးလည်း သူများတွေနည်းတူ အရည်အချင်းတိုင်းတာတဲ့ပေတံကြီး ကိုင်ဆောင်ထားသူပါပဲ။

"ကိုယ့်စကားလွန်သွားရင် Sorry ပါ နှီနှီညို။ မင်းကို ထိခိုက်စေလိုတဲ့ရည်ရွယ်ချက် မပါပါဘူး"

"မစိုးရိမ်ပါနဲ့"

"ဘယ်လို"

"အစ်ကိုကြီးထင်နေသလိုမျိုး အစ်ကိုနဲ့နှီ အဲဒီလိုအဆင့် ဟုတ်ပါဘူး။ နှီတို့ ရိုးရိုးသားသားခင်မင်ရုံပါ။ ဒီ့ထက်မပိုတာ အမှန်ပါ"

"တော်ပါသေးရဲ့"

"တကယ်ဆို အဲဒီစကားကို အစ်ကိုကြီးညီကိုပြောသင့်တာ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ်တို့ညီအစ်ကိုက ဒီလောက် အတွင်းရေးဆွေးနွေးရအောင် သိပ်ကြီးမရင်းနှီးတာ အမှန်ပဲ"

ဟုတ်မှာပေါ့။ ဒီတော့ နိုင်ရာလူကို ဖိစတမ်းပေါ့လေ။ လားအစ်ကိုကြီး။ ကိုယ့်ညီကိုတော့ မတားဆီးဘဲ ကိုယ့်လက်



www.burmeseclassic.com

www.burmeseclassic.com



အောက်အခြေခံဝန်ထမ်းကို လာပြောတာပေါ့။ ရာထူးတိုးပေးမ ဆိုတဲ့မက်လုံးက ခါးသည်းစရာပါပဲ။ အဆင့်တွေကျော်ပြီး မြင့် အောင် နီနဲ့အစ်ကိုက လူမြင်ကွင်းထဲမှာ အမြင်မသင့်စရာအ အနေမျိုး တစ်ခါမှမပြုလုပ်ခဲ့တာ အမှန်ပါလေ။

"နီသဘောပေါက်ပါတယ်၊ စိတ်ချပါ"

"သြော်. . . ညည်းသည်ရောက်နေတာကိုး။ မေမေ သမီးဆန်ပြုတ်စားပြီး ဆေးသောက်ရအောင် အဆင်သင့်ပြ နေပြီ"

"နည်းနည်းနွေးမှပဲ စားတော့မယ်မေမေ"

ညည်းခန်းထဲသို့ မေမေရောက်လာပြီမို့ သူ့ရှေ့မှအာ ရှုချောင်သွားရပါ၏။ နေမကောင်းဖြစ်နေတဲ့လူကို အစ်ကို ရောဂါပိုတိုးစေချင်သလိုပါပဲလား။

"အစ်ကို့ရဲ့အစ်ကိုကြီးပါ မေမေ၊ ဦးဘုန်းမြတ်သိ နဲ့မေမေ ဒေါ်အမာညိုပါ"

"ဟုတ်ကဲ့"

"သြော်. . . သားညီလေးနဲ့က တော်တော်ခင်နေ ကွယ်။ ဒီရောက်တိုင်း အိမ်ကိုအမြဲလာလည်တယ်။ မနက်က မုန့်ပုံးတွေရော သစ်သီးခြင်းတွေပါ ဝယ်လာလို့ အားနာနေ





သူ့မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ အန်တီ့မျက်နှာမှာ အပြုံးတွေကြောင့် ဖြူစင်ရိုးသားသည့်အတွင်းစိတ်ကို ပေါ်လွင်နေတာမို့ပါပဲ၊ မှားများမှားနေပြီလား။ မရည်ရွယ်ပါဘဲ ပြောမိတဲ့စကားက မြေနိမ့်ရာလှံစိုက်သလိုအဖြစ်မျိုးနဲ့ စော်ကားစေသလိုဖြစ်နေရင် သူ့သိက္ခာတွေတော့ အလွှာလိုက် ကျကုန်ပါပြီလေ။

"သမီးက ရန်ကုန်မှာ သင်တန်းသွားတက်ရမယ်လို့ပြောတယ်သားရဲ့။ သူက ငွေကုန်မှာစိုးတာနဲ့ မသွားချင်ဘူးဖြစ်နေလို့"

"ငွေမကုန်စေရပါဘူးအန်တီ၊ Hotel က စရိတ်စကအကုန်ခံပေးတာပါ။ ဟိုမှာ နေစရိတ်စားစရိတ်အကုန်အကျခံထားပြီးသားမို့ စိတ်မပူပါနဲ့"

"ဒါဆိုတော်သေးတာပေါ့"

သူမပုံစံလေးက နှမ်းလျှမှုနှင့်အတူ ချိုမြိန်သည့်အပြုံးတို့ကွယ်ပျောက်နေချေပြီ။ ညီဖြစ်သူကို စိုးရိမ်မိတဲ့စေတနာအမှားလို့ ယူဆစေချင်ပါတယ် နီနီညို။ ဒီစေတနာကိုနားလည်ပေးနိုင်ရင် ကိုယ့်အဖို့အဆင်ပြေနိုင်မှာပါ။

"အစ်ကိုကြီးမှာ အလုပ်တွေရှိသေးတယ်မေမေ"

"ဟယ်! သမီးကလည်း ညည်းသည်ကို"

အလို! သူ့ကိုနှင်ထုတ်ချင်နေပြီလား။ အမေဖြစ်သူက



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခံစကားပြောနေတာကို သိနေပေမယ့် မကျေမနပ်ဖြစ်နေသလို လေ။ မျက်နှာကိုခပ်လွှဲလွှဲထားကာ ကြမ်းပြင်ကိုစိုက်ကြည့်နေတာမို့ သူ့ကိုမကြည့်ချင်တော့မှန်း သူသိနေချေပြီ။ နီနီညို့ အစကဖြင့် အစ်ကိုကြီးဆိုပြီး တရင်းတနှီးမော့ကြည့်ခဲ့ပါလျက် အခုတော့ တစ်ချက်တောင် ငဲ့မကြည့်ချင်တော့သလိုပါပဲလား။

"နီက အမှန်ပြောနေတာပါမေမေ၊ အစ်ကိုကြီးက အင်ကို့လို စိတ်လွတ်ကိုယ်လွတ်လုပ်ရတဲ့အလုပ်မျိုး မလုပ်ရတာနဲ့ အချိန်ရှားပါးတဲ့သူပါ"

"ဟုတ်လား သား"

ဒဲ့ကိုစော်တော့တာပါပဲလား။ ကောင်းသောလာခြင်းနဲ့ လာတာမဟုတ်တဲ့ညည့်သည်ကို ဒီလိုပဲမကြည့်မလင်ဆက်ဆံခြင်း ခံရပြီပေါ့ ဘုန်းမြတ်သိဂ်။ 'ဘယ်သူမပြုမိမိမှု' ပေကိုး။

"ကျွန်တော်ပြန်မှာပါ"

"အို. . . မဟုတ်တာ၊ သားကိုနှင်သလိုဖြစ်သွားမှာပေါ့ သားညီလေးလာရင်တောင်မှ ထမင်းစားသောက်ပြီး ပြန်ရတာကို ညနေစာဖြစ်ဖြစ် စားသွားပါဦးလားကွယ်"

ကြည့်စမ်း! ဒီအိမ်ကို ရဲထက် လာနေတာ ဝင်ထွက်စားသောက်ခွင့်ရှိနေလို့ပေါ့။ ဖြူဖြူစင်စင် ရိုးရိုးသားသား ခင်မင်ရင်း





တော့ ထားပါတော့။ သို့သော် ရန်ကုန်မဟုတ်တဲ့ နယ်က မိန်းကလေးနဲ့သံယောဇဉ် တွယ်ငြိနေပါပြီဆိုပြီး ဖွင့်ပြောလာရင် နှလုံးရောဂါသည်အန်တီလေးအတွက် အန္တရာယ်ဖြစ်တော့မှာ အသေအချာပါပဲ။

"နေပါစေ အန်တီ"

"ညနေစာမစားရသေးဘူးမဟုတ်လား သားရဲ့"

"နီတို့အိမ်က ဆန်ကြမ်းထမင်းကို သူဘယ်လိုစားလို့ရမှာလဲမေမေ"

"ဟဲ့!"

"သူဌေးတွေက တောင်ပျံ ပေါ်ဆန်းမွှေး ကောက်ကြီးဆန်တွေကိုပဲ စားတတ်မှာပေါ့။ နီတို့စားတဲ့ဇီရာဆန်ကြမ်းကို တစ်ခါမှမြင်ဖူးတာမှမဟုတ်ဘဲ"

"နီနီညို"

"လူကြီးမင်း ပြန်ချင်ရင် ပြန်လို့ရပါပြီရှင်။ ဆိုဖာမပါတဲ့ဆက်တီခုံမှာ အကြာကြီးထိုင်ရင် ခါးနာလာမှာစိုးလို့ပါ"

"သမီး"

"အမေညို့ရေ"

"ဝေ့! သားနောင်နောင်လား"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့၊ အမေ့သမီးအိပ်ပျော်နေလား''

''ရှိပါတယ်သားရဲ့''

လာပြန်ပြီနောက်တစ်ယောက်၊ နောင်နောင်တဲ့လား။ ဒါ Hotel မှာ နီနီညိုနဲ့အမြဲတွဲနေတဲ့ကောင်လေးပေါ့လေ။ ဒီကောင်လေးရဲ့ခါးကိုဖက်ပြီး ဆိုင်ကယ်နဲ့တောင်မှ သူမ ရှုံးတက်ရှုံးဆင်း လုပ်ခဲ့သေးတာ။

အန့်တီက အိမ်ရှေ့ထွက်ကြိုလိုက်တာမို့ သူနှင့်သူမသာ ကျန်ရစ်ခဲ့လေ၏။ နှင်သူက ခုချိန်ထိ မထသေးသလို နောက်ထပ် ဧည့်သည်က ထပ်ရောက်လာပြန်ချေပြီ။

''နီနီ၊ ဒါ နင့်ဖို့ကြေးအိုး။ ဟောဗျာ! GM ရောက်နေတာကိုး''

''ဟုတ်တယ်''

''သမီးအတွက် အမေ ဆန်ပြုတ် ပြုတ်ထားပါတယ် သားရဲ့''

''ဆန်ပြုတ်ကို နောက် သူဗိုက်ဆာရင် နွေးပြီးကျွေး အမေညီ။ အခု ကျွန်တော်ဝယ်လာတဲ့ကြေးအိုးကိုပဲ အရင်ကျွေး လိုက်ပါ။ သူချွေးစို့လာအောင်လို့''

အန့်တီက နောင်နောင့်လက်ထဲက ကြေးအိုးထုပ်





အတွင်းခန်းဘက်သို့ ယူသွားလေ၏။ နောင်နောင်က သူမထိုင်နေသည့်နှစ်ယောက်ထိုင်ခုံမှာပင် ထိုင်ချလိုက်လေသည်။ 'အမေညီ'တဲ့။ တရင်းတနှီးကြီးခေါ်လိုက်တာပါပဲလားနော်။

''ဆေးခန်းလိုက်ပို့ပေးရဦးမလား''

''ဟင့်အင်း. . . အဲဒီလောက်မလိုပါဘူး၊ နားလိုက်ရင် က်သာသွားမှာပါ''

''ဆေးလည်းမှန်မှန်သောက်ဦးနော်၊ အပျင်းကြီးမနေနဲ့ မှန်း! အဖျားရှိသေးလား''

သူအံ့သြစွာဖြင့် ကြည့်နေမိလေ၏။ သူ့ရှေ့မှာပင် သူမ ကို ဖျတ်ခနဲစမ်းလိုက်တာကိုး။ ဘယ်လိုလဲ. . . သူစိမ်းတစ် ာက်ရဲ့ လက်ပွန်းတတီးပြုမူပုံကို သူမ မငြင်းဆန်ဘဲ ဘာလို့ နေရတာပါလဲ။ သူ့လို GM တစ်ယောက်လုံးရှေ့မှာတောင် ဆင်ခြင်ခြင်နေဖို့မလိုအပ်ဘူးလို့များ ဒီချာတိတ်နှစ်ယောက် ထားလေသလား။

''ကိုယ်တော့နည်းနည်းနွေးနေသေးတယ်။ ဆေးပတ် ည်အောင် သောက်ဦးနော်''

''အင်းပါ''

''သားပါ တစ်ခါတည်းဝင်စားသွားလိုက်နော်၊ သမီး ဖျား



www.burmeseclassic.com

www.burmeseclassic.com



နေတာနဲ့ အိမ်မှာ ထမင်းစားမယ့်သူမရှိဘဲ ထမင်းတွေအများကြီး ဖြစ်နေပြီ''

''ဘာချက်လို့လဲ အမေညို''

''သမီးအတွက် ကြက်သားဆန်ပြုတ်လုပ်ပေးပြီး ကြက်ရိုးကို မုန်ညင်းဖြူနဲ့ဟင်းချိုလေး ချက်ထားတယ်။ ကြက်သားကို ပါးပါးလှီးပြီး ကြက်သွန်နီနဲ့ကြော်တာရယ်၊ ကင်ပွန်းချဉ်ရွက်ကို ပုဇွန်ခြောက်လေးနဲ့ ခပ်စပ်စပ်လေး ကြော်ထားတာရယ် အရွက်နည်းနေလို့ မြင်းခွာရွက်လေး သုပ်လိုက်မလားလို့''

''ကောင်းတာပေါ့ အမေရဲ့၊ ခံတွင်းရှင်းတာပေါ့''

''မောင်ဘုန်းကိုပါ တစ်ခါတည်းဆွဲခေါ်လာခဲ့ သားရေ့ အမေ အဆင်သင့်ပြင်ပြီးပြီ''

ကဲ! ကောင်းရော။ သမီးဖြစ်သူကို ညီနဲ့ခပ်ဝေးဝေး ဖို့ လာပြောတဲ့ညည်သည်ကို ဖော်ရွေစွာ ထမင်းစားဖို့ခေါ်နေသည့် အန်တီ့ကြောင့် သူအနေခက်နေပြီလေ။ သူမက သူ့ကိုဘာမှ မပြောဘဲ သူ့ရှေ့မှထသွားလေ၏။ နောင်နောင်က အားနာမျက်နှာပူစွာဖြင့် သူ့ကိုစကားပြောပါသေးသည်။

''အားနာလိုက်တာ GM ရယ်၊ မိနီက အဲဒီလိုပဲ ခေါင်းမာတဲ့ ရင် တစ်မျိုးဗျ''





''ကိုယ်ပြန်တော့မယ်''

''မဟုတ်တာဗျာ၊ ဟိုမှာ အန်တီစောင့်နေမှာ အားနာစရာကြီး။ တစ်လုတ်တစ်ဆုပ်တော့ စားသွားလိုက်ပါလား GM''

ကဲ! အားမနာသလို လာပြောမိပေမယ့် ဒီလိုခေါ်နေပြီမို့ အိမ်အတွင်းခန်းဘက်သို့ သူဝင်လိုက်ရတော့၏။ သိပ်ကြီးမကျယ်လွန်းပေမယ့် အရမ်းကြီးမကျဉ်းနေသည့် ခပ်နွေးနွေးသစ်သားအိမ်ကလေးပါပဲ။

ထမင်းစားခန်းရောက်တော့ သူမက နောင်နောင်ဝယ်လာသည့်ကြေးအိုးကိုပင် သောက်နေချေပြီ။

'အားမနာနဲ့၊ ထည့်စားနော် သား'ဟု ဂရုစိုက်ပြီး နွေးထွေးစွာ ပြောဆိုနေသည့်အန်တီ့အပေါ်မှာ သူမျက်နှာပူစွာဖြင့် သက်ပြင်းရှိုက်မိလေသည်။ မျက်နှာထက်မှာ မည်သို့သောဟန်ဆောင်အပြုံးမျိုးမှ ထင်ရှိမနေသည့်သူမအရိပ်အကဲကို သိသိသာသာကြီး ကြည့်မိတာကြောင့်လည်း ပါမှာပါလေ။

တကယ်ပါ။ ဘာမှဖွယ်ဖွယ်ရာရာ မဟုတ်တဲ့ဒီနေ့ညနေစာလေးကို မှတ်မှတ်ရရ သူမြိန်ယှက်စွာ စားဝင်ဖြစ်ခဲ့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

''ဘာ. . . ဘာပြောလိုက်တယ်''

''နှိုနှိုနှုတ်ထွက်စာလို့ ပြောလိုက်တာပါ လေးလေး''

''ဘာကွ! ငါ့ခေါင်းကို ဆင်နင်းသလိုဖြစ်အောင် ဒင်းက တော့ လုပ်ချလိုက်ပြန်ပြီ။ မင်းနည်းနည်းပါးပါးမပြောဘူးလား နောင်နောင်ရဲ့''

''ပြောလို့မရလို့ပါ လေးလေးရဲ့ သူ့စိတ်နဲ့သူ ဆုံးဖြတ် လိုက်တာကို ဘာပြောလို့ရမှာလဲ''

''ငါနေ့ာ် သူနဲ့မင်းက လည်ပင်းဖက်ကြီးလာတဲ့ သူငယ် ချင်းအရင်းခေါက်ခေါက်ကြီးတွေမဟုတ်ဘူးလား''

''အဲဒါ ဟုတ်တယ်လေ''

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဒါဆိုလည်း နည်းနည်းပါးပါးဖျောင်းဖျပေးမှပေါ့ကွ''

''မရလို့ပေါ့ လေးလေးရဲ့ သူ့အကြောင်းလည်း သိရဲ့သားနဲ့။ နီနီက ဘူးဆို လုံးဝဖရုံမသီးတဲ့ဟာလေးပဲလေ''

မန်နေဂျာ ဦးအောင်မြင့် နဖူးကိုဖြောင်းခနဲရိုက်ပြီး ခေါင်းတဗျင်းဗျင်းကုပ်ချေပြီ။ အတော်ဆုံးအသွက်ဆုံးစာရင်းမှာ နံပါတ်(၁)ဖြစ်နေသည့်နီနီညိုက GM ရှိနေတုန်း ထွက်စာတင်ခိုင်းရတယ်လို့။ ဘာကြောင့်လဲဆိုပြီး GM သာ မေးခွန်းတွေနဲ့ထုရင် သေပြီလေ။

''ဘာဖြစ်နေကြတာလဲ''

''အဲ!. . . ဟိုဥစ္စာ''

''နီနီညိုရောက်ပြီလား နောင်နောင်''

''မလာဘူး''

''ဘယ်လို''

''ဒီကိုတစ်သက်လုံးပြန်မလာတော့ဘူးဆိုပြီး Resign တင်ခိုင်းလိုက်လို့ပါ GM ''

ကြည့်စမ်း!. . ဒါ သို့ကို စစ်ကြေငြာတာပဲမဟုတ်လား။ Personal နဲ့အလုပ်ကို ခွဲခွဲခြားခြားရှိရမယ်မှန်း ဒီချာတိတ်မ မသိဘူးလား။ ဒါမှမဟုတ် တမင်မသိချင်ယောင်ဆောင်ပြီး အခုတ်





လုပ်ချလိုက်တာပဲဖြစ်နေပြီထင်ပါရဲ့။

''ကျစ်! Resign တင်တာကို သုံးလကြိုပြောရမယ်ဆိုတာ သူမသိဘူးလား''

''ကျွန်တော်ပြောတာပဲခင်ဗျ သူက ခေါင်းခပ်မာမာရယ်၊ မလာဘူးဆို လုံးဝပဲတဲ့''

''တောက်! အလုပ်ကို နည်းနည်းပါးပါးမလေးစားဘူး။ ရအောင် သွားပြန်ခေါ်ချည်''

''ဗျာ! ''

''မင်းသူငယ်ချင်းမဟုတ်လား၊ ရအောင်သွားခေါ်လို့ပြောနေတယ်လေ''

''ပြဿနာပဲ၊ နီနီက ဒီထွက်စာကို ညကတည်းက ပေးလိုက်တာဗျ''

''ဘာ! ''

''မနက်အစောကြီးကတည်းက ဘယ်ထွက်သွားမှန်းမှ မသိတာ။ အိမ်မှာမရှိတော့ဘူး''

သူ ခေါင်းကိုက်ချင်ဖို့ ရပြီ။ ဒီကောင်မလေး ဘယ်တွေ လျှောက်သွားနေသည်မသိ။ သူတစ်ယောက်လုံး အုပ်ချုပ်နေတဲ့ အချိန်ကျမှ အလုပ်ထွက်စာတင်ရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



မင်းဘယ်မှာလဲ နီနီညို။ ဒီလိုဖုတ်ဖက်ခါပြီး ထထွက်သွားလို့ရမယ်ထင်နေသလား။

အလုပ်စဝင်ဝင်ချင်း အစမ်းခန့် သုံးလလုပ်ပြီးရင် သုံးနှစ်စာ Bond လက်မှတ်ထိုးခဲ့တာကို မသိဘူးလား။ အခုမှ လုပ်သက်လေးက တစ်နှစ်ကျော်ကျော်လေးပဲရှိသေးတာ။ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ သူ့အပေါ်စိတ်ကွက်ပြီး အလုပ်ထွက်ရတယ်လို့။

နေပါဦး. . . သူ့အနေနဲ့သာ ဒီကိစ္စကို ဘာမဟုတ်တဲ့ကိစ္စလေးဆိုပြီး သေးသေးလေးထင်မှတ်နေတာ။ ရဲထက်နဲ့သူမအတွက်ကတော့ ဒီကိစ္စက အကြီးကြီးဖြစ်ရင်ဖြစ်နေမှာပေါ့။ လူငယ်ဆိုတာမျိုးက ရင်ဘတ်ထဲကကိစ္စကို ရှေ့တန်းတင်တတ်ပါဘိသနဲ့။ ခက်ပါ့ နီနီညို။

"ကိုကြီး"

ရုံးခန်းတံခါးကိုမခေါက်ဘဲ ဝင်ချလာသည့် ညီဖြစ်သူကြောင့် သူသက်ပြင်းရှိုက်မိပြန်လေ၏။ လာပြန်ပြီတစ်ယောက်။ ခေါင်းပူနေပါတယ်ဆိုမှ ပွက်ပွက်ဆူလာအောင် လုပ်တော့မှာထင်ပါရဲ့။

"ကိုကြီး ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာကိုလဲ"





"မသိချင်ယောင် မဆောင်ပါနဲ့ဗျာ။ နီ့ကိစ္စကိုပြောနေတာ"

"ငါက ဘာလုပ်မိလို့တုန်း"

"ဟ! သူ့အိမ်ကို မနေ့ညနေက ရောက်သွားပြီး ဘာတွေပြောလိုက်လဲမှမသိတာ။ အခု နီ့အလုပ်ထွက်ပြီဆို၊ အဲဒါ ကိုကြီးတစ်ခုခုသွားပြောလိုက်လို့ပဲဖြစ်မှာပေါ့ဗျ"

ကြည့်စမ်း! အစ်ကို့ကို ရန်သူလိုမျိုးမျက်လုံးနဲ့ကြည့်ပြီး ရန်စကားပြောချင်နေသလိုပါပဲလား။ အခြေအနေက ထင်ထားသလို လွယ်လွယ်ကူကူလေးမဟုတ်ပါလားနော်။

"ကျစ်! သူအလုပ်ထွက်စာတင်လို့ ငါခေါင်းခဲနေလို့ပါဆိုနေမှ"

"အဲဒါ ကိုကြီးကြောင့်ပဲလေ"

"ဟာ. . . ဒီကောင်တော့ ခက်တာပဲ"

"ကျွန်တော်မေးနေတယ်လေဗျာ၊ ဘာသွားပြောလိုက်တာလဲလို့"

"ကျွတ်! ငါ့ဘာသာအေးအေးဆေးဆေးနေပါရစေ ရဲထက်ရာ။ ပြဿနာမရှာချင်စမ်းပါနဲ့"

"ပြဿနာရှာတာက ကိုကြီးဗျ။ ကျွန်တော်မနက်သွား



www.burmeseclassic.com

www.burmeseclassic.com



တုန်းက သူစကားပြောတာ အေးဆေးပဲ။ ရိုးရိုးဖျားတာ ခွင့်နှစ်ရက်ယူထားတယ်လို့ပဲပြောတာ။ ဒီနေ့ကျတော့ ထွက်စာတင်တာ ဘာသဘောလဲ. . . ပြော''

''အဲဒါ ငါဘာသိမှာတုန်း၊ မင်းသိချင်ရင် သူ့ကိုသွားမေးပေါ့ကွ''

''မေးမှာပါ၊ မေးမှာ စိတ်ချ။ ညီအစ်ကိုချင်းမို့ ပွင့်ပွင့်လင်းလင်းသိထားရအောင် အရင်ဆုံးမေးကြည့်တာ။ မော်လမြိုင်ဆိုတာ မြို့သေးသေးလေး၊ ရန်ကုန်လောက် ကျယ်တာမဟုတ်ဘူး။ မြို့တစ်ပတ်ရှာရုံနဲ့ သူ့ကိုတွေ့မှာပဲ''

ဆောင့်ကြီးအောင့်ကြီးဖြင့် ပြန်ထွက်သွားသည့်ရဲထက်ကို သူဘာမှမတားလိုက်မိ။ ရအောင်မေးမှာတဲ့၊ မေးတော့ ဟိုကပြောမှာတဲ့လား။ ယုံရတာမဟုတ်ဘူး၊ တော်ကြာ 'ရှင်နဲ့မပတ်သက်ရဘူး၊ ဝေးဝေးနေဖို့ ရှင့်အစ်ကိုကပြောတယ်'ဆိုရင် သေရော။ ပြောလို့ရတာမှမဟုတ်ဘဲ။ နီနီညိုက သူ့လိုမြူစိစိနေတတ်တဲ့သူမှမဟုတ်တာ။

ရှာခိုင်းတာက တစ်ယောက်။ ထွက်ရှာတာက တခြားတစ်ယောက်ဖြစ်နေပြီလေ။ မြို့ကသေးသေးလေးဆိုပဲ။ သူဖြင့်ဒီစရောက်ကတည်းက ဘယ်နေရာကိုမှမသွားခဲ့သလို သူ့ Ho-





tel မှာပဲ အချိန်ကုန်နေခဲ့တာလေ။ မျက်စိကျယ် နားကျယ်ပါတယ်ဆိုတဲ့ကြော်ငြာဒါရိုက်တာလေးကမှ တစ်မြို့လုံး နှံ့နှံ့စပ်စပ်လျှောက်သွားကာ နေရာစုံရောက်ဖူးနေချေပြီ။

ညှိုလိုက်တာနော်။ ကိုယ့်ကိုယ်ကို တစ်ခါမှဒီလိုမဝေဖန်ခဲ့ဖူးပါဘူး။ တကယ်ဆို ကိုယ့်ညီကိုပဲ တိုးတိုးတိတ်တိတ်ပြောပြီး သုံးမရမှာလေ။ အခုတော့ သူက (အရင်တုန်းက စိတ်ရှည်ရှည်နဲ့ဆုံးဖြတ်ချက်ချတတ်တဲ့အကျင့်က ပျောက်ပြီး) စိတ်မြန်မြန်နဲ့ လုပ်ချလိုက်တာ အကျိုးတော့ နည်းကုန်ပြီထင်ပါရဲ့။

''ဒေါက်! ဒေါက်! ''

''ဘယ်သူလဲ''

''ကျွန်တော်ပါ GM ''

''ဘာကိစ္စရှိလို့လဲ ဦးအောင်မြိုင်''

''ဟိုလေ၊ မနက်စာကို ဘာနဲ့''

''မစားဘူး''

''ဗျာ! ''

''ကျွန်တော်မစားဘူးလို့ ပြောနေတယ်လေ''

''မဟုတ်ဘူးလေ၊ တော်ကြာ ဆာမှဖြင့်''

''ဆာလည်း မစားဘူးဗျာ''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့. . . . ဟုတ်ကဲ့''

သူခပ်မာမာပြောလိုက်တာမို့ မန်နေဂျာက ခေါင်းညိတ်ပြလိုက်ပြီး တံခါးပြန်ပိတ်သွားလေ၏။ စိတ်ရှုပ်ပါတယ်ဆိုနေမှ ဒင်းကတစ်မျိုး။ File တွေတစ်ထပ်ကြီး စစ်နေပေမယ့် စာရင်းဇယားတွေက များလွန်းတာကြောင့်လားမသိ၊ ဘာမှဟုတ်တိပတ်တိစစ်လို့မရ။

လက်ထဲကိုင်ထားသည့် Pen က လွတ်ကျသွားသဖြင့် စိတ်တိုကာ ခုံမှထလိုက်ပါ၏။ ဘယ်ကိုလိမ့်သွားသလဲမသိ။ ခေါင်းနောက်အောင် ပေါက်ပေါက်ရှာရှာဖြစ်ရတယ်လို့။ တခြား Pen တွေရှိပေမယ့် သူကလည်းသူပါပဲ၊ အစွဲအလန်းကြီးသူမို့ မေလေးလက်ဆောင်ပေးထားတဲ့ Pen ကို ပျောက်မှာစိုးလို့ ရှာနေတာလေ။

သံစုံမြည်လာသည့် Phone ကြောင့် ဟိုဒီရှာဖွေကြည့်နေရင်း Phone ကိုလှမ်းယူလိုက်ပါသည်။ လှမ်းကြည့်တုန်းက နေရာကိုမှန်းပြီး လှမ်းကိုင်ပေမယ့် Phone က ဟိုဘက်ကို (သူ့လက်ဖျားဖြင့် ထိသွားတာမို့) ရွေ့သွားသဖြင့် စုတ်သပ်လိုက်မိပြန်ပါသည်။

''ကျစ်!''





''ဟဲလို''

''ဟယ်. . . . ကိုကလည်း စောစောစီးစီး လေသံမာကြီးနဲ့ ဘယ်လိုဖြစ်ရတာလဲ''

''မေလေးလား၊ ပြောလေ''

''တို့မေးတာ အရင်ဖြေလေ ကိုရယ်''

''အင်း. . . ဒီမှာ စိတ်နည်းနည်းရှုပ်နေလို့''

''ဒါဆိုလည်း အဲဒီမှာ မန်နေဂျာနဲ့လွှဲပြီး ရန်ကုန်ကိုပြန်လာခဲ့ပေါ့ကိုရဲ့။ ကိုစည်သူက နောက်လလောက် ပြန်ရောက်မှာဟုတ်လား''

''သူတို့ချည်း ပစ်ထားလို့မဖြစ်သေးပါဘူး''

''ဘာလို့မဖြစ်ရတာလဲ''

သူပြန်မဖြေဖြစ်ပါချေ။ သူ့ကြောင့် အဆင်မပြေဖြစ်ပြီးအလုပ်ထွက်သွားသည့်နီနီညိုကြောင့် ခေါင်းခဲနေသည့်ကိစ္စကို ရှင်းပြရဦးမှာလေ။ ရဲထက်ကြောင့်လည်း ခက်ပါရဲ့။ အရိပ်ပြလို့အကောင်မမြင်တဲ့ညီဖြစ်သူကို (အန်တီလေး စိတ်မဆင်းရဲရလေအောင်) မည်သို့ပြောရမည်နည်း။

''ကို''

''အလုပ်ကိစ္စတွေ မေလေးနားမလည်ပါဘူးကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ တို့အတင်းကြီးမပြောလိုပါဘူး။ ဒါနဲ့ စကားမစပ် ဟိုတစ်ယောက်အခြေအနေကော ဘယ်လိုလဲ"

"ဘယ်သူ့ကိုပြောတာလဲ"

"နီနီညို့ကိုပြောနေတာလေ"

လာပြန်ပြီ ဒီဘူတာ။ အားလုံးရဲ့လက်ညှိုးညွှန်ရာမှန်သမျှ ဒီကောင်မလေးဆီမှာပဲ လာစုပြုံနေသလိုပါပဲလား။ အခုပဲ သူမကို ရှာဖို့ ညီဖြစ်သူထွက်သွားတာလေ။

"အင်း"

"ဘာကို အင်းတာလဲ"

"ထွက်သွားပြီလို့ပြောတာ"

"ထွက်သွားတာ၊ ဘယ်လိုပြောပြီး ထွက်သွားတာလဲ ကို့ထုတ်လိုက်တာမဟုတ်ဘူးလား"

"မဟုတ်ဘူး၊ သူ့ဘာသာသူ ထွက်သွားတာ"

"အင်းလေ. . . ဘာပဲဖြစ်ဖြစ် သူမရှိဖို့က အဓိကပဲ မဟုတ်လား"

"နေပါဦး၊ မေလေးက ဘာလို့ သူ့ကိုမုန်းနေရတာလဲ"

အသံတိတ်သွားလေ၏။ ရုတ်တရက် အငိုက်မိသွားလေ သလား။





တကယ်တမ်းဆန်းစစ်ကြည့်ရင် ဘာအပြစ်မှမရှိဘဲ ခံစားနေသူက နီနီညိုရယ်ပါ။ ဟုတ်တယ်၊ ကိုယ်ထိလက်ရောက်ကျူး လွန်ခဲ့တဲ့မေလေးရော၊ သူမကိုယ်ကျင့်သိက္ခာကိုပါ ထိပါးသလို မျိုးဖြစ်စေခဲ့တဲ့အပြောနဲ့ တားမြစ်ခဲ့တဲ့သူ့မှာသာ အပြစ်ရှိနေသလို ပါလေ။

"အဲဒီလိုလည်းမဟုတ်ပါဘူး၊ ထားပါတော့လေ၊ ကို လည်း အလုပ်တွေရှုပ်နေမယ့်ဟာ။ ဒါပဲနော် ကို၊ I miss you."

"အင်း"

Phone ပိတ်လိုက်ပြီး Pen ကိုဆက်မရှာဖြစ်။ မှန်ပြ တင်းအပြင်မှရှုခင်းတို့ကို ငေးနေမိလေ၏။ တစ်ဖက်ကုန်းလျှော လမ်းလေးအတိုင်း သူမ မနက်အလုပ်လာဆင်းတာ၊ မျက်စိရှေ့ မှ ဖျတ်ခနဲ ဖျတ်ခနဲ ဟိုဒီလျှောက်ရင်း ဇယ်ဆက်သလို အလုပ် ရှုပ်နေတတ်တဲ့မိန်းကလေး။

သူခေါ်လိုက်တိုင်း မျက်ခုံးလေးတွန့်ချိုးပြီး မကျေနပ်လေ ဟန်ပြပေမယ့် လေသံကတော့ ခပ်မှန်မှန်ရယ်ပါ။ ရဲထက်ရဲ့အစ် ကိုဟုဆိုတုန်းက အပြုံးနုနုလေးရှိခဲ့ပေမယ့် Hotel GM လည်း ဆိုရော ခပ်တည်တည်မျက်နှာထားမျိုးပြောင်းသွားတာလေ။

'အစ်ကိုကြီး' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ! မေလေးခေါ်တတ်တဲ့ 'ကို' ဆိုတဲ့ ဝိသေသ ကို သတိတရမဖြစ်ဘဲ သူမခေါ်သံလေးကို အဘယ်ကြောင့်မှ မကြာခဏကြားနေရတာပါလိမ့်။



## အခန်း (၁၉)

ကားဝါလေးကို ကမ်းနားတစ်လျှောက် ခပ်ဖြည်းဖြည်း မောင်းရင်း လှည့်ပတ်ကြည့်လာမိ၏။ တစ်မနက်လုံး လိုက်ရှာနေတာ လုံးဝ အရိပ်သော်မျှမမြင်ရ။ ဘယ်ဆီမှာများ ပုန်းရှောင်နေပါသလဲ ချာတိတ်ရယ်။ ညနေငါးနာရီတောင် ရှိနေပြီ။ မင်းဘယ် ရောက်နေပါသလဲ။

ဒီအချိန် မြစ်ကမ်းအနီးတလျှောက် စုံတွဲတွေပဲ အများ ဆုံးရှိကြပါ၏။ ဒီမြို့ကလူငယ်တွေ ယဉ်ကျေးသိမ်မွေ့ကြာတာ သူ့မျက်မြင်ကိုယ်တွေ့မဟုတ်လား။ ရန်ကုန်ဆိုတာက မြို့ပြကြီး ဖြစ်သလို ခေတ်လူငယ်တွေကာ လမ်းသွားရင် လက်တွဲကြသလို ပခုံးဖက်ပြီး သွားလာတဲ့စုံတွဲတွေက မြင်မဆုံးမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာကတော့ ဆိုင်ကယ်သာ အတူစီးကြပြီး လူမြင်ကွင်း မဟတ်တယ်ဟန်မျိုး တစ်စုံတစ်ဦးမှမလုပ်ကြပါ။ လက်ချိတ်တာ ပခုံးဖက်တာမျိုးလည်း မမြင်ရသလို အတူတူထိုင် အေးအေးဆေး ဆေးစကားပြောတာမျိုးသာ မြင်ရလေ့ရှိပါ၏။ လျှပ်ပေါ်လော်လီ အဝတ်အစားမျိုးလည်း မဝတ်ကြပါလေ။ ခေတ်ဆန်ဆန်ဝတ် တတ်လေ့ရှိပေမယ့် လူအမြင်သင့်စေသည့် ကြည့်ပျော်ရှုပျော် အဝတ်အစားတို့ကိုသာ မိန်းကလေးတွေဝတ်တတ်ကြကာမို့ ယဉ် ကျေးမှုကို တန်ဖိုးထားကြသည့်လူငယ်တွေမှန်း သိနိုင်လေ၏

''ဟော!''

မြင်ချင်နေသည့်လှတစ်မျက်နှာလေးကို တွေ့ရဖို့ ဤ အထိ ခက်ခဲလွန်းလှချည်လား။ ကားကို အုန်းပင်နားမှာရပ်လိုက် ပြီး သော့ဖြုတ်ကာ ကားပေါ်မှဆင်းလိုက်ပါ၏။ ညနေလေ ခပ်နွေးနွေး။ မြစ်ရေပြင်ကို ငုပ်လျှိုးချင်နေပြီဖြစ်သည့်နေဝန်း လိမ္မော်ရောင်ပင် သွေးနေချေပြီ။

ဆံပင်ပျော့ပျော့လေးတွေက လေအဝေ့မှာ တားဆီးသူ မရှိသလို လွင့်နေလေ၏။ လည်ပင်းမှာ(အအေးမိထား၍) ပတ်ထား သည့်ပဝါညိုလေးကလည်း ခပ်ယိမ်းယိမ်း။ မြစ်ကမ်းကို အနား သပ် ဝန်းပတ်ထားသည့် Steel သံတန်းကို လက်တင်ထားလျက်





မြစ်ထဲသို့ငေးကြည့်နေသည့်က တမေ့တမော။

မြစ်ကူးတံတားကို ကြည့်နေဟန်လည်းမတူ။ အကြည့် က တခြား။ အတွေးက တစ်နေရာသို့ လွင့်ကောင်းလွင့်နေနိုင် သည်ကို။ ခပ်မှိုမှိုလေး ရပ်နေသည့်သူမနောက်မှာ သူအတော် ကြာကြာရပ်နေသည်အထိ လုံးဝသတိမထားမိဟန်ဖြင့်သာ ဆက် ငေးငိုင်နေလေသည်။

ဘာတွေများ အကြီးအကျယ်စဉ်းစားနေပါသလဲနီ။ ကိုယ် သိခွင့်ရှိရင် သိပါရစေလား။ ခပ်မှိုမှိုလေးရပ်နေရာမှ ခန္ဓာကိုယ် လေး မတ်သွားရသလို သက်ပြင်းရှည်ကြီးကိုပါ သူမမှုတ်ထုတ် လိုက်လေ၏။

''အသက်တိုတော့မှာပဲ''

''ဟင်! လန့်လိုက်တာ''

သူအသံပြုလိုက်တာမို့ သူမအထိတ်တလန့်ဖြင့် ရင်ဘတ် ဖိလျက် လှည့်ကြည့်လေ၏။ နေအရှိန်ရှိသေးတာမို့ တပ်လာသည့် နေကာမျက်မှန်ကို သူချွတ်လိုက်ပါသည်။ သူ့ထံ ဖျတ်ခနဲရောက် လာသည့်မျက်ဝန်းနက်လေးတွေမှာ ဝမ်းနည်းရိပ်တွေ သန်းနေ သလိုပါလေ။

''တစ်နေ့လုံး ရှာလိုက်ရတာ နီရယ်။ အခုမှပဲ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်''

''ဘာကိစ္စရှိလို့လဲ''

''နီနဲ့ကိုယ်က ကိစ္စရှိမှ တွေ့ရမယ့်သူတွေလား''

မျက်နှာကိုပြန်လွှဲသွားသဖြင့် သူမဘေးမှာပင် သူရပ်လိုက်ရလေ၏။ မကြည့်ချင်တော့ဘူးလား၊ ဘာဖြစ်လို့လဲ နီ။ နီ မကျေနပ်စေတဲ့စကားလုံးမျိုး နီမနှစ်မြို့အောင် ကိုယ်မပြောရသေးဘူးလေ။ 'ချစ်တယ်'ဆိုတဲ့စကားလုံးကို ကိုယ့်အနီးဝန်းကျင်နားရှိနေပါတဲ့ မိန်းမချောလေးတွေနဲ့ တစ်ကြိမ်မှဖွင့်မပြောဘဲ တွဲခွင့်ရခဲ့ပေမယ့် နီနဲ့ကတော့ ကိုယ်အခက်တွေ့နေပြီမဟုတ်ပါလား။

ဖွင့်ပြောဖို့အတွက် ခက်ခဲနေတာကို နီသိရဲ့လားကွယ်။ အချစ်ဆိုတာကို စိတ်ကူးယဉ်ပြီး အပျော်ရှာရုံသက်သက်နဲ့ ပေါ့ပေါ့လေးသဘောထားခဲ့တဲ့ကိုယ်လိုလူအတွက် ကိုယ်ချစ်တဲ့နှလုံးသားကို စာနာစိတ်နဲ့ နီမြင်ပါ့မလား။ 'ဟင့်အင်း'ဆိုတဲ့ခေါင်းခါမှုတစ်ချက်လေးနဲ့ ကိုယ့်နှလုံးသား အက်ကွဲကျေမွသွားရအောင်တော့ ကိုယ့်ကိုမနှိပ်စက်ပါနဲ့လား နီ။

''အစ်ကို့စိတ်နဲ့အစ်ကို နီ့ကို လိုက်ရှာနေတာလား''

''ဒါပေါ့ နီရဲ့''

''ဘယ်သူ့စနက်နဲ့မှ မဟုတ်ပါဘူးနော်''





''နီ့စကားက ဘာကြီးလဲကွ၊ ကိုယ်နားမလည်ဘူး''

''နီပြောမယ်''

ပြောမယ်တဲ့၊ ဘာပြောမလို့လဲ၊ ကိုကြီး တစ်ခါလာလည်တဲ့ရက်မှာပဲ ရှိခဲ့တာနဲ့ နီက အလုပ်ထွက်စာတင်တာမို့ တစ်ခုခုဖြစ်မှန်း သူရိပ်မိနေချေပြီ။

''ကောင်းကင်ကြီးက တိမ်ကင်းစင်နေတော့လည်း တစ်မျိုးလှသွားပဲနော်''

''ဟင်''

ပြောမယ့်ပြောတော့လည်း မဆီမဆိုင်။ မိုးပေါ်ကိုမော့ကြည့်ပြီး ပြောလိုက်မိပါ၏။ အစ်ကိုဘာမှနားမလည်မှန်း နီသိပါတယ်လေ။ နီကြည့်မိနေတဲ့ကောင်းကင်ကြီးနဲ့ အခု နီရပ်နေတဲ့မြေကြီးက မြင်သာတဲ့နေရာမှာ ရှိနေပေမယ့် တကယ်တော့ အဝေးကြီးဆိုတာကို လူသားတိုင်း သိနေသလို နီလည်းသိနေပါတယ် အစ်ကိုရယ်။

ကံကောင်းတာလား၊ ကံဆိုးတာလားဆိုတာကို ဘာမှရေရေရာရာတွေးမရဘဲ စိတ်မြန်လက်မြန်နဲ့ ထွက်စာတင်မိခဲ့တဲ့အထိပါပဲ။ မနီးစပ်နိုင်မှန်း နီလည်းသိနေသလို အစ်ကိုလည်းသိရှာပါ။ ဒါကြောင့်လည်း ဒီနေ့အထိ အစ်ကို့ထံက နီ့အပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆန်းဆန်းပြားပြားစကားလုံးမျိုး တစ်ကြိမ်တစ်ခါမှမကြားခဲ့ဖူးတာ အမှန်ပါလေ။

"ဒီကိုလာလည်တာပဲမဟုတ်လား အစ်ကို"

"ဟုတ်တယ်လေ"

"တခြားဘာကိစ္စမှမရှိဘူးမဟုတ်လား"

"နီ ဘာကိုဆိုလိုချင်တာလဲ"

"တကယ်မသိတာလား။ ဒါမှမဟုတ် တမင်မသိယောင်ဆောင်လားဆိုတာကိုတော့ အစ်ကိုကိုယ်တိုင်ပဲ သိမှာပါလေ"

"နီ"

"နီတို့မြင်နေရတဲ့ကောင်းကင်နဲ့ နီတို့နင်းထားတဲ့မြေ ဘယ်လောက်ကွာဝေးသလဲဆိုတာ အစ်ကိုသိရဲ့လား"

"..."

"ဒီလိုပဲ ရန်ကုန်နဲ့မော်လမြိုင်ဆိုတဲ့ခရီးကလည်း ... ပေါင်း ဘယ်လောက်အများကြီးဝေးကွာသလဲဆိုတာ ခရီးသွား... တဲ့သူတိုင်း သိနေမှာပါ"

"ကိုယ့်ကိုဘာပြောချင်တာလဲ နီ။ သွယ်ဝိုက်ပြီးမ... ချင်ပါနဲ့၊ ရှင်းရှင်းသာပြောပါ"

နီ ဟက်ခနဲရယ်ပေမယ့် အသက်မပါသလိုပါလေ။ ...





...ညာသမားတစ်ယောက်က လှပတဲ့ပုံရိပ်တွေကို ဖန်တီးတင်ပြ...နိုင်ပေမယ့် နီပြောတဲ့စကားလုံးတွေကိုတော့ နားမလည်ဘူးတဲ့...လေ။ ရယ်စရာကြီးပဲမဟုတ်ပါလား။

"မနေ့တုန်းက ညနေဘက်မှာ နီတို့အိမ်ကို အစ်ကိုကြီး လာသွားတယ်"

"အဲဒါ ကိုယ်သိတယ်လေ"

"နီ့ကို ဘာတွေပြောသွားတယ်ထင်လို့လဲ"

မျက်ဝန်းချင်းဆုံချိန်မှာ သူခေါင်းခါပြလိုက်လေ၏။ ဟုတ်တယ်လေ၊ ရှင်သန်လာတဲ့အခြေအနေချင်းကမှ မတူကြတာကိုး။ ဘဝကို အခက်အခဲမရှိ လျှောက်လှမ်းတဲ့အစ်ကို့လိုလူမျိုးနဲ့ ကိုယ်လျှောက်ရမယ့်လမ်းကို ကိုယ်တိုင်ရှင်းလင်းပြီး ထွင်ရတဲ့နီ၊ ကိုယ်ကူးဖို့တံတားကို ကိုယ်တိုင်ထိုးရတဲ့နီ။ ကိုယ်တက်ဖို့လှေကားကို ကိုယ်တိုင်ထောင်ရတဲ့နီတို့လို ဘဝသမားတွေအတွက်ကတော့ ဘာ...ဆို ရှေ့ရေးကိုလှမ်းကြည့်ပြီး ဆုံးဖြတ်ချက်ချရတာမဟုတ်လား။

"နီ့ကို အစ်ကိုနဲ့ဝေးဝေးနေပါတဲ့"

"ဘာ! ဟာ... အဲဒါ သူနဲ့ဘာဆိုင်လို့လဲ။ ကိုကြီးက Foul လွန်းပြီကွာ၊ ဒါ ကိုယ့် Personal ပါ"

"အဲဒါ အစ်ကိုတို့ညီအစ်ကိုချင်း ဆက်ရှင်းရမယ့်ကိစ္စ...



www.burmeseclassic.com

www.burmeseclassic.com



ပါ။ နီကတော့ စိတ်မြန်တဲ့သူမို့ မမြင်တွေ့ချင်တဲ့မျက်နှာကို နောက် ထပ်မတွေ့ရအောင် နောက်ဆုတ်ခဲ့ပြီးပြီ''

''မဟုတ်တာ နီရယ်''

''နီက ကိုယ့်ဘဝကိုယ် သိပါတယ်အစ်ကို၊ ဘယ်အရာ ကိုမဆို ကိုယ်နဲ့မတန်ဘူးဆိုရင် အတွေးထဲမှာတောင် လိုချင်မက် မောစိတ် မထားခဲ့ဘူး။ ကိုယ်နဲ့တန်ရာတန်ရာကိုပဲ ရွေးယူတတ် ပါတယ်''

''ဒီကိစ္စကို ကိုယ်ရှင်းပေးမယ် နီ။ နီအလုပ်ထွက်ဖို့မလို အပ်ပါဘူး''

''နီက ဆုံးဖြတ်ပြီးရင် ဘယ်တော့မှမပြင်တတ်ဘူး အစ် ကို။ အဲဒါအသေအချာပဲ။ နီ့မှာ ခြေအကောင်းလက်အကောင်း တိုင်းရှိနေတဲ့အတွက် လမ်းဆိုတာတွေကို ဆက်လျှောက်နေဦးမှာ ပါ။ ဒီလိုပဲ လက်လည်းကောင်းနေသေးတာမို့ နိုင်တဲ့ဝန်ကိုထမ်း ပြီး လုပ်နေဦးမှာပါပဲ။ ဒီလိုနေရာမှာမှ ဒီလိုရာထူးမှ မက်မောပြီး တွယ်ကပ်တဲ့သတ္တဝါမျိုးမှ မဟုတ်ဘဲ''

''နီရယ်၊ နီ့ဘက်က လွန်တာမှမဟုတ်တာ။ ကိုကြီး အမှားကို ကိုကြီးမြင်အောင် ကိုယ်ပြန်ပြောမယ်''

''နေပါစေတော့အစ်ကို၊ ရှိပါစေတော့။ နီနဲ့အစ်ကို





ထက်ပိုပြီး သံယောဇဉ်မတွယ်ခင် အစ်ကိုကြီးတားမြစ်တာ ပို ကောင်းသွားတာပေါ့။ အချိန်ပိုကြာလာတာနဲ့အမျှ ထင်မှတ်မထား တဲ့အခြေအနေမျိုးသာဖြစ်လာရင် နီရောအစ်ကိုပါ ပိုခက်ခဲတဲ့ရင် နင့်စရာတွေ ဖြစ်လာမှာလေ''

''ကိုယ်က. . . ကိုယ်က နီ့ကို. . .''

''စောစောစီးစီးသိခဲ့ရလို့ နီနဲ့အစ်ကို့အတွက် ပိုကံကောင်း သွားတာပေါ့အစ်ကိုရယ်''

အစ်ကိုရှေ့ဆက်ချင်တာကို နီက စကားဖြတ်လိုက်မိပါ ၏။ ဒီလိုတွေဖြစ်လာမှာကို အစ်ကိုကြီးက ကြိုမြင်လို့ထင်ပါရဲ့။ ဘယ်အရာကိုမဆို အကောင်းဆုံးချည်း လက်သင့်ခံချင်ပေမယ့် အကောင်းနဲ့အဆိုးဆိုတာ အမြဲဒွန်တွဲနေလေ့ရှိမှန်း နီလည်းသိနေ တာပါလေ။

''နီရယ်''

''အထင်မသေးရက်လေခြင်းဆိုပြီး အစ်ကိုကြီးအပေါ်မှာ နီအပြစ်မတင်လိုပါဘူးအစ်ကို။ အပြစ်တင်ခွင့်လည်း နီ့မှာမရှိပါ ဘူးလေ''

''နီအလုပ်ထွက်တာကို သူလက်မခံဘူး နီ။ နီ့သူငယ် ချင်းကိုတောင် လိုက်ရှာခိုင်းနေတာ''



www.burmeseclassic.com

www.burmeseclassic.com



ခပ်မဲ့မဲ့ရယ်ဖြစ်လေ၏။ ချစ်သူက မဆိုင်တာလုပ်မိတဲ့ အပြစ်အတွက် နှိုးပါးပြင်ကို ရိုက်ခဲ့တယ်။ ဒီလိုပါပဲ အဲဒီချစ်သူရဲ့ သူ့ရဲကောင်းက ညီဖြစ်သူနဲ့နှီကို နီးစပ်မှာစိုးရိမ်ပြီး အဝေးမှာနေ နိုင်းတာပဲမဟုတ်လား။ ဒီနေရာမှာ လုပ်နေရင် တစ်နေ့နေ့ ပြန်တွေ့ နေရဦးမှာပါပဲ။ ဒီတော့ ခပ်ဝေးဝေးမှာနေဆိုတဲ့စကားက 'သွား စမ်း' ဆိုပြီး နှင်ထုတ်တဲ့အမိန့်ပဲမဟုတ်လား။

''မလိုအပ်ပါဘူး အစ်ကိုရယ်''

''ကိုယ်တကယ်ပြောနေတာပါ နှီ''

''ဟုတ်ပါတယ်လေ၊ ရုတ်တရက် မပြောမဆိုနဲ့ထွက် စာတင်တာမို့ ဒေါသဖြစ်မယ်မှန်း နှီသိပါတယ်။ ဒါပေမဲ့ နှီက အောက်ခြေဝန်ထမ်းပဲမဟုတ်လားအစ်ကို၊ ခြေသည်းလက်သည်း တွေ ရှည်လာရင် ညှပ်ပစ်ရသလိုမျိုး အစွယ်အပွားတွေကို မလို ရင်မလိုသလို ဖယ်ရှားရတာ ဓမ္မတာပါ''

''ဒါပေမဲ့ နှီက အဲဒီအရာမှမဟုတ်ဘဲ။ ကိုယ့်အတွက် ဘယ်လောက်အရေးကြီးတဲ့သူဆိုတာကို နှီသိရဲ့လား''

မြင့်မားသည့်အရပ်မို့ မော်၍ကြည့်ရပါ၏။ ဘဝမှာလည်း ဒီလိုပဲမဟုတ်ပါလား။ အနိမ့်ကလူက အမြင့်ကို အမြဲမော့ကြည့် နေရတာပါလေ။ သို့သော် မြေကြီးမှာလည်း အနှင်းခံမာနတော့





ရှိနေတယ်ဆိုတာကို အစ်ကိုကြီးသိစေချင်ပါရဲ့။

''နှီ . . . ကိုယ်''

''မပြောပါနဲ့အစ်ကို၊ အစ်ကိုဖွင့်မပြောပေမယ့် အစ်ကို့ ရင်ထဲကခံစားချက်ကို နှီနားလည်ပေးနိုင်ပါတယ်၊ နှီတို့က အဝေး သုံးမှာရှိနေကြတဲ့လူတွေပါ။ မြစ်ရေလို တစ်မြို့နဲ့တစ်မြို့ စီးဆင်း ဆက်သွယ်မှုရှိတတ်တာမှန်ပေမယ့် လှူချင်းကတော့ မဖြစ်နိုင်မှန်း အစ်ကိုလည်းသိနိုင်ပါတယ်''

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိစဉ် ပါးပြင်ထက်သို့ မျက် ရည်က ပေါက်ခနဲစီးကျသွားပါ၏။

''အစ်ကိုကြီးကိုပြောလိုက်ပါ အစ်ကို၊ ရွှေထုပ်တဲ့မြပဝါ ကမှ တန်ဖိုးရှိတာမဟုတ်ပါဘူး။ မီးဖိုချောင်ထဲက လက်နှီးစုတ် လေးမှာလည်း သူ့နေရာနဲ့သူ တန်ဖိုးရှိအသုံးဝင်ပါတယ်လို့''



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် သူငြိမ်သက်နေမိ၏။ သူ့ရှေ့မှာ ဟိုဘက်ဒီဘက်လျှောက်နေသည့် ရဲထက်မာန်သည်လည်း သူ့လိုပင် စိတ်လှုပ်ရှားလွန်းနေမှန်း သူသိနေပါသည်။

'ရွှေထုပ်တဲ့မြပဝါလေးမှ တန်ဖိုးရှိတာမဟုတ်ဘူး၊ လက်နှီးစုတ်လေးမှာလည်း သူ့နေရာနဲ့သူ တန်ဖိုးရှိပြီး အသုံးဝင်ပါတယ်'တဲ့လား။ စကားတတ်လိုက်ပါလားနော်။ သူမကိုယ်သူမ အဘယ်မျှနှိမ့်ချပြီး နှိုင်းယှဉ်ပြလိုက်တာပါလဲ။ မေလေးလို ရွှေလင်ပန်းနဲ့အချင်းဆေးလာသူကတော့ ရွှေထုပ်တဲ့မြပဝါလေးလို အသုံးဝင်တန်ဖိုးရှိတယ်ပေါ့။ သူမလို သာမန်ဝန်ထမ်းလေးက မီးဖိုခန်းထဲက လက်နှီးစုတ်တဲ့လေ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါဘာမှားလို့လဲ"

"ဟာ! ခုထိ ကိုယ့်အမှားကို ကိုယ်မမြင်နိုင်သေးဘူးလား။ ကိုကြီးသွားပြောခဲ့လို့ ကျွန်တော် သူ့ကိုဘာစကားမှဆက်ပြောလို့မရတော့ဘူး။ ဘာဆက်လုပ်လို့ရမှာလဲ၊ ပြောပါဦး"

ချေပရန်စကားလုံးက ရှာမရ။ အလုပ်ထုတ်လိုက်ပါလို့ တဖွဖွပြောနေတဲ့ မေလေးရဲ့စကားကို ခေါင်းညိတ်နာခံခဲ့တာမှ မဟုတ်ဘဲ။ ဘယ်လိုလုပ်ရမလဲ နီနီညို။ မင်းကိုအလုပ်ထွက်ဖြစ်အောင် တွန်းပို့ပေးလိုက်တဲ့တရားခံက ကိုယ်ဖြစ်နေပါရောလား။

"ကိုကြီးမှာ ပြောစရာစကားမရှိတော့ဘူးလား"

"ရဲထက်. . . ငါ"

"ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စကို ကိုကြီးက ဘာဆိုင်လို့ ဝင်စွက်ဖက်ရတာလဲ"

"အန်တီလေးက"

"မာမီက ကျွန်တော့်မာမီပါ၊ နီနဲ့ကိစ္စကို မာမီသဘောမတူရင် ကျွန်တော်နဲ့မာမီပဲ ရှင်းရမှာပေါ့။ ဒက်ဒီမရှိတော့တဲ့နောက်ပိုင်းမှာ ကျွန်တော့်ရဲ့ဆန္ဒကို မာမီလိုက်လျောပေးခဲ့တာ ကိုကြီးသိရဲ့သားနဲ့"

"နီနီညိုနဲ့မင်းက အလှမ်းကွာလွန်းပါတယ် ညီ။ မိုးနဲ့





တာ မလောင်ခင်က ကြိုတားရမယ်မှန်း မင်းလည်း. ."

"နီ့ကို ကျွန်တော်သိပ်ချစ်တယ်"

ဘုရား! ဒီလောက်တားနေတဲ့ကြားက ဒီစကားကိုပြောဖြစ်အောင် ပြောနေသေးတာပါလား။ ဘယ်လိုလဲ ရဲထက်မာန်။ အချစ်တစ်ခုတည်းနဲ့ အားလုံးကို မျက်စိစုံမှိတ် ဥပေက္ခာပြုထားတော့မှာလား။ အသိုင်းအဝိုင်းဆိုတာတွေ ဂုဏ်သိက္ခာဆိုတာတွေကို ဦးနှောက်ထဲမှာ ထည့်စဉ်းစားထားပါရဲ့လား။

အချစ်မှာ မျက်စိမရှိဘူးဆိုတဲ့ တင်စားသည့်စကားပုံက ညီတို့လူငယ်တွေမှာ တကယ်ပဲမှန်နေတာပါပဲလား။ အဆင့်အတန်းဆိုတာတွေ ခွေမျိုးတွေကြား ဝင်ဆံ့နိုင်မလားဆိုတဲ့ အဓိကကျတဲ့အရာတွေကို လွယ်လင့်တကူမေ့လိုက်နိုင်တယ်တဲ့လား ညီ။

"မဖြစ်နိုင်ဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

"အန်တီလေး သဘောတူမှာမဟုတ်ဘူးကွ"

"အဲဒါ ကျွန်တော့်ကိစ္စလို့ ပြောပြီးပြီလေဗျာ။ ကိုကြီးက ကျွန်တော့်အုပ်ထိန်းသူမှမဟုတ်တာ။ နေရာတကာဝင်မပါပါနဲ့ဗျ"

"နီက ငါ့လက်အောက်ကဝန်ထမ်းကွ"

"မှန်တယ်လေ၊ နီနဲ့ကျွန်တော့်ကိုဆုံရအောင် ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးပေးခဲ့တာမှမဟုတ်တာ။ ကိုကြီးပယောဂ လုံးဝမပါရင် ဘေးမှာပဲနေပါ ကိုကြီးရာ''

''မဟုတ်သေးဘူး ညီ၊ ဘာပဲဖြစ်ဖြစ် ဒီမှာကြော်ငြာလာရိုက်ဖို့ မင်းကိုငါခွင့်ပြုခဲ့မိတာက စမှားခဲ့တာ။ ငါသာခွင့်မပြုရင် နီနီညိုနဲ့မင်း ဘယ်လိုမှဆုံစရာမရှိဘူး။ အဲဒါသေချာတယ်''

ရဲထက်မာန် ခြောက်ကပ်ကပ်ရယ်ချလိုက်ပါ၏။ သူ့အစ်ကိုကို တာဝန်ယူတတ်သူဟု အထင်ကြီးခဲ့သမျှ အကုန်မှားနေပြီထင်ပါရဲ့။ ဘယ်လိုဖြစ်ပြီး သူ့ရင်ထဲက မြတ်မြတ်နိုးနိုးနဲ့ ချစ်နေရတဲ့နှီကို သဘောမတူဘူးဆိုပြီး ကန့်ကွက်နေရတာပါလိမ့်။

''ဒါက ကိုကြီးဆွဲတွေးတာကိုးဗျ၊ ဖူးစာဆိုတာ ပါလာရင် ဘယ်လောက်ပဲဝေးနေပါစေ၊ ဘယ်သူမှတားမြစ်လို့မရဘူး။ နှီကို ဒီမြို့မှာ မတွေ့ခဲ့ရင်လည်း ရပါတယ်၊ ရန်ကုန်မှာ သင်တန်းလာတက်တဲ့ကာလမှာ ဆုံတွေ့နိုင်တာပဲ။ ရေးဘဝကကံကြောင့် ဒီဘဝမှာ ရေစက်ဆုံခဲ့ရတာပါ ကိုကြီး''

''မင်းစကားတတ်တိုင်း လျှောက်ပြောမနေစမ်းပါနဲ့ ရဲထက်''

''ကိုကြီးက နီနဲ့ကျွန်တော့်ကို မတူဘူးမတန်ဘူးလို့ ဆိုလိုချင်တာလား''





''ဟုတ်တယ်''

''ဘာကြောင့်လဲ''

''အကြောင်းပြချက်တွေ အများကြီးပါ ညီ''

''ဘာကိုထောက်ပြချင်တာလဲ၊ ဂုဏ်လား ငွေလား ကိုကြီး။ အဆင့်အတန်းဆိုတာတွေ ဆွေဂုဏ်မျိုးဂုဏ်ဆိုတာတွေခေတ်ဘဝမှာ ထည့်စဉ်းစားစရာမလိုအပ်ပါဘူး။ နီလည်း မုဆိုးမသမီး အမေတစ်ခုသမီးတစ်ခုဘဝ။ ဒီလိုပဲ ရဲထက်မာန်ကလည်း ဆိုးမသား အမေတစ်ခုသားတစ်ခုဘဝပါပဲ။ ထပ်တူကျတဲ့ လူသားတွေပါ။ ရထားတဲ့ရိုးရိုးဘဝ့လေးနဲ့ လျှောက်ချင်တဲ့လမ်းကိုချပြီး လျှောက်နေကြတာ''

''အန်တီလေးက ဖေဖေ့ညီမလေ၊ ဖေဖေ့ဂုဏ်ပုဒ်နဲ့ခက်အောက်မှာ''

''အဲဒါ ဒက်ဒီဆုံးမှ ဘာဘတို့ပြန်လက်သင့်ခံတဲ့ဂုဏ်ပုဒ်ပဲ''

''ညီ''

''ဒက်ဒီ့ကို ဘိုးဘိုးတို့လုံးဝသဘောမတူဘူးဆိုပြီး ပစ်ထားခဲ့တဲ့ကာလက ကျွန်တော့်ဘဝတလျှောက်ပါပဲ။ ဦးဘုန်းမြတ်ခန့်နဲ့ကျွန်တော်က မြေးအငယ်ဆိုတာကို ဒက်ဒီဆုံးပြီးမှ သိခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရတာပါ ကိုကြီးရာ။ ဘိုးဘိုးတို့ဘဘတို့ဂုဏ်ကို ကျွန်တော်လို
က ငဲ့ကွက်ရမှာလား။ ပြောပါဦး''

ဒုတိယအကြိမ်မြောက် ရင်ထဲမှာ စူးခနဲအောင့်သွား
၏။ ပထမအကြိမ်တုန်းကတော့ 'နို့ကို ကျွန်တော်သိပ်ချစ်တယ်
ဆိုတဲ့ညီ့ရဲ့စကားကြောင့်ပါပဲ။ ဘယ်လိုလဲ၊ ကိုယ့်ခြေထောက်
ကိုယ်ရပ်ခဲ့ပြီး မာနကြီးသည့်ညီက သူ့ထက်ပိုပြီး စိတ်ဓာတ်
နိုင်မှန်း သူအသိဆုံးမဟုတ်ပါလား။

ညီ့ကိုယ်ရေးကိုယ်တာကိစ္စကို သူဝင်စွက်မိနေပြီ
ဒါပေမဲ့ ညီရယ်၊ ကိုကြီးရဲ့ရင်ထဲက သံယောဇဉ်ကိုတော့ အ
အမှတ်ပြုသင့်ပါတယ်။ ညီအစ်ကိုဆိုတဲ့စည်းတစ်ခုကို နည်းန
လေးတော့ သူကျူးလွန်ပေမယ့် စေတနာကိုတော့ ထည့်တွ
သင့်တာပေါ့။

''ဒါကတော့ ညီ့ဒက်ဒီက ငယ်စဉ်ကတည်းက မျက်
များတဲ့လူဖြစ်နေတာမို့ပါ ညီ''

''မှန်ပါတယ်၊ ဒါပေမဲ့ မာမ်နဲ့လက်ထပ်ပြီးကတည်း
သူသေတဲ့အထိ မာမီ့အပေါ် သစ္စာရှိစွာနဲ့ပေါင်းသင်းသွားခဲ့တာ
သာဓကပါ။ ခြေရှုပ်တတ်တဲ့လူကို တစ်သက်လုံးဒီလိုနေသွား
လူလို့ တရားသေ မသတ်မှတ်သင့်ပါဘူး ကိုကြီး''





ဘယ်ကိုရောက်ကုန်ပြီလဲ။ နီနီညို့ကိစ္စကနေ ဦးထက်
မြတ်ဆီ ခေါင်းစဉ်လွှဲကုန်ပြီလား။ အဖေနဲ့တူသည့်ညီက မိန်း
ကလေးတွေအများကြီးနှင့် 'မျက်နှာများတဲ့မောင်'ဖြစ်နေမှန်းလည်း
သူအသိဆုံးပါလေ။

''ကျွန်တော့်ကို နီနဲ့သဘောမတူဘူးလို့ သွားပြောရ
လောက်အောင် ကိုကြီးမှာ ခိုင်လုံတဲ့သက်သေပြစရာ ရှိရဲ့လား''

''ကိုယ်က''

''ကိုကြီးနဲ့ စပယ်ကိစ္စတုန်းကရော ကျွန်တော်က ကြား
ထဲကနေ ကန့်ကွက်ခဲ့မိသလား''

''ဒါကတော့''

''ကိုကြီးရဲ့နှလုံးသားရေးရာကိစ္စကို ကျွန်တော် ဘာတစ်
ခုမှ ဝင်မရှုပ်ခဲ့တာ ကိုကြီးအသိပဲ။ ဒီတော့ ကျွန်တော့်ကိစ္စကို
လည်း ကိုကြီးလိုက်မရှုပ်ပါနဲ့လို့ မေတ္တာရပ်ခံပါတယ်''

''မဟုတ်သေးဘူး ညီ''

''ကျွတ်! ကိုကြီးကလည်းဗျာ၊ ဒီလောက်ပြောနေတာကို
တောင်မှ ဘယ်လိုမှနားမဝင်ပါလား''

''မေလေးနဲ့ နီနီညိုက ဘယ်လိုမှမသက်ဆိုင်ဘူး ညီ။
မေလေးက ကိုယ်တို့နဲ့တူညီတဲ့ ဂုဏ်အဆင့်အတန်းမြင့်တဲ့သူပါ''



www.burmeseclassic.com

www.burmeseclassic.com



ခက်လိုက်တာနော်။ ဒီလောက်မီးမောင်းထိုးပြနေတာတောင်မှ နေရာကိုဖြန့်ကျက်မကြည့်ဘဲ မျက်စိမှိတ်ငြင်းနေသည့် ကလေးလိုပါပဲလား။ အတော့်ကိုခေါင်းမာတဲ့လူကြီးပါလားနော်။

''လူဆိုတာ ခြေနှစ်ဖက်လက်နှစ်ဖက် ကိုယ်တစ်ခု ခေါင်းတစ်ခုပါပဲ။ ဒါ့ထက်ပိုတဲ့လူဆိုတာ မရှိပါဘူး။ ကိုယ်ပေါ်မှာတင်ထားတဲ့အဝတ်အစားတွေ တန်ဖိုးကြီးတဲ့သက်မဲ့ပစ္စည်းတွေကပဲ ကွာခြားတာပါ။ အသက်နဲ့ဝိညာဉ်ခွဲသွားရင် မြေကြီးမြှုပ်မီးသဂြိုဟ်ပြာမှုန့်က အတူတူဖြစ်သွားမှာအမှန်ပဲ''

''ငါဘယ်လိုမှနားချလို့မရတော့ဘူးလား ရဲထက်မာန်''

''ကိုယ့်သမိုင်းကိုယ်ရေးကြရစမြဲပါ ကိုကြီးရာ။ အဲဒီလိုပြောကြစတမ်းဆိုရင် ကိုကြီးနဲ့စပယ့်ကို ကျွန်တော်သဘောမတူဘူးလို့ပြောမိရင် စံပယ့်ကို ကိုကြီးဖြတ်နိုင်လား. . . ပြော''

''ဘာ!''

မျက်နှာ ကွက်ခနဲပျက်သွားလေ၏။ သူ့အလှည့်ကိုယ့်အလှည့်ဆိုတာ အမြဲတစေရှိတာပဲမဟုတ်ပါလား။ သူ့ချစ်သူကိုကျ မဖြတ်နိုင်ဘဲနဲ့များ ညီရဲ့ချစ်သူကို ဝေးဝေးနေဖို့ ပြောရတယ်လို့။

''ဒီစကားမျိုး ဘာလို့ပြောရတာလဲ''





''ကိုယ်ချင်းစာနာတတ်စေချင်လို့ပါ''

''မေလေးကို. . . မေလေးကိုများ မင်းချစ်နေလို့လား''

သူ တဟားဟားအော်ရယ်လိုက်မိပါ၏။ အလုပ်အတူတူတွဲလုပ်ပြီး လက်ပွန်းတတီးရှိခဲ့ပါလျက် သူ့ကိုခပ်ချွဲချွဲနာမည်ခေါ်လျက် အနားနားကပ်ကာ ခပ်ညုညုဖြင့် စကားပြောလျက် (ကိုကြီးနှင့်မကြိုက်ခင်)သူ့ကိုစိတ်ဝင်စားသလိုဖြင့် 'မာန့်သဘောလေ' ဆိုသည့်မေစံပယ်ဖြူကိုမှ သူ့ကိုကြိုက်နေသလားဆိုသည့်မေးခွန်းက ဟာသဖြစ်နေချေပြီ။

အံ့ပါ့ကိုကြီးရာ။ ကျွန်တော်သာ ကြိုက်နေရင် ကိုကြီးနဲ့မဆုံခင်ကတည်းက Jasmine နဲ့ရဲထက်မာန်က ငြိနေမှာအမှန်ပါလေ။ ဘယ်ကနေဘယ်လိုမျိုး ဒီအတွေးကိုမှ ကိုကြီးတွေးမိလိုက်တာပါလိမ့်နော်။

''ရယ်မနေနဲ့ကွ၊ ငါအတည်မေးနေတာ''

''အကယ်၍ ကြိုက်တယ်ဆိုရင်ရော''

''ဘာကွ!''

''အကယ်၍လို့ ကျွန်တော် စကားခံထားပြီးသားနော် ကိုကြီး။ သိပ်လန့်မသွားပါနဲ့ဗျ''

မျက်နှာကြီးနီရဲကာ ငြိမ်သက်သွားပုံက Heart ထိသွား



www.burmeseclassic.com

www.burmeseclassic.com



သလိုနှယ်ပါ။ အမှန်တော့ နီကိုစမြင်ခါစက သူဒီလောက်တုန်တုန်လှုပ်လှုပ်ကြီး ဖြစ်ခဲ့တာမျိုးမရှိ။ မကြည်သလို မျက်စောင်းဝင့်ကြည့်လိုက်တဲ့ကောင်မလေးကို ချစ်စနိုးနောက်ချင်စိတ်နဲ့သာ ခေါ် ဖြစ်ခဲ့တာပင်။ ပြီးမှ တစ်စတစ်စဖြင့် ဖြူစင်ရိုးသားလွန်းသည့်မိန်းကလေးကို စွဲလန်းမိခဲ့ရတာလေ။

"ညီ"

"ဗျာ"

"စပယ့်ကို မင်းတကယ်ချစ်ရင် ကိုယ် နောက်ဆုတ်ပေးပါ့မယ်"

ဟိုက်ရှားဗား! ကမ္ဘာ့အံ့ဖွယ်ပါပဲ။ ကိုယ်နဲ့စေ့စပ်ပြီးသားမိန်းကလေးကို ညီဖြစ်သူရဲ့လက်ထဲသို့ ထည့်ဝံ့တဲ့အထိ ကိုကြီး ရူးလိမ့်မည်ဟု သူမှတ်မထားတာလေ။ ကြည့်စမ်း! နီနဲ့အဆေးဆုံးကို တွန်းပို့နိုင်ဖို့အတွက် နှလုံးသားကိုတောင် ရင်းနှီးနိုင်သတဲ့လား။ ကျွန်တော်လေးစားရတော့မှာလား ကိုကြီးဘုန်းမြတ်သိင်္ဂ

"လွယ်လွယ်မပြောနဲ့နော်၊ ကိုကြီးတို့က စေ့စပ်ထားပြီးသားဆိုတာ မမေ့နဲ့ဦး"

"အဲဒါ တရားဝင်မှမဟုတ်သေးတာဘဲ"

"ကိုကြီး"





"ဟင်! ဘာလဲ"

"ကျွန်တော်နဲ့နီ ဝေးမှဖြစ်မှာလား"

"အမှန်အတိုင်းပြောရရင် ဟုတ်တယ်"

"ကျွန်တော်ပြန်မေးမယ်နော်၊ ခုန ကိုကြီး ကျွန်တော့်ကိုပြောတာနဲ့ နည်းနည်းပဲလွဲတဲ့မေးခွန်းမျိုးပါ။ စိတ်မဆိုးကြေး"

"ဘာကိုလဲ"

"ကျွန်တော့်နီကိုများ ကိုကြီးစိတ်ဝင်စားနေသလားလို့ပါ"

"ဘာ! "

"မဟုတ်ရင်လည်း ပြီးတာပဲ၊ အဓိက,က နီအလုပ်က ထွက်သွားတာကို ကိုကြီးကြောင့်မို့ ကိုကြီးကိုယ်တိုင် ပြန်ခေါ်ဖို့တာဝန်ရှိတယ်ဆိုတာပါ။ ကျွန်တော်သွားမယ်"

တရှူးရှူးဒေါသဖြစ်ကျန်ရစ်ခဲ့သည့်ကိုကြီးကို ထားရစ်ကာ သူ ရုံးခန်းထဲမှထွက်လာခဲ့၏။ ရင်ထဲမှာ မွန်းကျပ်နေတာအမှန်ပဲ နီ။ နီမှမရှင်းပေးရင် ကိုယ့်ရင်ထဲကအရှုပ်တွေကတော့ မပျောက်နိုင်ဘူးထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ကားကို အိမ်မည်းလေးရှေ့မှာ ရပ်လိုက်ပါ၏။ ဒုတိယ အကြိမ်မြောက် ရောက်လာခြင်းဖြစ်ပေမယ့် ရင်ထဲမှာ တုန်လှုပ်နေဆဲပါပဲ။ 'ကျွန်တော့်နှိကိုများ ကိုကြီးစိတ်ဝင်စားနေသလား' တဲ့။ သူခေါင်းနားပန်ကြီးသွားစေတဲ့မေးခွန်းကိုမှ ဖန်တီးရတယ်လို့။ 'စပယ့်ကိုများ ကြိုက်နေသလား' ဆိုတဲ့မေးခွန်းကို သူမေးမိတုန်းကဖြင့် ဤမျှမတုန်လှုပ်ခဲ့တာ အမှန်ပါလေ။

''ဩော်! ဘယ်သူများလဲလို့ သားမောင်ဘုန်းကိုး။ လာလေကွယ်''

ဝရံတာမှာချိတ်ထားသည့် သစ်ခွအိုးလေးတွေကို ရေပန်းကရားလေးဖြင့် ရေလောင်းနေရင်း ခြံဝမှာရပ်နေသည့်သ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အန်တီညိုက မြင်သွားလေ၏။ ဒုက္ခပဲ၊ လေတစ်လုံးမိုးတစ်လုံးဖြင့် ညီဖြစ်သူနှင့်ဝေးဝေးနေရန် သမီးဖြစ်သူကိုလာပြောခဲ့တာမို့ အန်တီသာသိရင်ဆိုပြီး သူမျက်နှာပူနေရပြီလေ။

"နီနီညိုရှိပါသလား အန်တီ"

"သမီးတော့မရှိဘူး သားရဲ့၊ နည်းနည်းကြာရင်တော့ ပြန်ရောက်မှာပါ"

"ဘယ်ကိုသွားတာပါလဲ အန်တီ"

"အိမ်ပေါ်တက်လာပါ သားရယ်၊ လမ်းမပေါ်မှာ မတ်တပ်ရပ်နေရတယ်လို့"

အတင်းကြီးခေါ်နေပြီမို့ သံဇကာတံခါးလေးကို သူက ဂလန့်ဖွင့်၍ ဝင်လိုက်ရပါ၏။ အပြင်သွားတာတဲ့။ ဘယ်ကိုများသွားတာပါလိမ့်။ အုတ်ခဲခင်းထားသည့်လမ်းလေးကိုနင်းလျှောက်ခဲ့ပြီး သစ်သားလှေကားသုံးထစ်ကို တက်ခဲ့စဉ် လက်ဝါးတွေမှာ ချွေးစီးတွေ ထွက်နေချေပြီ။

"ထိုင်ပါ သား၊ စောစောစီးစီးဘယ်လိုရောက်လာတာလဲ"

"အန်တီ့သမီးနဲ့တွေ့ချင်လို့ တမင်လာခဲ့ရတာပါအန်တီ"

"ဩော်"





အာမေဋိတ်သံ ထွက်လာသော်ငြား တကယ်အံ့သြတာမဟုတ်မှန်း သိသာနေပါ၏။ ဘယ်လိုလဲ နီနီညို။ မင်းရဲ့မိခင်ကို ဖြစ်ကြောင်းကုန်စင်အကုန်ဖွင့်ပြော ရင်ဖွင့်တတ်တဲ့သမီးပါပဲလား။

"ဘာပြောစရာရှိနေသေးလို့လဲ သား။ တကယ်လို့ သမီးပြန်လာတာကို စောင့်ရမှာကြာနေရင် သမီးကိုယ်စား အန်တီ့ကို ပြောခဲ့လို့ရပါတယ်"

'ဘာပြောစရာ ရှိနေသေးလို့လဲ'တဲ့။ မေးခွန်းထဲမှာ ပါသည့်စကားလုံးရဲ့အဓိပ္ပာယ်က ပြည့်စုံနေပြီလေ။ သမီးဖြစ်တဲ့သူ'ကို မဟုတ်မတန်သလိုအဆင့်မျိုးနဲ့ သူဆက်ဆံခဲ့မိတာကို အန်တီ အကုန်သိနေတာ သေချာနေပြီလေ။

"ကျွန်တော် သူနဲ့တွေ့ပြီးပြောမှ ဖြစ်မှာပါ အန်တီ"

"ရပါတယ်၊ စောင့်ချင်လည်းစောင့်ပါကွယ်"

"ကျွန်တော့်ကြောင့် အနှောင့်အယှက်များ ဖြစ်နေမလားခင်ဗျာ"

"အို! မဖြစ်ပါဘူးကွယ်၊ အန်တီတို့ နယ်သူနယ်သားတွေက ဧည့်သည်တွေကိုမျှော်ပြီး လက်သင့်ခံတဲ့လူသားတွေပါ သားရယ်။ ကိုယ့်အပေါ်ကောင်းကောင်းဆိုးဆိုး အိမ်ရှင်ရဲ့တာဝန်မှန်သမျှ ကျေပွန်တတ်ကြတာမျိုးပါ"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲအောင့်သက်သွားရပါ၏။ 'ကောင်းကောင်းဆိုးဆိုး' တဲ့။ သူကတော့ ဒီအိမ်ကိုကောင်းသောလာခြင်းနဲ့မဟုတ်တဲ့ညေ်း သည်လူဆိုးပဲမဟုတ်ပါလား။ မျက်နှာပူနေရတာမို့ အန်တီ့မျက် နှာကို သူမကြည့်ရဲသလိုဖြစ်ပြီး Polish တင်ထားသည့် ဆက်ေ စားပွဲမျက်နှာပြင်ကိုသာ စိုက်ကြည့်နေမိတော့သည်။

''အပူအအေး ဘာများသုံးဆောင်ချင်ပါသလဲကွယ်''

''နေပါစေ အန်တီ''

''တစ်ခုခုများ ဖြစ်လာသလား''

''ခင်ဗျာ''

''ဩော်! မျက်နှာတစ်မျိုးဖြစ်နေသလားလို့ပါ''

''ဟို. . . ဘာမှမဖြစ်ပါဘူးအန်တီ''

စကားသံတိတ်သွားရပါ၏။ စကားပြောနည်းသူမို့ = ပိုနှုတ်ဆိတ်နေသလို အန်တီကသာ စကားရှာပြီး ပြောနေတာ လေ။ ညေ့်သည်ကို ရင်ထဲကမပါဘဲ စကားပြောနေတာမျိုးေ မဟုတ်ဘူးထင်ပါရဲ့။

''စိတ်မကောင်းဖြစ်နေသလား သား''

''ဗျာ! ဘာကိုပြောတာပါလဲ အန်တီ''

''သမီးကို သားရဲ့ညီလေးနဲ့မပတ်သက်ဖို့ လာပြော





တာ အန်တီ့ကို သမီးပြန်ပြောပြလို့ သိထားပါတယ်''

သူ့မျက်နှာ ရဲခနဲဖြစ်သွားရပါ၏။ မွင့်လင်းလိုက်တာနော်။ ညီရဲ့စိတ်နဲ့တူနေပါရောလား။ ညီဆိုရင်လည်း မကျေနပ်ရင် မျက် နှာချင်းဆိုင်ထိုင်ပြီး အဲဒီလူကို ပြတ်ပြတ်သားသားပြောချလိုက် တဲ့အကျင့်ရှိနေတာလေ။ သူကတော့ တစ်ဖက်သားကို အားနာ မျက်နှာပူကာ ဘာတစ်ခွန်းမှပြောမထွက်ခဲ့။ ညီ့ကိစ္စတစ်ခုတည်း ကိုသာ ဘယ်လိုဖြစ်ပြီး ပြောမိခဲ့တာပါလိမ့်နော်။

''ကျွန်တော်က. . .''

ဘာဆက်ပြောရမှန်းမသိဘဲ စကားက ရပ်သွားရလေ၏။ အန်တီက သူပြောမထွက်မှန်း သိသွားတာမို့ ခေါင်းညိတ်ပြလိုက် လေ၏။

''ညီလေးအပေါ်မှာထားတဲ့ အစ်ကိုတစ်ယောက်ရဲ့မေတ္တာ ကို အန်တီနားလည်ပါတယ်သား။ သားအရင်ဆုံး မပြောဖြစ်သေး ရင်လည်း အန်တီက သမီးကိုဆုံးမမှာပါ။ အန်တီ့သမီးလေးက ငယ်ငယ်ကတည်းက ဗိုင်းကောင်းကျောက်ဖိ ယဉ်ကျေးသိမ်မွေ့ စွာနေလာတဲ့ကလေးပါ။ သူ့အနေအထိုင်မတတ်ရင် သူ့ကိုဆုံးမ နိုင်တဲ့အမေတစ်ယောက်လုံး ရှိနေပါတယ်ကွယ်။ သမီးမှာ ပြော စရာဆိုလို့ ရှင်းရှင်းဘွင်းဘွင်းပြောချလေ့ရှိတဲ့စရိုက်လေးပဲ ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ တစ်ဖက်သားကို အားမနာတမ်းပြောတတ်လို့ အန်တီအမြဲ သတိပေးနေရတာလေ''

''. . .''

''သားတို့ဘက်က အခြေအနေကို အရင်သိရတာမို့ သားကို အန်တီကျေးဇူးတင်ပါတယ်၊ နောက်ဘယ်တော့မှ သားရဲ့ညီလေးနဲ့ အန်တီ့သမီး မျက်နှာမဆုံစေရဘူးလို့ သမီးက အန်တီ့ကို ကတိပေးထားတာပါ။ အိမ်ကို. . . အိမ်ကို မောင်ရဲထက်လာရင်လည်း မနှင်ရက်ပေမယ့် သားဆန္ဒအတိုင်း အန်တီပြန်ခိုင်းမှာပါကွယ်၊ စိတ်ချပါ၊ အဲဒီအတွက်တော့ သားစိတ်ပူစရာမလိုတော့ပါဘူးလို့ အန်တီပြောပါရစေ''

ရင်ထဲမှာ နင့်ခနဲဖြစ်သွားသလို မျက်ရည်တွေပါ ဝိုင်းသွားရပါ၏။

အမေနဲ့သမီး တူကိုတူလွန်းလိုက်တာနော်။ ကိုယ့်ကိုယ်ကို နှိမ်နှိမ်ချချလေးနဲ့ စကားပြောတတ်တာကိုး။ ရဲထက်ကို မနှင်ရက်ပေမယ့် သူ့ဆန္ဒအရ ပြန်ခိုင်းလိုက်မယ်တဲ့လေ။ ပြောတော့ဖြင့် ရန်ကုန်သူရန်ကုန်သားတွေက စကားပိုတတ်တာဆို။ အခုတော့ မော်လမြိုင်သူရဲ့ စကားလုံးဝဲဝဲလေးတွေအောက်မှာ ပြာပြားဝပ် ခံနေရပါရောလား။





''ကျွန်တော်လာတာ အဲဒီလိုပြောဖို့မဟုတ်ရပါဘူး အန်တီ''

''ဒါဖြင့် ဘာကိစ္စရှိလို့ပါလဲကွယ်''

''နီနီညို့ကို အလုပ်ပြန်ဆင်းဖို့ လာပြောတာပါ''

အပြုံးက ခပ်ယဲ့ယဲ့ပါလေ။ ကျွန်တော့်ကို အရူးလို့များ မြင်နေပါသလားအန်တီ။ ဟုတ်ပါတယ်၊ ကျွန်တော်ဟာ စိတ်ထင်ရာလျှောက်လုပ်တတ်တဲ့ အရူးတစ်ယောက်နဲ့ ခြားမှမခြားတော့တာလေ။

''အန်တီ့သမီးက စိတ်ဓာတ်ခိုင်မာတဲ့လူပါ မောင်ဘုန်း၊ ဆုံးဖြတ်ပြီးရင် လွယ်လွယ်နဲ့ပြန်ဖျက်လေ့မရှိပါဘူး''

''မဟုတ်သေးဘူး အန်တီ''

''သားစိတ်ထဲ အားနာပြီး အခုလိုလာပြောတာမှန်း အန်တီသိပါတယ်ကွယ်။ ဒါပေမဲ့ သမီးက ကျောပေးပြီးရင် ပြန်လှည့်ကြည့်ရိုးထုံးစံမရှိတဲ့သူဖြစ်နေတော့ ခက်တယ်ကွယ့်''

''အန်တီ. . . သူ''

''ဒီနေ့ခေါ်ထားတဲ့ဟိုတယ်မှာ Interview သွားဖြေနေပြီ မောင်ဘုန်း။ ရမရကတော့ သူ့ကံပဲပေါ့''

''ဗျာ! ဘယ်. . . ဘယ် Hotel မှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



''သူ Form တင်ထားတဲ့ အတ္တရံဟိုတယ်မှာပါ။ အခု လောက်ဆို''

''ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီ''

ကဲ! ရှိုင်းတယ်ထင်လည်း ထင်စေတော့။ အန်တီပြော နေတဲ့စကားကိုဖြတ်ပြောပြီး သူထရပ်လိုက်ပါလေ၏။ အိမ်လေး ပေါ်မှ သူခပ်သွက်သွက်ဆင်းကာ ကားပေါ်တက်မောင်းခဲ့သည်။ ကြည့်စမ်း! ဒီကောင်မလေး သူ့ဟိုတယ်မှာ Resign ထွက်တဲ့ Form မှာ သူတံဆိပ်မနှိပ်ရသေးဘဲ ဟိုဘက် Hotel မှာ Interview သွားဖြေရတယ်လို့။

ခြေရောလက်ပါ သွက်လိုက်တာပါလား နီနီညို။

သက်ပြင်းကိုကျိတ်ရှိုက်ကာ မြစ်ပြင်ကို မျက်နှာမူဆောက် ထားသည့် ကမ်းနားဘေးလမ်းရှိ အတ္တရံဟိုတယ်ဝင်းထဲသို့ ကား ကို သူမောင်းဝင်လိုက်ပါ၏။ Hall ခန်းထဲမှာပဲ ရှိနေကောင်း...

ကားကို ဆင်ဝင်အောက်မှာ ရပ်လိုက်တော့ ဟိုတယ် ဝန်ထမ်းလေးက ကားရွှေ့ပေးရန် သူ့နားကိုရောက်လာလေ...

''မင်္ဂလာပါခင်ဗျာ''

''ခဏလေးပဲ ရပ်တာပါညီ။ ကိုယ်အခုပဲပြန်ထွက်မှာပါ မကြာပါဘူး''





''ဪ. . . ဟုတ်ကဲ့ပါခင်ဗျ''

အပေါက်ဝတည့်တည့်မှာမရပ်ဘဲ ရှေ့နည်းနည်းတိုးကာ ဘေးကပ်ရပ်လိုက်တာမို့ အဆင်ပြေသွားပါ၏။ Hotel ထဲဝင်ကာ မျက်လုံးကို မနားတမ်းအလုပ်ပေးလိုက်ရလေသည်။

''မင်္ဂလာပါရှင်၊ အတ္တရံဟိုတယ်က ကြိုဆိုပါတယ်ရှင်''

''ဟိုလေ၊ Interview ဖြေတဲ့သူတွေ ဘယ်မှာရှိသလဲ''

''ရှင်''

''ဟိုထောင့်ချိုးကွေ့နားက မန်နေဂျာရုံးခန်းရှေ့မှာပါရှင်''

''ကျေးဇူး''

သူမေးတဲ့ Reception မှမိန်းကလေးက အံ့သြနေတာ မို့ ဘေးမှဝန်ထမ်းကောင်မလေးက ဝင်ပြောလိုက်လေ၏။ ညွှန် ပြလိုက်သည့်နေရာသို့ သူခပ်မြန်မြန်လျှောက်လာတော့ ခုံတန်း မှာ လူငါးယောက်ခန့်သာ ကျန်တော့လေသည်။

''ဟော!''

မျက်စိစုံမှိတ်ကာ File ကိုပိုက်ထားပြီး နှုတ်ဖျားမှ တမွှ မွှတ်နေသည့်(ဘုရားစာရွတ်ဖတ်နေသည့်)အပြာနုရောင်ကောင် မလေးက အုပ်စုထဲမှာ ထင်ထင်ရှားရှားလေး ထိုင်နေတာပါလေ။ ရှေ့တည့်တည့်မှ သူရပ်လိုက်သည်အထိ သူမက လုံးဝမသိသေး



www.burmeseclassic.com

www.burmeseclassic.com



ပါချေ။

"နီနီညို"

"ရှင်! လာပါပြီရှင့်. . . ဟင်"

ကမန်းကတမ်း ထရပ်လိုက်စဉ် သူ့ကိုဘွားခနဲမြင်သွားတာမို့ ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။ သူခေါ်လိုက်တာကို ရုံးခန်းထဲက Interview ဖြေရန် နာမည်ခေါ်တာလို့ ထင်နေ ဘာကိုး။

"အစ်ကို. . . အစ်ကိုကြီး၊ အဲ!. . . ဦးဘုန်းမြတ်သိဂ်"

"လာ. . . ပြန်ကြမယ်"

"ရှင်!"

"ပြန်မယ်လို့ပြောနေတယ်လေ၊ နားမလည်ဘူးလား"

"ဟို. . . ဟို. . . နို Interview"

"ဖြေစရာမလိုဘူး၊ ကိုယ့် Hotel မှာ ထွက်စာတင်ရုံ သုံးလကြိုတင်မှ နုတ်ထွက်လို့ရမှန်း မင်းမသိဘူးလား"

"ဟင်. . . ဟို. . . ဟို"

"ဘာမှပြောမနေနဲ့၊ သွားကြမယ်. . . လာ"

'မနီနီညိုရှိပါသလား"

နှစ်ယောက်သား မတ်တပ်ရပ်ပြီးပြောနေစဉ် အသံ





ဝန်ထမ်းကောင်လေး ထွက်ခေါ်ပြီမို့ သူမခြေလှမ်းပြင်လိုက်မိစဉ် သူက သူမလက်ဖျားကိုဆုပ်ကိုင်လျက် ဆွဲခေါ်လိုက်လေ၏။

"နီနီညို အလုပ်မလျှောက်တော့ပါဘူး။ ပြန်သွားပါပြီ"

"အစ်ကိုကြီး"

ရုန်းပင်မရုန်းနိုင်တော့ဘဲ သူဆွဲခေါ်ရာဆီ သူမအပြေးတစ်ပိုင်း လိုက်ပါလာခဲ့တော့၏။ လူတွေ မည်သို့မည်ပုံထင်ကြလေမည်မသိ။ လက်ဖျားဆီမှ နွေးထွေးမှုက နှလုံးသားထိတိုင် နွေးမြသွားတာကိုတော့ သူ့ကိုယ်သူ သိနေပြီလေ။

ပြဿနာပဲ ဘုန်းမြတ်သိဂ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

''နှင့်ကို ဘယ်လိုချော့ခေါ်ခဲ့တာလဲ''

''ပြောချင်ပါဘူး''

နောင်နောင်က ပြုံးစိစိဖြင့် နို့နားကိုကပ်ကာ ခပ်တိုးတိုးစနေတာမို့ မျက်စောင်းခဲလိုက်ပါ၏။ ဒီသတင်းမပုံ့ဘဲ ရှိပ့ါမလား။ သူ့ကို ဒီ Hotel က GM မှန်းဘစ်ဦးသိရုံနဲ့ တစ်မြို့လုံး သတင်းပျံ့ကုန်ပြီလေ။ ဟွန်း!. . . ပြောကိုမပြောချင်ပါဘူး။ အဲဒီနေ့က သူဆုပ်ကိုင်ခဲ့တဲ့လက်ဖျားရဲ့အထိအတွေ့ကြောင့် နှီ တစ်ညလုံးအိပ်မပျော်ခဲ့တာအမှန်ပါပဲ။

'မနက်ဖြန် အလုပ်ပြန်ဆင်းရမယ်'ဟူသည့် အမိန့်ဆန်ဆန်အပြောကိုလည်း ခေါင်းညိတ်ရုံအပြင် ဘာမှမတတ်နိုင်ခဲ့။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးပိုင်နင်းနိုင်လိုက်တာလို့ ပြန်ပြောချင်သည့်စကားလုံးကို ဘာတစ်ခွန်းမှမပြောနိုင်ဘဲ မျိုချခဲ့တာလဲ နီပါလေ။ ဘယ်လိုကြီးလဲ။ နို့ကိုမတူမတန်သလို အစ်ကိုနဲ့ဝေးအောင်ပြောခဲ့သည့်သူ့ကို နီ စိတ်ဆိုးနေတာပဲ။ ဘာကြောင့်များ သူတစ်ခွန်းပြောလိုက်တာနဲ့ ဒီခေါင်းက ဖျတ်ခနဲညိတ်ပြလိုက်မိတာပါလိမ့်နော်။

ရုက်ဖွယ်ကောင်းလေစွ။ ကိုယ်နဲ့အဆင့်အတန်းကွာသည့်သူ့ကို နီမော့ကြည့်နေရမှန်းသိနေပေမယ့် ဘာကြောင့်များ ခါးခါးသီးသီးပြန်မပြောခဲ့တာပါလိမ့်နော်။ လူပြောစရာတွေဖြစ်နေချေပြီ။

"မနီ"

"ဘာလဲ"

"သင်တန်းသွားတက်ရင် ဟိုဒါရိုက်တာရဲ့ကားနဲ့ အတူသွားမှာဆို"

"ဟယ်! ပေါက်ကရ၊ ဒီသတင်း ဘယ်ကရလာတာလဲ"

"သိဘူးလေ၊ အားလုံးပြောနေကြတာပဲ"

"မဟုတ်ပါဘူး သင်းသင်းရယ်၊ နီတို့မှန်လုံကားနဲ့ပဲ သွားကြမှာပါ"

"မိနီ"

"ပြော"





"နင် အကြီးလား အငယ်လား"

"ဘာကိုလဲ"

"နင်တွဲမယ့်လူက GM လား၊ ဒါရိုက်တာလားလို့ မေးနေတာလေကွာ"

"ဟာ! နင့်စကားကြီးက ဘာလဲနောင်ရာ၊ သူများတွေပြောနေရတဲ့ကြားထဲ နင်က တစ်မျိုး"

"တစ်ယောက်ယောက် မဟုတ်ဘူးလား"

"အိပ်မက်ထဲတောင် ယောင်မက်ခွင့်မရှိဘူး၊ ဝေးလေစွ"

"နီနီညို၊ GM ခေါ်နေတယ်တဲ့"

"ဟဲ!"

'ငါမပြောဘူးလား' ဆိုသည့်အဓိပ္ပာယ်နှင့် နောင်နောင်က မေးဆတ်ပြလိုက်တာမို့ ပခုံးနှစ်ဖက်အသာတွန့်ပြလိုက်ရလေ၏။ တော်ပါသေးရဲ့၊ ထမင်းစားတာလည်း ပြီးခါနီးပြီကိုး။

"နီနီညို"

"လာပြီဗျို့. . . လာပြီ"

သောက်ရေဖန်ခွက်ကို အမြန်မော့ချလိုက်မိတာမို့ ရေသီးသွားပါ၏။ တဟွတ်ဟွတ်ချောင်းဆိုးကာ အမြန်ထရပ်လိုက်ပြီး Hotel ထဲ အမြန်ပြေးဝင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမယ်လေးနော်! လူကို အလုပ်ပြန်ဝင်ခိုင်းပြီး အသားကုန်ခိုင်းစားတော့မယ့်ပုံစံမျိုးပါပဲလား။

တင်းထား နီနီညိုရေ၊ တင်းထား။ ကိုစည်သူသာ ပြန်ရောက်ရင် ဦးဘုန်းမြတ်သိင်္ဂီလည်း GO! ပါပဲ။ အစ်ကိုရဲ့ထက်မှာနက ခဏတာလာလည်တာမို့ တော့တာပါပဲလေ။ ဒီညီအစ်ကိုနှစ်ယောက်သာ ဌာနေကိုပြန်သွားခဲ့ရင် နီနဲ့ကောလဟာလသတင်းလည်း ရေထဲမြှုပ်မယ့်ခဲလုံးလို ပလုံခနဲမြုပ်ပြီး ပျောက်သွားတော့မှာပါ။

"ဘယ်မှာလဲ"

"ရုံးခန်းထဲမှာပေါ့"

အပြုံးညွှန်လိုက်တာမို့ GM ရုံးခန်းတံခါးကို နှစ်ချက်ဆင့်ခေါက်လိုက်ပါ၏။ အထဲမှ 'ဝင်ခဲ့ပါ'ဟူသည့်ခွင့်ပြုချက်မရတာမို့ နားစွင့်လိုက်ရပါသည်။ ဘာသံမှမကြားရပါလား။

"ခေါက်! ခေါက်! "

စိတ်ထဲထင့်သွားရတာမို့ Door lock ကိုလှည့်ဖွင့်ကာ အတွင်းသို့ ခေါင်းထိုးကာ ချောင်းကြည့်လိုက်ပါ၏။ ဘယ်သူမှလည်းမရှိပါလား။ အပြင်မှာရှိတာပဲထင်ပါရဲ့။ တံခါးကိုပြန်ပိတ်ရန် ခါးကိုပြန်မတ်လိုက်စဉ် ရုံးခန်းထဲမှညည်းသံသဲ့သဲ့ ကြားလိုက်





ရပါသည်။

"အင်း. . ."

အလို! ဘုရားရေ! အစ်ကိုကြီးတော့. . . အစ်ကိုကြီးတော့ တစ်ခုခုဖြစ်ပြီထင်ပါရဲ့။ အခန်းထဲပြေးဝင်ကာ စားပွဲနားကိုသွားတော့ ဆုံလည်ခုံဘေးမှာ ပုံခနဲလဲကျနေသည့်သူ့ကို လူးလိမ့်ရင်းဖြင့် မြင်လိုက်ရပါလေ၏။

"ဘုရား! ကယ်ပါ၊ အစ်ကို. . . အစ်ကိုကြီး၊ သတိရလားဟင်။ အစ်ကိုကြီး"

"အင်း. . . နီ"

မျက်လုံးဖွင့်ကာကြည့်ပေမယ့် ရီဝေဝေအကြည့်မို့ သူအသက်ရှုကျပ်နေမှန်း နီသိလိုက်ပါ၏။ လူပြေးခေါ်ရန် ရွယ်လိုက်စဉ် သူက နီ့လက်ကောက်ဝတ်ကို ဖျတ်ခနဲဆွဲထားလိုက်လေ၏။ အလိုလေး! လက်တွေလည်း အေးစက်နေတာပါပဲလား။ မျက်နှာတစ်ခုလုံးလည်း ချွေးစေးတွေ ပျံနေတာလေ။

"နီ. . . နီ"

"နီ ဆရာဝန်ခေါ်မှဖြစ်မှာအစ်ကိုကြီးရဲ့။ အားတင်းထားနော်၊ ဘာမှမဖြစ်ဘူး၊ သိလား။ နီရှိနေတယ်နော် အစ်ကိုကြီး"

ဝေဒနာခံစားနေရသည့်လူက မည်သို့နေမည်မသိ၊ ဘေး



www.burmeseclassic.com

www.burmeseclassic.com



က အားပေးနေသည့်နီက ရင်ထဲမှတင်းကျပ်လာကာ မျက်ရည်တွေ ပေါက်ပေါက်ကနေချေပြီ၊ ဒူးထောက်အနေအထားဖြင့် သူ့ကို ခပ်မတ်မတ်အနေအထားဖြင့် ထိန်းကိုင်လိုက်ပြီး Intercon ခလုတ်ကို လှမ်းနှိပ်လိုက်ပါ၏။

"အမိန့်ရှိပါရှင်"

"အပြူး. . . အပြူးရေ၊ ဆရာဝန်ကိုအမြန်ခေါ်ပေးပါ။ GM အသက်ရှူကျပ်နေလို့၊ အရေးပေါ်"

"ရှင်! ဟုတ်. . . ဟုတ်. . . မနီ၊ ခဏလေး"

ခဏလေးဟူသည့်အချိန်အတိုင်းအတာက ကမ္ဘာတစ်ပတ်လည်သမျှ ကြာနေပါရောလား။ သူ့ကိုလှုပ်ကာ တဖွဖွခေါ်နေရင်း ရှိုက်သံဖြင့် ဗလုံးဗထွေးမျက်ရည်ကျနေသည့်နီရယ်လေး

"လာပြီ. . . လာပြီ"

ဆရာဝန်ရော အကူတွေပါ ရောက်လာကာ စမ်းသပ်တော့ နီက ဖယ်ပေးလိုက်ရပါ၏။ နီ့ Uniform အင်္ကျီက လက်ဖျားကို ဆွဲဆုပ်ထားသည့်သူ့ကြောင့် နီ ရုန်း၍မရ၊ ဘယ်လိုလုပ်ရမလဲနော်။

"ဆေးရုံကိုပို့ရအောင်၊ နီနီညို့နော်၊ လိုက်ခဲ့ချေ"

"ဟုတ်"





ဒေါက်တာဇီဇဝါက နီ့ကိုခေါ်လိုက်တာမို့ သူ့လက်ကောက်ဝတ်ကို နီကိုင်ထားရင်း လိုက်ခဲ့ရတော့၏။ ဆေးရုံကားရောက်မလာခင်မှာ သူသက်သာအောင် အတတ်နိုင်ဆုံးပြုစုပေးထားတာမို့တော်ပါသေးရဲ့။ အစ်ကိုက ဘယ်ရောက်နေလဲ။ အရေးကြီးတဲ့အချိန်မှာမှ ပျောက်နေရတယ်လို့။

Ambulance (လူနာတင်ကား)ရောက်လာတော့ နီနှင့်အတူ လေးလေးပါ သူနှင့်လိုက်လာခဲ့ပါ၏။ Oxygen ပေးထားသည်မို့ ခါးပတ်ကြိုးပတ်စဉ် သူ့လက်က ရမ်းလိုက်တာမို့ နီက သူ့လက်ဝါးကိုဆုပ်ကိုင်ထားလိုက်ရလေသည်။ တကယ်ဆို ဒီနေရာမှာ မံမေစံပယ် ရှိရမှာပေါ့နော်။

Hotel က ဆရာဝန်ပင် ဦးဆောင်ပြီး ဆေးရုံအရေးပေါ်ခန်းထဲ ဝင်သွားကြလေ၏။ ဆေးကုခန်းအပြင်ရှိခုံမှာ ထိုင်ချလိုက်ပြီး ရှိုက်လိုက်မိတော့သည်။ ရင်ထဲမှာ မီးတောက်ကြီးမျိုချထားရသလို ပူလောင်လိုက်တာနော်။ ဘုရားသိကြား'မ'လို့ အစ်ကိုကြီးအသက်အန္တရာယ်မဖြစ်ပါစေနဲ့။

"ဟဲ့! ငိုမနေနဲ့လေ၊ ညည်းငိုနေတာနဲ့ ငါဘာလုပ်ရမလဲမသိတော့ဘူး"

"အစ်ကို့ကိုခေါ်လေ လေးလေးရဲ့၊ Rhone ဆက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



''အစ်ကို''

''ဩော်. . . လေးလေးအချစ်တော်ကိုတောင် မသိတော့ဘူးလား။ ကိုရဲထက်မာန်ကိုပြောတာလေ''

''အေးအေး. . . ဟုတ်သားပဲ''

လေးလေးက အိတ်ကပ်ထဲမှ Phone ကိုနှိုက်ယူကာ Phone ခေါ်နေလေ၏။ နီကတော့ ရသမျှဘုရားစာဘုရားဂါထာတွေကို အကုန်လုံးရွတ်ကာ မျက်စိမှိတ်ထားလိုက်ပါသည်။ ရွတ်သမျှ ဘုရားစာတွေကလည်း အစီအစဉ်မကျ ကမောက်ကမဖြစ်နေပါရောလား။

တစ်အောင့်အကြာမှာ အူယားဖားယားဖြင့် အပြေးအလွှားရောက်လာရသူက အစ်ကိုရယ်လေ။

''နီ''

''အစ်ကို. . . အစ်ကို''

''ဘယ်လိုဖြစ်တာလဲ''

''မသိဘူး၊ နီ. . . နီ ရောက်သွားတော့ အစ်ကို. . . အစ်ကိုကြီးက စားပွဲခုံနောက်မှာ လဲကျနေပြီ။ အင့်. . .''

''တိတ် တိတ်. . . မငိုပါနဲ့နီရယ်။ ကိုကြီးလဲကျတော့ခေါင်းမှာဒဏ်ရာရှိလား၊ သွေးတွေဘာတွေထွက်လားလို့မေးတာ''





''ဟင့်အင်း''

''သိပ်မငိုနဲ့လေ၊ နီ Shock ရသွားမှဟုတ်ပေ့ဖြစ်ကုန်မယ်။ ဆေးရုံရောက်နေပြီပဲဟာ။ စိုးရိမ်စရာမလိုလောက်တော့ပါဘူး''

''ရန်ကုန်ကို Phone ခေါ်ပေးရမလား ကိုရဲထက်''

''နေပါစေ ဦးအောင်မြိုင်၊ တော်ကြာ ဘဘရော ကြီးကြီးပါ စိတ်ပူနေဦးမယ်''

''မမေစံပယ်ကိုရော''

''ရတယ်၊ ကိုကြီးသက်သာပြီဆိုမှ ကျွန်တော်ပဲခေါ်လိုက်မယ်။ ကျေးဇူးပဲ''

''ရပါတယ်ဗျာ၊ ကိုယ့် GM ပဲဟာ''

''ဦးအောင်မြိုင်ပြန်ရင်ပြန်နှင့်လေ၊ တော်ကြာ Hotel မှာ လူကြီးမရှိသလိုဖြစ်နေဦးမယ်။ ကိုကြီးကို ကျွန်တော်နဲ့နီပဲစောင့်လိုက်ပါ့မယ်''

''ဖြစ်ပါ့မလား''

''ဖြစ်ပါတယ်၊ ရပါတယ်. . . ပြန်နှင့်ပါ''

နီမျက်ရည်တို့ကို လက်ဝါးဖြင့်ပွတ်သုတ်လိုက်ပါ၏။ အကဲပိုသလိုဖြစ်နေပြီလား။ မဟုတ်သေးပါဘူး။ ကိုယ့်သူဌေးအတွ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူပြီး ငိုမိတာပဲဖြစ်မှာပါလေ။ တော်ပါသေးရဲ့။ အစ်ကိုနဲ့လေး လေးက နို့ကိုခင်မင်တွယ်တာတဲ့ မိတ်ဆွေတွေမို့ နို့ကိုအထင်မလွဲ သည့်သူတွေမို့ပါလေ။

''တိ! ''

အရေးပေါ်ခန်း မီးပွင့်သွားတာမို့ ကုသခြင်းပြီးပြီမှန်း နို့သိလိုက်ပါ၏။ အစ်ကိုနှင့်အတူ ပြိုင်တူထရပ်လိုက်စဉ် တံခါး ပွင့်သွားပြီး ထရော်လီပေါ်မှ သတိမေ့နေသည့်အစ်ကိုကြီးကို မြင် ရချေပြီ။

''OK! ပါတယ်၊ စိတ်ချရပါပြီ''

အခုမှပဲ ရင်ထဲက အလုံးကြီး ဂလုခနဲကျသွားရတော့ ၏။ အထူးခန်းထဲရောက်သည်အထိ တစ်ချက်မှမလှုပ်ရှားသေး သည့်အစ်ကိုကြီးကို နို့အငေးသားကြည့်နေမိလေသည်။ နတ်ဒေါ တွေကို ကျေးဇူးတင်တာကိုတော့ နို့မမေ့ပါလေ။

''သူစားတဲ့အစားအသောက်ထဲမှာ မတည့်တဲ့အစာ ပါ လာလို့ပါ။ ဆေးရုံကို အချိန်မီရောက်လာလို့ ကံကောင်းသွားတာ ပဲ။ နောက်ထပ်မဖြစ်ရအောင် သတိပြုပေးပါ''

''ဟုတ်ကဲ့ပါ ဒေါက်တာ''

သရာပနိုက တာဝန်ကျ Nurse ကို မှာသင့်တာမှာပြီး





ထွက်သွားလေ၏။ အစ်ကိုနှင့်နို့က အစ်ကိုကြီးရဲ့ကုတင်ဘေးနားမှာ ငြိမ်သက်စွာထိုင်နေကြပေမယ့် စိတ်တွေကတော့ တုန်လှုပ်နေတုန်း ပါပဲလေ။

''ကိုကြီးရဲ့ Lunch ကို ဘယ်သူစီစဉ်ပေးတာလဲ''

''နို့မသိလိုက်ဘူး အစ်ကို၊ နို့ကို ဒီနေ့အလုပ်ပြန်ဝင်ပေ မယ့် အစ်ကိုကြီးက ဘာတစ်ခုမှခေါ်မခိုင်းပါဘူး''

''ဒါကြောင့်ကိုး၊ နို့ အမြဲစီစဉ်ပေးနေတုန်းကတော့ ဘာ အန္တရာယ်မှမဖြစ်ဘဲ နို့ကိုခေါ်မခိုင်းတာနဲ့ ပြဿနာဖြစ်ရတယ်လို့''

ဟုတ်ပါတယ်။ နို့အပြစ်ပါလေ။ နို့သာ အမြဲစီစဉ်ပေးနေ ရင် အစ်ကိုကြီးကို ဘာအန္တရာယ်မှမရှိမှန်း နို့အသိဆုံးပါပဲ။ ဘာ ကြောင့်လဲ။ နို့ကို အစ်ကိုကြီးဘာလို့ခေါ်မခိုင်းတာလဲ။ နို့မစီစဉ် ပေးတဲ့အစားအသောက်ကိုမှ ဘာကြောင့် အစ်ကိုကြီး သတိမထား ဘဲ စားမိလေသလဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

''နီ. . .''

''ဟင်! ဟင်. . . အစ်ကိုကြီး သတိရလာပြီလား၊ နေရတာ သက်သာရဲ့လားဟင်''

သူ့လက်မောင်းဘေးမှာ မေးခနဲအိပ်ပျော်သွားတာမို့ ရုတ်တရက်လန့်နိုးသွားရပါ၏။ ခေါ်သံကြောင့် ခေါင်းထောင်ကြည့်လိုက်ပေမယ့် အစ်ကိုကြီးက မျက်လုံးမဖွင့်သေးပါချေ။ ဘုရားရေ! နီ့ကို နီ့ကိုများ အစ်ကိုကြီးယောင်ခေါ်လိုက်တာပဲလား။ သို့တည်းမဟုတ် နီကိုယ်တိုင်ပဲ နားထဲမှာ ကြားယောင်ပြီး လန့်နိုးမိတာပဲထင်ပါရဲ့။

ရှက်လိုက်တာနော်၊ ဘစ်ယောက်ယောက်သာ မြင်သွားရင် နီတော့ အရှက်လုံးလုံးကြီးကွဲကုန်မှာ အသေအချာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



တွန့်ခနဲဖြစ်သွားတာမို့ ရင်ဘတ်ပေါ်မှစောင်ကို လည်ပင်းအထိ နီက အသာလေး ဆွဲတင်ပေးလိုက်စဉ် ညည်းသံက ထပ်ထွက်လာလေသည်။

"နီ. . ."

"ရှင်"

ခပ်တိုးတိုးပြန်ထူးကာ ရှက်ပြုံးလေးပြုံးလိုက်မိတော့၏။

ဟုတ်ပါတယ်၊ နီ့နာမည်ကို အစ်ကိုကြီးခေါ်လိုက်တာ အသေအချာပါပဲ။ တကယ်ဆို ယောင်ရမ်းထွက်ရမှာက အစ်ကိုကြီးရဲ့ချစ်သူ 'မေလေး'ဆိုသည့် 'မေစံပယ်ဖြူ'ကိုသာ ခေါ်ရမှာမဟုတ်လား ဘာလို့လဲ အစ်ကိုကြီးရယ်။ အသက်ဘေးနဲ့ဖြစ်နေစဉ်မှာ နီ့မျက်နှာကို မြင်လိုက်တာမို့ပဲ ထင်ပါရဲ့။

"အင်း. . . ဟင်းဟင်းဟင်း"

"အစ်ကိုကြီး. . . အစ်ကိုကြီး"

"ဟင်"

"သတိရလာပြီလား"

"နီနီညို"

"ဟုတ်ပါတယ်၊ နေရတာ သက်သာရဲ့လားဟင် အစ်ကိုကြီး"





"အင်း"

"အစ်ကိုက အစ်ကိုကြီးအတွက် ဆေးသွားဝယ်ပေးနေတာပါ"

ဘာစကားမှ ပြောစရာမရှိတာမို့ နီနှုတ်ဆိတ်သွားရတော့၏။ 'နီဖြင့် စိတ်တွေပူလိုက်ရတာ အစ်ကိုကြီးရယ်' လို့လှိုက်လှိုက်လှဲလှဲကြီး ပြောချချင်သည့်စကားလုံးတွေကို လည်မျိုထဲ ပြန်မျိုချလိုက်ရပါသည်။ စိတ်စေတသိတ်၏စေလိုရာကို လိုက်ရအောင် နီက စိတ်ကူးမယဉ်တတ်တဲ့ဘဝသမားဖြစ်နေတာမို့ပါလေ။

"နီနီညို"

"ရှင်"

"ကျေးဇူးသိပ်တင်တယ်"

ဒါပဲလား။ ဒါပဲပြောမှာပေါ့။ ဒုက္ခဖြစ်စဉ်မှာ နီ့ကိုသတိတရလှမ်းခေါ်နိုင်တာကိုပဲ နီကကျေးဇူးတင်ရမှာပါလေ။ နီအချိန်မီရောက်ခဲ့ရလို့ အခုလိုမျိုး အစ်ကိုကြီးကို အသက်ကယ်ခွင့်ရရှိခဲ့ရတာပါပဲ။ အိပ်ရာခင်းပေါ်တင်ထားသည့် နီ့လက်ဖျားအေးစက်စက်လေးကို သူခပ်နာနာလေး ညှစ်ကိုင်လိုက်လေ၏။

နွေးထွေးလေစွ။ နှုတ်ဖျားက စိမ်းသက်သည့်စကားလုံးတို့နှင့် ဆန့်ကျင်ဘက်ပြယုဂ်တစ်ခုပါပဲလား။ ပြောတော့ဖြင့် အဆင်



www.burmeseclassic.com

www.burmeseclassic.com



မတူဘူးဆို။ နှီလိုသာမန်အညတရဝန်ထမ်းလေးနဲ့ အစ်ကိုကြီးရဲ့ ညီကို ခပ်ဝေးဝေးနေရမယ်ဆို။ အခုတော့လည်း အစ်ကိုကြီးရဲ့ နွေးထွေးလွန်းလှတဲ့လက်ဖဝါးထဲမှာ အားကိုးတကြီးနဲ့ မေတ္တာတွေသက်ဝင်နေမှန်း နှီစိတ်ထဲ အလိုလိုသိနေတာကို နှီဘယ်လို လုပ်ရမလဲ။

အဝေးကြီးမှာနေဖို့ နှီကိုယ်တိုင်ဆုံးဖြတ်ခဲ့ပါလျက် ဒီလက်တစ်ဖက်ကပဲ နှီ့လက်ကိုကိုင်ပြီး အနီးဆုံးကို ဆွဲခေါ်စေခဲ့တာပါလေ။ ပြန်ရောက်လာဖြစ်ခဲ့တဲ့နှီ့ကို အစ်ကိုကြီးရဲ့အသက်ရှင်ဖို့ ပြဿနာဖြစ်တာကို မျက်မြင်သက်သေပြချင်လို့များလား။ ဘာသဘောနဲ့ပါလဲ အစ်ကိုကြီးရယ်။

''ငိုထားသေးလား''

''ရှင်. . . ဟင်! မငိုပါဘူး''

''ညာတယ်''

ဣန္ဒြေဆည်ထားရသည့်ကြားမှ လှစ်ခနဲပြုံးလိုက်မိပါ၏။ လူမမာစကားပြောနိုင်တာမို့ ဝမ်းသာပါရဲ့။ သို့သော် အခုလိုမျိုး နှီ့ကိုဂရုစိုက်သလိုဖြစ်နေတာကိုတော့ နှီအနေခက်လှပါသည်လေ။

''မျက်လုံးတွေ မို့နေတယ်လေ''

''အစ်ကိုကြီးက ထမင်းစားတာကို နှီ့ကိုဘာလို့ခေါ်မခိုင်း





တာလဲ၊ အားလုံးစိတ်ပူစရာဖြစ်ကုန်ပြီ၊ ဘာမှကြီးကြီးမားမားမဖြစ်တာဘဲ တော်သေး''

''အားနာလို့''

''ဟင်. . . ဘယ်လို''

''ကိုယ်ခိုင်းလွန်းလို့ မင်းအလုပ်ထွက်တာမဟုတ်လား''

ခိုင်းလွန်းလို့တဲ့လား။ မဟုတ်ရပါဘူး။ အမှန်တကယ်က အစ်ကိုကြီးရဲ့တားမြစ်ချက်ကြောင့် နှီက အလိုလိုနောက်ဆုတ်ပြီး လှည့်ထွက်ခဲ့ရတာပါရှင်၊ ဒါကိုသိသိကြီးနဲ့ ဘာကြောင့် ဤသို့ပြောရပါသနည်း။

''နှီက ဝန်ထမ်းပါ၊ အစ်ကိုကြီးတို့ခိုင်းသမျှ လုပ်ပေးရမယ့်တာဝန်က နှီတို့လုပ်ပေးရမှာပါရှင်''

မျက်နှာတည်သွားလေ၏။ မကြိုက်ဘူးလား။ နှီ့စကားထဲမှာ ဘာအမှားများ ပါနေလို့ပါလဲ။ အစ်ကိုကြီး မနှစ်သက်တဲ့စကားမျိုးကို နှီဘယ်လိုမှမပြောရဲတာလေ။

''နှီ အစ်ကိုကြီးဖြစ်စေချင်တဲ့အတိုင်း နေမှာပါ။ အစ်ကိုကြီးပြောတဲ့စကားကို နှီနားထောင်နာခံပါ့မယ်။ နှီ့ကိုယုံပါ''

''တောင်းပန်ပါတယ်''

''ရှင်!''



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ! တောင်းပန်ပါတယ်တဲ့။ ဘာကိုတောင်းပန်တာပါလိမ့်။ နီဘာမှနားမလည်တော့ပါလေ။ အစ်ကိုက ဘာလို့ခုထိပြန်မရောက်သေးတာလဲ။ အောက်ထပ်ခဏဆိုပြီး ခုထိမလာသေးတာ ဘာဖြစ်နေလို့လဲ။ အပေါက်ဝကိုလှည့်ကြည့်စဉ် ခပ်တိုးတိုးလေး စကားသံထွက်လာပြန်လေ၏။

''အစစအရာရာအတွက်ပေါ့''

''ဟင်! ဘာကိုလဲ''

''မင်းကိုထိခိုက်စေခဲ့တဲ့မေလေးကြောင့်ရော၊ ပြီးတော့ ညီနဲ့ပတ်သက်ပြီး မင်းကိုပြောခဲ့တာလေ''

နီ့မျက်နှာ နွေးခနဲပူသွားရပါ၏။ မေလေးကြောင့်တဲ့လား။ သူမ နီ့ကိုရိုက်ခဲ့တာကို အစ်ကိုကြီးသိနေခဲ့တာပေါ့လေ။ နှစ်ကြာသွားခဲ့ပေမယ့် နီကတော့ မနေ့တစ်နေ့ကလို အမှတ်တရနဲ့ နာကျင်နေတုန်းပါပဲ။

''မင်း စိတ်နာမယ်ဆိုလည်း နာလောက်ပါတယ်လေ။ ကိုယ်တို့က ပြုမိသူတွေကိုး''

''မဟုတ်တာ၊ နီမေ့ထားပါတယ်ရှင်။ စိတ်ထဲမှာ ဘာအမှတ်မှမထားထားပါဘူး။ တကယ်ပါ''

''သိချင်တယ်''





''ရှင်! ဘာကိုသိချင်တာလဲ''

''ညီ့ကိုမှုား''

လေသံက တစ်ဝက်တစ်ပျက်မှာ ရပ်သွားလေ၏။ ဘာကိုဆိုလိုသလဲဆိုတာကို နီ သဘောပေါက်ပြီးသားပါလေ။ နောက်ဆုံးတော့လည်း အလွှာဆိုတဲ့အရာက အစ်ကိုကြီးရဲ့စိတ်အစုံကို ဖုံးအုပ်ကွယ်ဝှက်ထားတာပါပဲလား။ မစိုးရိမ်ပါနဲ့ရှင်၊ နီ့ရင်ထဲမှာ ရှိနေတဲ့သူက အစ်ကိုမှမဟုတ်တာလေ။

''အစ်ကိုက နီ့ကိုဘာမှဖွင့်မပြောပါဘူး''

''မဟုတ်ဘူးလေ''

''မစိုးရိမ်ပါနဲ့ အစ်ကိုကြီး၊ နီ အစ်ကို့အပေါ်မှာ အစ်ကိုရင်းတစ်ယောက်လိုစိတ်ပဲ ရှိပါတယ်''

ခေးဘူးတွေကိုင်ထားရင်း တံခါးအသာဖွင့်လိုက်ရာမှ သူရပ်လိုက်ရပါ၏။ 'အစ်ကိုရင်းတစ်ယောက်လိုစိတ်' တဲ့လား နီ။ ကိုယ့်ဖွင့်ပြောမှာကို ကြိုသိနေလို့ ကိုယ့်ကိုစကားပိတ်ခဲ့တာကိုး။ ကိုယ်က. . . ကိုယ်က ကိုကြီးတားမြစ်ခဲ့လို့ နီကများ ခေါင်းခါခဲ့တာလို့ ထင်ခဲ့တာပါ နီ။



www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် ဟိုကောင်လေးကရော''

''ရှင်''

''ဟိုချာတိတ်ကိုပြောတာလေ''

''နောင်နောင့်ကိုပြောတာလား''

''ဟုတ်တယ်''

''နောင်က နီနဲ့ပခုံးဖက်ပြီး ပေါင်းသင်းခဲ့တဲ့ငယ်သူငယ်ချင်းပါ။ ပြီးတော့ သူ့မှာ ချစ်သူရှိပြီးသားပါ''

''ဩော်''

ကြည့်စမ်း! ဒီမေးခွန်းကို ကိုကြီးဘာကြောင့်မေးရတာပါလဲ။ ဘာသဘောနဲ့လဲ။ သူ့ကိုမေးတာကိုတော့ ထားပါတော့။ ဘာကြောင့် နီနဲ့နောင်နောင့်ကို သံသယမေးခွန်းကိုမှ မေးရပါသလဲ။ ထူးဆန်းလေစွ။

''အစ်ကိုနဲ့အစ်ကိုကြီးက ဒီမြို့ရဲ့ဧည့်သည်တွေပါပဲ အစ်ကိုကြီးရယ်၊ အချိန်တန်ရင် ဒီနေရာကိုကျောခိုင်းပြီး အိမ်ပြန်ကြမယ်ဆိုတာကိုလည်း နီသိထားပါတယ်။ နီက ဒီမြေကိုနင်း ဒီသကိုသောက်၊ ဒီလေကိုရှူပြီး ဒီနေရာလေးမှာပဲ ကျန်ရစ်ခဲ့ရမှာပါလေ။ ဒီတော့''

စကားကိုရပ်လိုက်ပါ၏။ အားတင်းနေလေသလား ဆ





ဟာဟာတံခါးကိုမြင်သာအောင် သူ့အသာတွန်း၍ လှမ်းကြည့်နေမိသည်။ ကုတင်ဘေးမှာ မတ်မတ်ရပ်သည့်အနေအထားဖြင့် Drip ပုလင်းကို ခပ်ငေးငေးကြည့်ကာ စိတ်နှင့်လူမကပ်သလို ပြောနေတာကတော့ နီရယ်လေ။

အလို! နီ့ကို မျက်ဝန်းလဲ့လဲ့တို့ဖြင့် စူးစိုက်စွာကြည့်နေတာက ကိုကြီးပါလား။ အဘယ်ကြောင့် ဒီလိုသံယောဇဉ်မျက်ဝန်းတို့ဖြင့် နီ့ကို ကိုကြီးစူးစူးစိုက်စိုက်ကြည့်နေရပါသလဲ၊ ဘာသဘောလဲ ကိုကြီးရာ။

''ဘယ်သူ့စိမ်းကိုမှ သံယောဇဉ်မတွယ်မိအောင် နီတို့မော်လမြိုင်သူတွေက ကြိုးစားရမှာပေါ့။ မဖြစ်မနေကြိုးစားရမယ်လို့ နီဆိုလိုတာပါ။ နီက. . . နီက ပျော်ရွှင်မှုကိုပဲ အမြဲပိုင်ဆိုင်ချင်တဲ့သူပါ။ မျက်ရည်တွေ ဝမ်းနည်းမှုတွေ အလွမ်းတွေကို နီလုံးဝမလိုချင်ဘူး။ နီ. . . နီ့ဖေဖေဆုံးသွားကတည်းက ဖေဖေ့ကိုလွမ်းခဲ့ရတဲ့ဒဏ်ရာက ခုချိန်ထိ နီ့. . . နီ့နှလုံးသားထဲမှာ ရှိနေတုန်းပါပဲ အစ်ကိုကြီးရယ်။ ဒီ့ထက် ဒီ့ထက်ပိုပြီးဆိုးဝါးလွန်းတဲ့ဝေဒနာတွေကို နီလက်သင့်မခံနိုင်တော့တာအမှန်ပါ''

ရင်ထဲမှာ အောင့်သက်သွားရပါ၏။ ပါးပြင်ထက် စီးကျသွားသည့်မျက်ရည်တို့ကို သုတ်ဖို့ပင် နီသတိမပြုမိသလိုပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေက ဘယ်ကိုများလွင့်ကုန်ပြီလဲ။ ကိုကြီးက နှီလက်ဖျား လေးကို ဆွဲယူလိုက်တော့မှ သတိဝင်သွားပြီး မျက်ရည်တို့ကို ကမန်းကတန်းသုတ်လိုက်သလို လက်ကိုလည်း ပြန်ရုတ်လိုက် လေ၏။

ပြောတော့ မတူဘူးမတန်ဘူးဆို၊ အဆင့်အတန်းခွဲခြား တတ်တဲ့ကိုကြီးက ဘာကြောင့် နှီလက်ဖျားကိုမှကိုင်ချင်ရတာလဲ။ ဘာကြောင့် ဒီလိုညို့ငင်ငြိတဲ့မျက်ဝန်းမျိုးနဲ့ နှီကိုကြည့်ရတာလဲ။ ဘာကြောင့် စကားမာမာပြောတတ်တဲ့ကိုကြီးက နှီကို အခုလို လေပြည်လေးနဲ့များ ပြောနေရတာလဲ။ ဘာကြောင့်ပါလဲ ကိုကြီး ရယ်။

"Phone မြည်သံ ကြားရတယ်"

"အိတ်ထဲမှာ"

နှီက ကိုကြီးရဲ့ Coat အင်္ကျီချိတ်ထားသည့်ချိတ်မှ လှမ်း ယူကာ အိတ်ထဲက Phone ကိုနှိုက်ယူလိုက်ပြီး Phone ကိုကြည့် ကာ မျက်နှာကွက်ခနဲပျက်သွားလေသည်။ ဘယ်သူ့ Phone မို့ အခုလို နှီမျက်နှာပျက်ရပါသလဲ။

"ဘယ်သူလဲ"

"မေလေးတဲ့"





ခပ်တိုးတိုးမြေသံက အဖျားမှာ တုန်ခါသွားတော့ အသိ သာကြီးပါလေ။ စံပယ့် Phone တဲ့။ ကိုကြီးဘာပြောမှာပါလိမ့်။ နှီကိုတော့ Phone ကိုင်ခိုင်းရင် ပြဿနာထပ်ဖြစ်တော့မှာလေ။

"ပိတ်လိုက်ပါ"

"ရှင်!"

"ကိုယ်မပြောချင်လို့ပါ နှီနှီညို"

"ဟုတ်ကဲ့"

အလို! ပိတ်လိုက်တဲ့လား။ ကိုယ့်ချစ်သူတစ်ယောက်လုံး အဝေးတစ်နေရာကနေ Phone ခေါ်နေတာကို ကိုကြီးက စကား မပြောချင်ဘူးတဲ့။

စပယ်သာသိရင် ဒေါသချောင်းချောင်းထွက်ပြီး သတိ လစ်သွားလောက်တဲ့အပြုအမူမျိုးဖြစ်နေတာလေ။

ရင်ခုန်ဖက်ဖြစ်သည့်မိန်းကလေးကို ဥပေက္ခာပြုနိုင်သတဲ့။ 'ကျွန်တော့်နှီကိုများ ကိုကြီးစိတ်ဝင်စားနေသလား' ဆိုတုန်းက မျက် လုံးပြူးပြီး 'ဘာ' ဆိုတဲ့ အာမေဋိတ်သံနဲ့ မျက်နှာနီခဲ့သည့်ကိုကြီး ရဲ့မျက်နှာကို သူ့အာရုံထဲမှာ ပြန်မြင်ယောင်နေမိလေ၏။

ဟုတ်တယ်၊ သေချာနေပါပကော ဦးဘုန်းမြတ်သိင်္ဂီ။ ကိုကြီးရဲ့ရင်ထဲမှာ မေစပယ်ဖြူမဟုတ်တဲ့ တခြားမိန်းကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရှိနေပြီဆိုတာကို ကိုကြီးသိပါရဲ့လား။

နှီကို ကိုကြီးချစ်နေပြီဆိုတာကို ကျွန်တော် သိနေပါပြီ ကိုကြီးရယ်။

❀❀ ❀❀ ❀❀



## အခန်း (၂၄)

'သမင်လည်ပြန်'လို့ပဲခေါ်ရမလား။ ဒါမှမဟုတ် 'ခြသေ့်လည်ပြန်'လို့ပဲသုံးရမလား။ ဒီလိုမှမဟုတ်ရင် 'တတိယမွိုခြေဦးလှည့်ခွင့်'လို့ပဲ အမည်တပ်ရမယ်ထင်ပါရဲ့။

ဘာဖြစ်လို့လဲဆိုတော့ ဒီအိမ်ဒီခြံရှေ့ကို တတိယအကြိမ်မြောက် သူရောက်ခဲ့ရပြန်တာလေ။ ရင်တွေ တဒိန်းဒိန်းနဲ့ ခုန်လိုက်တာနော်။ အခုမှ (၁၆)နှစ်သားကောင်လေးလို ရင်တွေက တဆတ်ဆတ်တုန်နေရတဲ့အဖြစ်မျိုးနဲ့ ကြုံနေရတယ်လို့။

''ကိုကြီး နှီကိုချစ်နေပြီ''

''ဘာကွ!''

''ဝန်ခံလိုက်စမ်းပါဗျာ၊ ကိုကြီးအကြည့် ကိုကြီးရဲ့အပြုံးတွေကိုမြင်ရုံနဲ့ ဘေးလူတောင် အလိုလိုသိနေပြီ''



www.burmeseclassic.com

www.burmeseclassic.com



''ရဲထက်!''

ဆေးရုံကုတင်ထက်မှ သူ့အသံကုန်အော်ထည့်မိလိုက်တာလေ။ နလံထလူနာကို ဒေါသထွက်အောင် လာစနေရတယ်လို့။

''ညာနေချင်သေးလား''

''မင်းနော်၊ မဟုတ်တာတွေ လျှောက်မပြောနဲ့ကွ''

''ဟင်းဟင်း. . . ညာတဲ့နေရာမှာ ကိုယ့်ကိုယ်ကို ညာခဲ့တဲ့လူက အနာဆုံးပဲတဲ့ ကိုကြီးရ''

''ကျစ်!''

''ကျွန်တော့်ကို နိမချစ်နိုင်မှန်း ကျွန်တော်သိထားပြီးသားပါ။ ဒါပေမဲ့ သူ့သူငယ်ချင်းနဲ့လိုက်အူတိုတဲ့အထိတော့ တစ်ခါမှ မလုပ်ခဲ့ မပြောခဲ့မိတာအမှန်ပဲ''

''ငါကရော ဘယ်တုန်းက ပြောမိလုပ်မိခဲ့လို့လဲ၊ ပြော စမ်းပါဦး''

''ဩော်. . . ကိုကြီး. . . ကိုကြီး''

''ရဲထက်! မင်းနော်. . . အစ်ကိုကိုများ စရာ နေရာ စရာ တင်နေ''

''ဝန်မခံချင်လည်း ရပါတယ်ဗျာ၊ ကျွန်တော်က အသာ





အစ်အောက်ပြီး မေးစရာမလိုပါဘူး။ နိုကို ကိုကြီးစူးစိုက်ကြည့်နေကတည်းက သိလိုက်တာ။ ဘယ်လိုလဲ၊ အခု သူရောက်မလာတော့ ရင်ထဲမှာ ဟာတာတာနဲ့ ဘာလိုလိုကြီးဖြစ်မနေဘူးလား''

''မင်း. . .''

''ကိုယ်ချင်းစာပေါ့ဗျာ၊ သူလည်း ကိုကြီးကိုပြုစုနေရလို့ ပင်ပန်းနေပြီ။ ဒါကြောင့် ဦးအောင်မြင့်က နိုကိုခွင့်နှစ်ရက်ပေးပြီး နားခိုင်းလိုက်တာ။ ပြောလို့မရဘူး၊ လူမမာကိုပြုစုရလို့ ပင်ပန်းလွန်းပြီး ဖျားရင်ဖျားနေမှာ။ ကိစ္စမရှိပါဘူးလေ၊ နိုဖျားရင် ဟိုချာတိတ်က ပြန်ပြုစုပြီး အခုလောက်ဆို ဆန်ပြုတ်ခွံ့ကျွေးချင်ကျွေးနေမှာပေါ့''

ဘေးနားမှာရှိသည့်ပန်းသီးဖြင့် ညီဖြစ်သူကို ပေါက်မိတဲ့အထိ ဖြစ်ခဲ့တာပါ။ ဟိုချာတိတ်က ဆန်ပြုတ်ခွံ့မှာတဲ့။ မဟုတ်ပါစေနဲ့။ နိုလည်း မဖျားရဘူးနော်။ ဖျားလို့မဖြစ်ဘူး။ တော်ကြာ ညီပြောသလို တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ။

ပြီးတော့ အဲဒီချာတိတ်က နိုတို့အိမ်နဲ့ မျက်နှာချင်းဆိုင်မှာ နေတာတဲ့။ ပြီးတော့ ဒီရက်မှာပဲ ပိုတိုက်ဆိုင်နေတာက နောင်နောင့်ရဲ့ OFF ရက်တဲ့လေ။ နှစ်ရက်ကြီးများတောင် ဒီမျက်နှာလေးကို မမြင်ရဘူးတဲ့။ မနေနိုင်ဘူး။ ဆရာဝန်ကိုအတင်းပြော



www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်ရက်ပဲ လူးလိမ့်နေခဲ့ပြီး နောက်နေ့မှာ သူဆေးရုံဆင်းခဲ့တာပါ။

ညီကတော့ ရန်ကုန်က အရှုပ်ကိုရှင်းရဦးမယ်ဆိုပြီး ဒီမနက်အစောကြီးပဲ ရန်ကုန်ကိုပြန်သွားလေရဲ့။ ဒီတော့ ဆေးရုံမှာ သူဘာဆက်လဲနေစရာလိုတော့မှာလဲ၊ မြင်ချင်တဲ့မျက်နှာလေးရှိရာကိုသာ ချီတက်ရုံရှိတော့တာပေါ့။ မဟုတ်ဘူးလား။

ကြည့်စမ်း! ရှေ့အိမ်က တံခါးတွေအကုန်ပိတ်ထားတာပါလား။ ဟိုကောင်လေးက နီတို့အိမ်ကိုများ ရောက်နေပြီလားနော်။ စိတ်တိုချင်လာပြီ။ ဘေးနားမှာ ရန်လုပ်ရအောင် ညီကလည်း မရှိတော့။ နီတို့အိမ်ကလည်း တိတ်ဆိတ်ငြိမ်သက်လို့ပါလား။ လူရိပ်လူယောင်တောင် မမြင်ရပါလားနော်။

'ပန်းဖက်ပြီး ကြီးပြင်းလာတဲ့သူငယ်ချင်း'တဲ့။ ဟုတ်လို့လား။ နှစ်ယောက်စလုံးကိုမတွေ့တာမို့ နှစ်ယောက်သား Date ပြီး ဆိုင်ကယ်တစ်စီးနဲ့ မြို့ပတ်ပြီးလည်ရင်တော့ သူတော့မှာပဲနော်။ ဘယ်သွားနေလဲ နီနီညို။

"ဟပ်ချိုး!"

ဟော! ခြံထဲက ရွက်လှပင်တန်းနောက်မှ နှာချေလိုက်သံကြောင့် သူခြံထဲကိုလှမ်းကြည့်လိုက်ပါ၏။ အပင်တွေပိတ်နေ





တာမို့ သေသေချာချာမမြင်ရပါလေ။ ခက်လိုက်တာနော်။ ပြောတောဖြင့် သာမန်ဝန်ထမ်းအညှတရလေးပါဆို။ အခုတော့ အိမ်အောက်ခြေဝန်ထမ်းကောင်မလေးရဲ့မျက်နှာလေးကိုတောင်မှ သူမမြင်ရပါလား။

"သမီးရေ၊ နေစောင်းနေပြီ။ ရေကိုင်တာ တော်သင့်ပြီပေါ့။ တော်ကြာ အအေးမိနေဦးမယ်။ ခေါင်းလျှော်ပြီးမှ ပန်းပင်တွေ ထပ်ကိုင်နေရသလား"

"ပြီးပြီမေမေရေ့၊ ပြီးပြီ။ ဒီတစ်ပင်လေး ခွဲနေတာမို့ပါ"

"ဟပ်!. . . ဟပ်ချိုး. . . အဲ"

နှာချေလိုက်ပြီး ဖျတ်ခနဲမတ်တပ်ရပ်လိုက်မှပဲ နီ့ကိုသူမြင်ရတော့တာလေ။ ဟုတ်ပါရဲ့၊ ခေါင်းလျှော်ထားတာကိုခြောက်အောင် မသုတ်တာမို့ ဆံပင်တို့က အချောင်းလိုက်လေး ဖြစ်နေသေးတာလေ။ ဒုက္ခပါပဲ၊ ဒီကောင်မလေး ရောဂါကိုရှာချင်ရတယ်လို့။

"ဟယ်! အစ်ကိုကြီးလာတယ်၊ နေကောင်းသွားပြီလား။ ဆေးရုံက ဆင်းခွင့်ရလို့လား။ နီလည်း လေးလေးခွင့်ပေးတာနဲ့ အိမ်မှာ နားလိုက်လို့လေ။ အစ်ကိုကြီးကို လာကြည့်မယ်ဆိုတာတောင်မှ"



www.burmeseclassic.com

www.burmeseclassic.com


စကားကို ရပ်သွားလိုက်လေ၏။ ရပ်မှာပေါ့။ သူက နို့ ကိုအကြာကြီး ငေးပြီးကြည့်နေတာလေ၊ ဒုက္ခပါပဲ၊ ပခုံးထက်မှာ သဘက်တင်ထားပေမယ့် လက်မှာက မြေကြီးတွေကိုင်ထားလို့ ပေနေတာလေ။

''အစ်ကိုကြီး''

''. . .''

''အစ်ကိုကြီး''

''ဟင်''

''နေကောင်းရဲ့လားဟင်''

'အင်း''

''အိမ်ထဲဝင်လေ၊ အိမ်ပေါ်မှာ မေမေရှိတယ်။ အခု ညစာစားကြတော့မလို့''

'အင်း''

'လာလေ''

တံခါးဖွင့်ပေးမှ ဝင်လာလေ၏။ နို့မျက်နှာကို ခုချိန် ငေးနေတုန်းပါပဲလား။ အစ်ကိုကြီးဘာများဖြစ်လာပါသလဲ။

''အစ်ကိုရော ပါမလာဘူးလား''

''ဟင့်အင်း. . . ရန်ကုန်ပြန်သွားပြီ''

''ဩော်''

''ကိုယ်လည်း မလွမ်းချင်ဘူး''

''ရှင်! ''

''လွမ်းရတဲ့အရသာက ဘာလဲဆိုတာကို ကိုယ်သိနေပြီ၊ ဒီနေရာက နာနာကျင်ကျင်ကြီးဖြစ်တာ သိပ်ခံရခက်တာပဲ''

ဘယ်ဘက်ရင်အုံနေရာကို ပုတ်ပြလိုက်တာမို့ အံ့သြသွားရာမှ နို့မျက်နှာ အလိုလိုနွေးလာရလေ၏။ ဘာသဘောပါလဲ။ သူ့မှာ စေ့စပ်ထားပြီးသားချစ်သူတစ်ယောက်လုံး ရှိနေပါလျက် ရင်ဘတ်ထဲက စကားတွေကို နို့ကိုလာပြောပြနေရတယ်လို့။

''နို့သိတယ်မဟုတ်လား''

''ဟင်! နို့က ဘာကိုသိရမှာလဲ''

''ညီပြောတော့ နို့သိတယ်ဆို''

ဩော်. . . ဒုက္ခပါပဲ၊ ဘာပြောလို့ ဘာကိုနားလည်ရမယ်မှန်း နို့က ဘယ်သိလို့ရမှာလဲ။ ဒီလူကြီးကတော့ ဆေးရုံကဆင်းလာပြီး ဦးနှောက်များ ချောင်သွားပြီလား။

''ကိုယ်မပြောလည်း နို့က အလိုလိုသိနေပြီသားလို့ ညီကပြောလို့ လာခဲ့တာ''

အင်း. . . မသိယောင်ဆောင်လို့ မဖြစ်တော့ပါလားနော်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါဘူးလို့ ဆေးရုံပေါ်မှာ သေချာရှင်းပြခဲ့ပါလျက် ခုတော့ အိမ်ကိုပေါက်ချလာတော့တာလေ။

"အစ်ကိုကြီးနဲ့မမစပယ်တို့ လက်ထပ်ကြတော့မယ်လို့ နို့ကို အသိလာပေးတာလားဟင်"

မျက်မှောင် တွန့်ချိုးသွားလေသည်။ တမင် စကားလမ်းကြောင်းလွှဲလိုက်တာမှန်း သူသိလောက်မှာပါလေ။ နို့က ရိုးလွန်းပါတယ် ဦးဘုန်းမြတ်သိဂ်ါ။ ပရိယာယ်မကြွယ်ဝတဲ့ ခပ်နုံနုံကောင်မလေးကို ချောင်ပိတ်မိစေတဲ့စကားလုံးတွေနဲ့ ဖို့မသတ်ချင်ပါနဲ့လား။

"ခေါင်းကို ဘာလို့ ရေခြောက်အောင်မသုတ်တာလဲ"

"အဲ. . ."

"ပေး. . . ကိုယ်သုတ်ပေးမယ်"

ဟောကြည့်! နို့ဘာမှမပြောရသေးခင် ပခုံးပေါ်မှာသဘက်ကို ဆတ်ခနဲဆွဲယူပြီး နို့ဆံပင်တွေကို သုတ်ပေးနေချေပြီ။ လုပ်ချလိုက်ပြန်ပြီကော။ ဟိုတစ်ခါ အတ္တရံဟိုတယ်မှာတုန်းကလိုပ် ပိုင်စိုးပိုင်နင်းနဲ့ အပြုအမူလုပ်ပြန်လေပြီ။

"အစ်ကိုကြီး"

"ငြိမ်ငြိမ်နေစမ်းပါ"





"ဟိုလေ၊ မမစပယ်နဲ့"

"တိတ်တိတ်နေ"

ဘယ်လိုကြီးလဲ။ ဟိုမှာတစ်ယောက်၊ ဒီမှာတစ်ယောက် ထားသလိုမျိုးဆိုရင်တော့ နို့က မျက်နှာပျက်ရတော့မှာပါလား။ ခဏတာဝင်ရပ်ရအောင် နို့က ရထားရပ်တဲ့ဘူတာရုံမှမဟုတ်တာလေ။

"အစ်ကိုကြီး"

"ဘယ်လိုဖြစ်နေတာလဲ၊ သိပ်ခေါ်လို့ကောင်းနေတယ် ပေါ့လေ။ စိတ်ချ! တစ်သက်လုံးခေါ်လို့ရစေရမယ်"

"ရှင်!"

တစ်သက်လုံးတဲ့။ ဟုတ်ပါတယ်၊ တစ်သက်လုံးအတွက် ရည်စူးပြီး ပြောလိုက်တာပါ နို့။ လျှာဖျားလေးနဲ့ပြောလိုက်တာမျိုး မဟုတ်ရပါဘူး။ ဒီရင်ဘတ်ကြီးထဲကနေ လှိုက်လှိုက်လှဲလှဲကြီးပြောဖြစ်လိုက်တာပါကွယ်။

"မမ. . . မမစံပယ်နဲ့ကိုကြီးက"

"စေ့စပ်ကြောင်းလမ်းဖျက်သိမ်းဖို့ ညီ ပြောပေးမှာတဲ့"

"ဟင်!"

"ကိုယ်နဲ့မေလေး. . . ကျွတ်! အင်း. . . ပေစံပယ်ပြော"



www.burmeseclassic.com

www.burmeseclassic.com



ပူသိရှင်ကြား တရားဝင်စေ့စပ်ထားတာမျိုးမှမဟုတ်တာ။ ပြီးတော့ သူ့ကို ကိုယ်တကယ်ချစ်တာမဟုတ်ဘူး''

''ဘယ်လို''

''ကိုယ်တကယ်ချစ်တာက''

''သမီးရေ. . . တက်မလာသေးဘူးလား''

အန်တီ့ခေါ်သံ ထပ်ထွက်လာတာမို့ သူတို့စကားပြတ်သွားရလေ၏။ သူ့ကိုမော့ကြည့်နေပါသည့် မျက်ဝန်းနက်တောက်တောက်ကလေးတွေ။ ပြီးတော့ သူခြောက်အောင်သုတ်ပေးနေည့် ဆံနွယ်စင်းစင်းပျော့ပျော့လေးတွေ။ နောက် ဆည်းဆာချိန် ပုစွန်ဆီရောင်တိမ်တောက်ချိန်က တကယ့်ကို လှပသည့်ပန်းချီ ားတစ်ချပ်လိုပါနှယ်။

''မပြောလည်း သိတယ်မဟုတ်လား''

''သိပါဘူး''

''မသိရင်''

''အို!. . . အစ်ကိုကြီးနော်''

နဖူးပြင်ကို ဖျတ်ခနဲငုံ့မွှေးလိုက်မိ၏။ ကြိုတင်ကြံစည် င်းပျိုးမဟုတ်ရပါ။ စိတ်စေရာညွှန်သည့်အတိုင်း လုပ်မိလိုက် ပါလေ။





ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွထုလိုက်ပါသည့် ကောင်မလေးကို သူအသာထွေးဖက်ထားလိုက်မိပါ၏။

ရင်တွင်းမှ တဒိန်းဒိန်းခုန်ပေါက်သံကို နိုကြားပါလေစ။ တစ်သက်လုံးအတွက် ထွေးဖက်ခွင့်ရပါရစေ နို။ တစ်ဘဝလုံး အတွက် ဖေးမထိန်းမတ်ပြီး နို့ဘဝကိုဦးဆောင်တဲ့ အိမ်ထောင်ဦးစီးရာထူးကို ကိုယ်သာ အပိုင်ယူပါရစေလား။

နိုနိုညို့ရဲ့ဘဝသခင်ဟာ သူသာလျှင် ဖြစ်ပါရစေလေ။

ပြီးပါပြီ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လေးစားလျက်....

15th Jan 2013

Am 1:45

(ဤဝတ္ထုတွင်ပါဝင်သော "မြေထဲပင်လယ်ဟိုတယ်"
စာရေးသူ၏စိတ်ကူးယဉ်မှုသာ ဖြစ်ပါကြောင်း...)

## မယ်ခိုင် ထွက်ပြီးသောစာအုပ်များ

၁။ ချစ်သူ့ပေပဖူးလွှာ
၂။ ရည်းစားဦးကျိန်စာ
၃။ ထစ်ချုန်းမိုး
၄။ သဲမုန်တိုင်းရဲ့နှလုံးသားစိန်ခေါ်သံ
၅။ အိုအေစစ်ကိုရှာဖွေကြသူများ
၆။ နှလုံးသားတွန်သံ
၇။ ဆူးမဲ့နှင်းဆီ (ဗီဒီယို)
၈။ အပြုံရောင်သက်တံ
၉။ မိပုရားလားဖေကာရီ
၁၀။ ကြယ်တစ်ပွင့်နှင့်တွေ့ဆုံခြင်း (ဗီဒီယို)
၁၁။ ပန်နှင်ချစ်သူ
၁၂။ ကဗျာလွှတ်ပွဲတော်
၁၃။ ပထမ မဟုတ်သော ပထမလူ
၁၄။ တောသူလေး
၁၅။ မြူနှင်းလိုလေလိုတိမ်လို
၁၆။ ပေါက်ပန်းပမာ
၁၇။ ရင်ပွင့်ချိန်
၁၈။ နှင်းပွင့်ဒိုင်ယာရီ
၁၉။ ဥက္ကာပျံနှလုံးသား
၂၀။ မျဉ်းပြောင့်များ
၂၁။ သမိုင်းကာရာဇဝင် (ဗီဒီယို)
၂၂။ ကာလတစ်ခုဒ်

www.burmeseclassic.com

www.burmeseclassic.com

၂၃။ ဖယောင်းတိုင်လေးငိုသည်းချိန်
၂၄။ နီဒါန်းသဝဏ်လွှာ
၂၅။ မျက်လွှာကိုချကာ ပင့်သက်ကိုရှိုက်၍
၂၆။ ဒဏ္ဍာရီထဲက သဲပွင့်ကြွေသံ
၂၇။ အလွမ်းသီတဲ့ကြိုး
၂၈။ မျက်နှာစိမ်းချစ်သူ
၂၉။ ကွက်လပ်ဖြည့်ပါ
၃၀။ ကျွန်မနင့်သူတို့
၃၁။ ဟန်ဆောင်နှလုံးသား
၃၂။ ကြယ်တံခွန်ထဲကခရုအိမ်
၃၃။ မှောင်မိုက်သောကောင်းကင်
၃၄။ ပျော်ရွှင်ခြင်းနေ့သစ်များ
၃၅။ မေးစေက်ခွင့်
၃၆။ မမြင်ရတဲ့အလှစစ်
၃၇။ ညချမ်းထဲကမိန်းကလေး
၃၈။ လမင်းနှင့်နေမင်းတစ်လှည့်စီကြီးစိုးသောကမ္ဘာ
၃၉။ အပြုံရောင်မေတ္တာ
၄၀။ မုန်တိုင်းတစ်ခုဏ်နောက်ကွယ်တွင်
၄၁။ ချစ်မိလေသောအခါ
၄၂။ ပင်ယံထက်က မြေမခပန်း
၄၃။ ဝက်ပါထဲမှ အလင်းရောင်
၄၄။ ကံကြမ္မာနေ့ခွဲ
၄၅။ ရင်ထဲအသချေ်
**သခုလထွက်မည့်စာအုပ် (ဖေဖော်ဝါရီ ၂၀၁၃)**
**မျက်နှာချင်းဆိုင်လျှဲ**

BURMESE CLASSIC .com

www.burmeseclassic.com